# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့ မှတ်တမ်း

မူကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း | ၄ |
| ၅ | မင်းလှမြို့နေ ပြည်သူများသောက်သုံးရေ လုံလောက်စွာရရှိရန်အတွက် မြစ်ရေတင်ဖြန့်ဖြူးရေးလုပ်ငန်း တစ်ခု ထပ်မံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၆ | သမဝါယမတက္ကသိုလ်(သန်လျင်) ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ဘက်စုံသုံး ခန်းမ(Multi-purpose Hall)အဖြစ် ပြောင်းလဲဆောင်ရွက်ရန်အတွက် ထပ်မံလိုအပ်သော ဘဏ္ဍာငွေကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်း သည့်မေးခွန်း | ၈ |
| ၇ | အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့်စပ်လျဉ်း၍ တိကျစွာ စိစစ်ပြီးမှသာ လုပ်ပိုင်ခွင့်ချထားပေးရန်၊ ယခင်က စိစစ်၍ လုပ်ပိုင်ခွင့်ပေးထားသော ယင်းမြေများသည် လက်တွေ့အားဖြင့် မြေပြင်တွင်စိစစ်ချက်နှင့် ကိုက်ညီခြင်း မရှိကြောင်း တင်ပြလာပါက ပြန်လည် ရုပ်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၈ | ပင်စင်ဝန်ထမ်းများအကြား ရာထူးအဆင့်အလိုက် ပင်စင်ခံစားခွင့် ညီမျှမှုရှိစေရန်နှင့် သက်ကြီးရွယ်အို ပင်စင်စားများအား ၎င်းတို့၏ ဆန္ဒအရ ပင်စင်အပြီးခံစားခွင့်ရှိစေရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၈ |
| ၉ | ပူတာအိုမြို့နယ်အတွင်းရှိ ခရိုင်နှင့်မြို့နယ်စီမံကိန်းရုံးမှာ ၁၉၉၉-၂၀၀၀ တွင် ဒေသထွက်သစ်ပွများဖြင့် တည်ဆောက်ထားပြီး ယခုအခါ ဆွေးပြီး အပျက်အစီးများနေသောကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းရုံးအား အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၄ |

၁၀ ချင်းပြည်နယ်၏ ငွေလုံးငွေရင်းဘဏ္ဍာငွေများကို မြို့နယ်တစ်မြို့နယ် ချင်းစီအလိုက် ခွဲဝေချထားရာတွင် မည်သည့်အချက်အလက်များကို အခြေခံပြီး ခွဲဝေချထားပေးသည်ကို သိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၆

၁၁ စီမံကိန်းဘဏ်(Project Bank)ဆိုင်ရာစီမံချက်များနှင့် စီမံကိန်းများ ချိတ်ဆက်မှု၊ မဟာဗျူဟာမြောက် စီမံကိန်းများ ဖော်ထုတ်မှု၊ ဦးစားပေးအဆင့်များ သတ်မှတ်မှု၊ စီမံကိန်းဘဏ်အတွင်း ထည့်သွင်း၍ ၎င်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရာတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် မည်ကဲ့သို့ ပေါင်းစပ်ဆောင်ရွက်မည်ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့်မေးခွန်း ၃၁

၁၂ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုး တိုးတက်ရေး ကော်မတီ၏ ၂၀၁၁ ခုနှစ်၊ အသေးစား ငွေရေးကြေးရေး လုပ်ငန်း ဥပဒေကို ဥပဒေပြုပြီးနောက် စိစစ်ခြင်းအစီရင်ခံစာ တင်ပြခြင်း ၃၇

၁၃ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏၂၀၁၁ ခုနှစ်၊ အသေးစားငွေရေးကြေးရေး လုပ်ငန်း ဥပဒေကို ဥပဒေပြုပြီးနောက် စိစစ်ခြင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခြင်း ၆၁

၁၄ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ၂၀၁၇ ခုနှစ်၊ မြေသိမ်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်း ထားသည့်ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၆၁

၁၅ ဒေါ်သန္တာ၊ အိမ်မဲမဲဆန္ဒနယ်က စစ်မှန်သော ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရေးအတွက် အလွန်အရေးပါသော အရပ်ဘက် လူထုဆိုင်ရာ ရပိုင်ခွင့်နှင့် နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များကို လေးစားလိုက်နာရန်နှင့် တရားဥပဒေစိုးမိုးမှုရှိစေရန်အတွက် အရပ်ဘက် လူထုဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာရပိုင်ခွင့်များနှင့် သက်ဆိုင်သော နိုင်ငံတကာ သဘောတူ စာချုပ်(International Covenant on Civil and Political Rights-ICCPR)ကို လက်မှတ်ရေးထိုးရန် တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၉၀

၁၆ ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က တင်သွင်းသည့် စိုက်ပျိုးရေး ထွက်ကုန်သီးနှံများ သင့်တင့်မျှတသော ဈေးနှုန်းရရှိရေး ပြည်တွင်း ပြည်ပ ဈေးကွက်များ ရှာဖွေပေးပြီးဈေးကွက်ခိုင်မာမှုရှိသော သီးနှံ များ ၁၀၀

စာရင်းကို ပြည်သူများသိရှိနိုင်ရန် ရာသီအလိုက်ဖြစ်စေ၊ နှစ် အလိုက်ဖြစ်စေ ပွင့်လင်းစွာ ချပြအသိပေးပါရန်နှင့် အရည် အသွေးပြည့်ဝသော ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ထုတ်လုပ် နိုင်ရေး အစိုးရနှင့်ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်း ဆောင်ရွက်နိုင်မည့် အစီအစဉ်များ ရေးဆွဲချမှတ်၍ အကောင် အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

| | | |
|---|---|---|
| ၁၇ | ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်ကတင်သွင်းသည့် အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော် အဆုံးအဖြတ် ရယူခြင်း | ၁၁၆ |
| ၁၈ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး အဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၁၂၃ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# အဋ္ဌမနေ့ အစီအစဉ်

# [ ၂၁-၅-၂၀၁၉ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးကျော်ကြီး(ခ)ဦးအုန်းခင်၊ မင်းလှ မဲဆန္ဒနယ်၏ **မင်းလှမြို့နေ ပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိရန်အတွက် မြစ်ရေတင် ဖြန့်ဖြူးရေး လုပ်ငန်းတစ်ခု ထပ်မံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးလွင်ကိုလတ်၊ သန်လျင် မဲဆန္ဒနယ်၏ **သမဝါယမတက္ကသိုလ် (သန်လျင်) ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ဘက်စုံသုံးခန်းမ (Multi- purpose Hall) အဖြစ် ပြောင်းလဲ ဆောင်ရွက်ရန်အတွက် ထပ်မံလိုအပ်သော ဘဏ္ဍာငွေကို မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၏ **အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ နှင့်စပ်လျဉ်း၍ တိကျစွာ စိစစ်ပြီးမှသာ လုပ်ပိုင်ခွင့်ချထားပေးရန်၊ ယခင်က စိစစ်၍ လုပ်ပိုင်ခွင့်ပေးထားသော ယင်းမြေများသည် လက်တွေ့အားဖြင့် မြေပြင်တွင် စိစစ်ချက်နှင့် ကိုက်ညီခြင်းမရှိကြောင်း တင်ပြလာပါက ပြန်လည်ရုပ်သိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဒေါ်ချိုချိုဝင်း၊ မော်လိုက် မဲဆန္ဒနယ်၏ **ပင်စင်စားဝန်ထမ်းများအကြား ရာထူးအဆင့်အလိုက် ပင်စင်ခံစားခွင့်ညီမျှမှုရှိစေရန်နှင့် သက်ကြီးရွယ်အို ပင်စင်စားများအား ၎င်းတို့၏ ဆန္ဒအရ ပင်စင်အပြီးခံစားခွင့်ရှိစေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမိုးရွှေ၊ ပူတာအို မဲဆန္ဒနယ်၏ **ပူတာအိုမြို့နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်စီမံကိန်းရုံးမှာ ၁၉၉၉–၂၀၀၀ တွင် ဒေသထွက်သစ်ပွများဖြင့် တည်ဆောက်ထားပြီး ယခုအခါ ဆွေးပြီးအပျက်အစီးများနေသောကြောင့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းရုံးအား အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၏ **ချင်းပြည်နယ်၏ ငွေလုံးငွေရင်းဘဏ္ဍာငွေများကို မြို့နယ်တစ်မြို့နယ်ချင်းစီ အလိုက် ခွဲဝေချထားရာတွင် မည်သည့်အချက်အလက်များကို အခြေခံပြီး ခွဲဝေချထားပေးသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်ခင်စန်းလှိုင်၊ ပုလဲ မဲဆန္ဒနယ်၏ **စီမံကိန်းဘဏ် (Project Bank) ဆိုင်ရာ စီမံချက်များနှင့် စီမံကိန်းများချိတ်ဆက်မှု၊ မဟာဗျူဟာမြောက် စီမံကိန်းများ ဖော်ထုတ်မှု၊ ဦးစားပေးအဆင့်များ သတ်မှတ်မှု၊ စီမံကိန်း**

**ဘဏ်အတွင်း ထည့်သွင်း၍ ငွေးစီမံကိန်းများကို အကောင်အထည် ဖော်ဆောင်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် မည်ကဲ့သို့ ပေါင်းစပ်ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၂၀၁၁ ခုနှစ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ဥပဒေပြုပြီးနောက် စိစစ်ခြင်း အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၂၀၁၁ ခုနှစ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ဥပဒေပြုပြီးနောက် စိစစ်ခြင်း အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"၂၀၁၇ ခုနှစ်၊ မြေသိမ်း ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်က **"စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အလွန်အရေးပါသော အရပ်ဘက်လူထုဆိုင်ရာ ရပိုင်ခွင့်နှင့် နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များကို လေးစားလိုက်နာရန်နှင့် တရား ဥပဒေ စိုးမိုးမှုရှိစေရန်အတွက် အရပ်ဘက်လူထုဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များနှင့် သက်ဆိုင်သော နိုင်ငံတကာ သဘောတူစာချုပ် ( International Covenant on Civil and Political Rights- ICCPR ) ကို လက်မှတ် ရေးထိုးရန် တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၀။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၁။ ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်က တင်သွင်းသည့် **"စိုက်ပျိုးရေးထွက်ကုန်သီးနှံများ သင့်တင့်မျှတသော ဈေးနှုန်းရရှိရေး ပြည်တွင်းပြည်ပဈေးကွက်များ ရှာဖွေပေးပြီး ဈေးကွက်ခိုင်မာမှုရှိသော သီးနှံများစာရင်းကို ပြည်သူများ သိရှိနိုင်ရန် ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ပွင့်လင်းစွာ ချပြ အသိပေးပါရန်နှင့် အရည်အသွေးပြည့်ဝသော ဈေးကွက်ဝင် စိုက်ပျိုးရေး ထွက်ကုန်သီးနှံများ ထုတ်လုပ်နိုင်ရေး အစိုးရနှင့် ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ ရေးဆွဲချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၊

(ခ) ဦးသန်းလင်းလင်း၊ မယ်စဲ့ မဲဆန္ဒနယ်၊

(ဂ) ဦးမြင့်ဦး၊ မကွေး မဲဆန္ဒနယ်၊

(ဃ) ဦးစိုင်းမောင်ပွင့်၊ တန့်ယန်း မဲဆန္ဒနယ်၊

(င) ဦးဌေးမင်းသိန်း၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၊

(စ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၊

(ဆ) ဦးခွန်မောင်သောင်း၊ ပင်လောင်း မဲဆန္ဒနယ်၊

၁၂။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## အဋ္ဌမနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်**

**(၂၀၁၉ ခုနှစ်၊ မေလ ၂၁ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး အဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၉၂ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၅၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး (အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ မေလ ၂၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၂ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊

(၂) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၃) ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို ခွင့် ၁ ရက်၊

(၄) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊

(၅) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၄ ရက်၊

(၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ထွန်းမြတ်ရွှေ ခွင့် ၄ ရက်၊

(၈) လပွတ္တာမဲဆန္ဒနယ်မှ ဒေါက်တာအေးကြူ အစည်းအဝေးပြီးဆုံးသည်ထိ၊

(၉) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၁၀) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးဇော်မင်း ခွင့် ၁ ရက်၊

(၁၁) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၄ ရက်၊

(၁၂) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၄ ရက်၊

(၁၃) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး ခွင့် ၁ ရက်၊

(၁၄) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၄ ရက်၊

(၁၅) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၄ ရက်၊

(၁၆) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၄ ရက်၊

(၁၇) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၁၈) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၂ ရက်၊

(၁၉) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း ခွင့် ၁ ရက်၊

(၂၀) ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၄ ရက်၊

(၂၁) ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ခွင့် ၄ ရက်၊

(၂၂) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၁ ရက်၊

(၂၃) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၂ ရက်၊

(၂၄) ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲ့ဒူ ခွင့် ၁ ရက်၊

(၂၅) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၃ ရက်၊

(၂၆) ပင်းတယမဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၁ ရက်၊

(၂၇) တာချီလိတ်မဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၂၈) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၄ ရက်၊

(၂၉) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၄ ရက်၊

(၃၀) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ခွင့် ၄ ရက်၊

(၃၁) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၄ ရက်၊

(၃၂) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၃၃) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း ခွင့် ၁ ရက်၊

(၃၄) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း ခွင့် ၁ ရက်နှင့်

(၃၅) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၄ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၆ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၅ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၄၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မင်းလှမြို့နေ ပြည်သူများသောက်သုံးရေ လုံလောက်စွာရရှိရန်အတွက် မြစ်ရေတင်ဖြန့်ဖြူးရေးလုပ်ငန်း တစ်ခု ထပ်မံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး(ခ)ဦးအုန်းခင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ကြီး(ခ)ဦးအုန်းခင်(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကြီး(ခ)ဦးအုန်းခင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ် ပြည်သူများသောက်သုံးရေ လုံလောက်စွာရရှိစေရန် မြစ်ရေတင်ဖြန့်ဖြူးရေးလုပ်ငန်းတစ်ခု ထပ်မံ၍ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းအား မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်ဟာ မြို့ပေါ်(၆)ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပြီး အိမ်ခြေပေါင်း ၂၇၀၀ ရှိပါတယ်။ လူဦးရေ ပေါင်း ၁၁၁၄၀ ဦးရှိပါတယ်။ ကျွန်တော့်တို့ရဲ့မြို့ဟာ ဧရာဝတီမြစ်ကမ်းနဘေးမှာ တည်ရှိတဲ့မြို့ ဖြစ်ပါတယ်။ ရေနံ၊ ကျောက်မီးသွေး၊ ကျောက်စလစ်စတဲ့ သယံဇာတတွေပေါကြွယ်ဝတဲ့မြို့လည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူများသောက်သုံးရေပေးဝေရေးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်း အိမ်သွယ်ရေတိုင်ရေငုတ်ပေးနိုင်မှုမှာ ရေတိုင်ပေါင်း ၈၄၁ တိုင်နှင့် အများသုံးရေတိုင် ၄၇ တိုင်သာ ရေဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။ အိမ်ခြေ ၂၇၀၀ အား လွှမ်းခြုံမှု မရှိကြောင်းတွေ့ရပါတယ်။ ကျွန်တော့်အား Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ဒါကတော့ ဧရာဝတီမြစ်ကမ်းဘေးမှာရှိတဲ့ မင်းလှမြို့ရဲ့ ကမ်းနဖူးပုံဖြစ်ပါတယ်။ ဒါကတော့ မင်းလှမြို့ရဲ့ တည်ရှိနေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က

မြစ်ရေတင်စက်ရုံနဲ့ မြို့ထဲကို တစ်မြို့လုံးရေဖြန့်ဝေရေးအတွက် လုပ်ဆောင်ထားတဲ့နေရာဖြစ်ပါတယ်။ ဒါကတော့ တစ်မြို့လုံးကို ရေဖြန့်ဝေပေးဖို့ မြစ်ထဲကနေတွန်းတင်တဲ့ Poonton စက်ရုံတည်ဆောက်ထားတဲ့ နေရာဖြစ်ပါတယ်။ ဒါကတော့ အဲဒီမြစ်ထဲကနေ ရေတွေကိုတွန်းတင်လိုက်တဲ့အခါမှာ ပင်မ ရေသိုလှောင်ကန်ကိုမရောက်ခင်မှာ ထပ်ဆင့်တွန်းရေလှောင်ကန်နဲ့ တစ်ဆင့်ထပ်တွန်းနေရတဲ့ စက်ရုံပဲ ဖြစ်ပါတယ်။ ဒါကတော့ မြို့ရဲ့ထိပ်ဆုံးမှာရှိတဲ့ မင်ပရေလှောင်ကန်ဖြစ်ပါတယ်။ အဲဒီပင်မရေလှောင်က နေပြီးမှ ပြည်သူတွေထံကိုရေဖြန့်ဝေပေးလိုက်တဲ့အခါမှာ ပြည်သူတွေကအဲဒီလိုပဲ အခုမြင်နေရတဲ့ အတိုင်း ငါးဂါလံပုံးတစ်ပုံးရဖို့ကို တန်းစီစောင့်နေရတဲ့အနေအထားမျိုး ဖြစ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပြည်သူများ သောက်သုံးရေပေးဝေရေးကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးတော့ မြို့ပေါ်ကိုရေလွှမ်းခြုံမှုမရှိတာကြောင့် မြို့ပေါ်ရပ်ကွက်(၆) ရပ်ကွက်မှာ တစ်ရက်ခြားစီအလှည့်ကျဖြင့် ဖြန့်ဝေနေရပါတယ်။ ဖြန့်ဝေပေးတဲ့အချိန်နာရီကလည်း တစ်နာရီ၊ တစ်နာရီခွဲခန့်သာ ပေးဝေနိုင်ပါတယ်။ သွယ်တန်းထားတဲ့ရေပိုက်များ၊ သွယ်တန်းမှုစနစ်များ၊ ရေလှောင်ကန်များဟာ ၁၉၇၂ ခုနှစ် ၁၉၇၃ ခုနှစ်ပတ်ဝန်းကျင်လောက်က တည်ဆောက်ခဲ့တဲ့ သံပိုက် များ၊ ရေသွယ်စနစ်များဖြစ်တာကြောင့် မြို့ပေါ်ရပ်ကွက်အားလုံးကို လွှမ်းခြုံမှုမရှိပါ။ ကျွန်တော့်အနေ ဖြင့် ရေလိုအပ်ချက်ဟာ တစ်နေ့ကိုရေဂါလံပေါင်း ၂၉၇၀၀၀ လိုအပ်မှာဖြစ်ပြီးတော့ ဖြန့်ဝေပေးနိုင်မှု ဟာ ၂၂၈၆၀၀ ဂါလံသာရရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ သောက်သုံးရေဖူလုံရင် ပြည်သူအများ ကျန်းမာရေးကောင်းမွန်တိုးတက်လာ နိုင်သလို ပြည်သူ့လုပ်အားတွေလည်း တိုးတက်လာမှာဖြစ်ပါတယ်။ ကျန်းမာရေးကုန်ကျစရိတ်လည်း လျော့ကျသွားမှာဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေဖြင့် စည်ပင်သာယာရေးအမှုဆောင်အရာရှိ၊ စည်ပင်ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်မိရပ်ဖများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်တိုင်ပင်ညှိနှိုင်း ဆွေးနွေးခဲ့ရာမှာ နောက်ထပ်မြစ်ရေတင်တစ်ခု ရေလှောင်ကန်များ၊ သွယ်တန်းမှုများ တိုးချဲ့ဆောင်ရွက် မှသာလျှင် သောက်သုံးရေလွှမ်းခြုံမှုရရှိနိုင်ကြောင်း တင်ပြလာပါတယ်။ ကုန်ကျငွေအားဖြင့် ခန့်မှန်းခြေ သိန်း ၂၀၀၀ ခန့်ကုန်ကျမယ်လို့ စည်ပင်အင်ဂျင်နီယာတွက်ချက်မှုအရ သိရှိရပါတယ်။ မြို့တော်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်းလည်း တင်ပြလာပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point မှာတင်ပြခဲ့သလို ရောဝတီမြစ်ကမ်း

နဘေးမှာ တည်ရှိနေတဲ့မြို့ သယံဇာတပေါကြွယ်ဝတဲ့မြို့ ပြည်သူများသောက်သုံးရေမလုံမလောက် အခက်အခဲဖြစ်နေရခြင်းမှာ လုံးဝမဖြစ်သင့်ကြောင်း သုံးသပ်ရရှိပါတယ်။ ကျွန်တော်တို့မြို့ဟာ တိုင်းဒေသကြီးရန်ပုံငွေနဲ့ ၂၅ မြို့နယ်မှာ နိုင်ငံတော်အခွန်ဘဏ္ဍာအများဆုံး ဦးဆောင်ထားတဲ့မြို့လည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူများသောက်သုံးရေ လုံလောက်မှုရှိစေရန် တိုးချဲ့မြစ်ရေတင်ဖြန့်ဖြူးရေး တစ်ခု ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများ ကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေး တိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကြီး(ခ)ဦးအုန်းခင် ရဲ့မေးခွန်းအပေါ် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားပေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နေ ပြည်သူများသောက်သုံးရေ လုံလောက်စွာရရှိဖို့ မြစ်ရေတင်ဖြန့်ဖြူးရေးလုပ်ငန်းတစ်ခု ထပ်မံပြီး ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းထားမှု ဖြစ်ပါတယ်။ မကွေးတိုင်းဒေသ ကြီး၊ သရက်ခရိုင်၊ မင်းလှမြို့ဟာ ဧရာဝတီမြစ်ကမ်းပါးမှာတည်ရှိတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ မြို့ပေါ် ရပ်ကွက် (၆)ရပ်ကွက်၊ အိမ်ခြေ ၂၇၀၀၊ လူဦးရေ ၁၁၁၄၀ ဝန်းကျင် နေထိုင်လျက်ရှိပြီးတော့ မြို့ပေါ်ရပ်ကွက်နေ ပြည်သူတွေအတွက် သောက်သုံးရေကို မူလမန်းသံပုရာကန် ရေနံချက်စက်ရုံမှ ပေးဝေခဲ့ပါတယ်။ နောက်ပိုင်းရေလုံလောက်မှုမရှိတဲ့အတွက် မင်းလှမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှအဖွဲ့ပိုင် မြစ်ရေတင်မြို့ရေပေးရေးလုပ်ငန်းကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်ထိ ဆောင်ရွက်ခဲ့ပြီးတော့ မြို့ပေါ်ရပ်ကွက်(၆)ရပ်ကွက်ကို အိမ်သွယ်ရေတိုင် (၈၄၁) တိုင်၊ အများသုံးရေတိုင် (၄၇) တိုင်ဖြင့် သောက်သုံးရေဖြန့်ဝေပေးခဲ့ပြီး ရပ်ကွက်နေပြည်သူများ အနေနဲ့ ကလည်း မိမိအစီအစဉ်နှင့် ပုဂ္ဂလိကစက်ရေတွင်း ၆၈၄ တွင်းရဲ့ တွင်းရေနဲ့သုံးစွဲခဲ့ရာမှာ မြို့ပေါ် ရေပေးဝေရေးဟာ လွှမ်းခြုံမှုအားဖြင့်တော့ ၇၇ ရာခိုင်နှုန်းသာ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ မြို့ရဲ့ဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့ပြင်ရပ်ကွက်တွေ တိုးချဲ့လာမှု တိုးချဲ့အိမ်ခြေများနှင့် မြို့နေပြည်သူများ ရာနှုန်းပြည့်သောက်သုံးရေ လွှမ်းခြုံနိုင်စေဖို့အတွက် မြို့ရေပေးရေးလုပ်ငန်းတစ်ခု ထပ်မံတိုးချဲ့ဆောင်ရွက်ရန်လိုအပ်မှာ ဖြစ်ကြောင်း သိရှိရပါတယ်။ ကုန်ကျငွေခန့်မှန်းခြေစာရင်းတွက်ချက်ရာမှာ ကျပ်သန်း ၂၀၀ ခန့်ကုန်ကျမှာဖြစ်ပါတယ်။ ယခုလုပ်ငန်းဟာ မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ စီမံခန့်ခွဲမှုနှင့်ဆောင်ရွက်တဲ့ လုပ်ငန်းဖြစ်တဲ့အလျှောက် မင်းလှမြို့အနေနဲ့ကလည်းပဲ စည်ပင်သာယာရေးအဖွဲ့ဟာ ဖွဲ့စည်းပုံ (ဃ) အဆင့်သာရှိပြီး ဘတ်ဂျက်ဝင်ငွေနည်းပါတဲ့မြို့တစ်မြို့ဖြစ်ကြောင်း ဖြေကြားထားမှုရှိပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဘဏ္ဍာငွေအနေအထားအရ မြို့ပြရေပေးရေးလုပ်ငန်း မွမ်းမံအတွက် ကျပ် ၀.၃၅ သန်းလျာထားကြောင်း သိရပါတယ်။ တိုးချဲ့မြို့ရေပေးရေးဆောင်ရွက်ဖို့အတွက် အဖွဲ့ရန်ပုံငွေ လုံလောက်မှုမရှိတဲ့အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေနဲ့ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်းလည်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့လည်း လက်ရှိဘဏ္ဍာရေးအခြေအနေအရ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖြေကြားချက်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**သမဝါယမတက္ကသိုလ်(သန်လျင်) ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ဘက်စုံသုံးခန်းမ(Multi-purpose Hall)အဖြစ် ပြောင်းလဲဆောင်ရွက်ရန်အတွက် ထပ်မံလိုအပ်သော ဘဏ္ဍာငွေကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလွင်ကိုလတ်(သန်လျင်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ သန်လျင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်ဖြစ်ပါတယ်။ ကျွန်တော်မေးသွားမယ့် မေးခွန်းကတော့ သန်လျင်မြို့မှာရှိတဲ့ သမဝါယမတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ဘက်စုံသုံးခန်းမအဖြစ် ပြောင်းလဲဆောင်ရွက်ရန်အတွက် ထပ်မံလိုအပ်တဲ့ဘဏ္ဍာငွေကို မည်သည့်ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်သွားမလဲ ဆိုတာနဲ့ပတ်သက်ပြီး မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ ကျွန်တော်တို့ သန်လျင်မြို့မှာရှိတဲ့ သမဝါယမတက္ကသိုလ်ဟာ

အရင်တုန်းက သမဝါယမကောလိပ်အနေနဲ့ စခဲ့တာပါ။ နောက်ပိုင်းမှာ ကျောင်းသားတွေကနေပြီးတော့ ဒီကျောင်းအပေါ်မှာ စိတ်ဝင်စားမှု ပိုမိုများပြားလာတဲ့အတွက်ကြောင့်မို့လို့ အခုဆိုလို့ရှိရင် သမဝါယမတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပြီးတော့ သင်ကြားနေတာတွေ့ရပါတယ်။ ကျွန်တော်သွားပြီး လေ့လာတဲ့အခါမှာလည်းပဲ သမဝါယမတက္ကသိုလ်က ကျောင်းဆင်းတဲ့ကျောင်းသားတွေဟာ ၈၀ ရာခိုင်နှုန်းလောက် အလုပ်အကိုင်အခွင့်အလမ်းရတာကိုလည်း တွေ့ရပါတယ်။ နောက်ပြီးတော့ စတင်တည်ဆောက်စဉ်ကာလကနဲ့ မတူဘဲနဲ့ အခုဆိုလို့ရှိရင်လည်း နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း အရှိန်အဟုန်မြှင့်ပြီးတော့ ဆောင်ရွက်နေတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒီကျောင်းသားတွေက ကျောင်းပြီးတဲ့အခါကျလို့ရှိရင် ဘွဲ့နှင်းသဘင်ခန်းမ မရှိတဲ့အတွက်ကြောင့်မို့လို့ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကိုသွားပြီးတော့ ဘွဲ့ယူကြရပါတယ်။ သို့သော်လည်းပဲ ၂၀၁၅-၂၀၁၆ ခုနှစ်လောက်ကစပြီးတော့ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတစ်ခု တည်ဆောက်ပါတယ်။ ဒါပေမဲ့ အဲဒီကာလကနေ ဒီနေ့အချိန်အထိ သမဝါယမဒီဂရီကောလိပ်မှာရှိနေတဲ့ ဘွဲ့နှင်းသဘင်ခန်းမ မပြီးပါဘူး။ မပြီးတော့ ကျွန်တော်က မေးပါတယ်။ ဆရာမတို့ ဘာဖြစ်လို့ ဒီဥစ္စာကမပြီးတာလဲဆိုတော့ ဘတ်ဂျက်ချထားမှုနည်းတာရယ်၊ နောက်တစ်ခုကကျတော့ ဘွဲ့နှင်းသဘင်ခန်းမအဖြစ် မသုံးဘဲနဲ့ ဒီလောက်ကောင်းတဲ့အဆောက်အဦကြီးကို ဘက်စုံခန်းမအဖြစ် ပြောင်းလဲပြီးတင်ပါလို့ ပြောတယ်ဆိုတဲ့အသံလည်း ကျွန်တော်ကြားပါတယ်။ ကျွန်တော်သွားကြည့်တဲ့အခါကျတော့ ဒီခန်းမကြီးက Structure ပိုင်း ကတော်တော်ပြီးနေပါပြီ။ သို့သော် အတွင်းမှာရှိတဲ့ Decoration ပိုင်းတွေကို ဆင်ဖို့အတွက် ဆင်ထားတဲ့ပြမ်းတွေဟာ လေးနှစ်တာကာလအတွင်းထဲကို ရောက်တဲ့အခါမှာ ဒီပြမ်းတွေရဲ့ကြံ့ခိုင်မှုကလည်း မေးခွန်းထုတ်စရာဖြစ်တဲ့အခြေအနေကိုလည်း ရောက်နေပြီဆိုတာ ကျွန်တော်တို့တွေ့ရပါတယ်။ နောက်တစ်ခုကကျတော့ တချို့အခန်းတွေက ပါကေးခင်းပြီးသားတွေ။ ကျွန်တော်သွားကြည့်တဲ့အချိန်မှာ အဲဒီပါကေးတွေအားလုံးက ဆွေးမြည့်ပြီးလန်နေပြီ။ ဒါကြောင့်မို့လို့ ကျွန်တော်က ဒီမေးခွန်းမေးရခြင်း ဖြစ်ပါတယ်။ ဒီခန်းမကို ပြီးစီးအောင်သာလုပ်လိုက်မယ်ဆိုလို့ရှိရင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာအဖွဲ့အစည်းတွေ ဒီဘက်စုံခန်းမကိုရွှေ့ရင် ဟိုဘက်မှာရှိတဲ့ ပင်မဆောင်တွေက သင်ကြားရေးအတွက်လည်းပဲ အခန်းတွေပိုပြီးထွက်လာမယ်ဆိုတာကိုလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ နောက်ပြီးတော့ ဒီ ဘွဲ့နှင်းသဘင်နဲ့ပတ်သက်ပြီးတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ထည့်ပြီးတောင်းတုန်းကလည်း ၃၆ သန်းပဲပါပါတယ်။ အဲဒါကို ကျေးလက်ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဆရာဦးရန်လင်းကနေပြီးတော့ ဒီ ၃၆ သန်းတည်းပေးလို့ကတော့ ဘာမှသိပ်ပြီးထိရောက်မှာမဟုတ်ဘူး။

ဒါ့ကြောင့် ဒီ ၃၆ သန်းကို ဖြတ်တောက်ပြီးတော့ လာမယ့်ဘတ်ဂျက်နှစ်မှာ ဒါကိုအသုံးပြုလို့ရအောင်၊ ပြီးစီးအောင် ဘတ်ဂျက်တင်ပေးဖို့ဆိုပြီးတော့ ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာလည်း ဒီဥစ္စာကိုဖြတ်ခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်တော်မေးချင်တဲ့မေးခွန်းက ဘက်စုံခန်းမအဖြစ် ပြုပြင်ပြောင်းလဲပြီးတော့ မြန်မြန် ဆောင်ရွက်မှသာလျှင် ပျက်စီးယိုယွင်းနေတာတွေကိုလည်း ထိန်းသိမ်းမယ်၊ အသုံးပြုမှုလည်း ရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီဘက်စုံခန်းမကြီးကို ဘယ်ဘဏ္ဍာရေးနှစ်မှာ ဘဏ္ဍာငွေထည့်သွင်းပြီးတော့ ပြီးစီးအောင်ဆောင်ရွက်မလဲဆိုတာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးက နေတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်ရဲ့ သမဝါယမတက္ကသိုလ် သန်လျင်ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ဘက်စုံသုံးခန်းမ (Multi-purpose Hall)အဖြစ် ပြောင်းလဲဆောင်ရွက်ဖို့အတွက် ထပ်မံလိုအပ်တဲ့ဘဏ္ဍာငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်နဲ့ လတ်တလောမရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်မှာ ပြီးစီးအောင် ဆောင်ရွက်ပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဆက်လက်ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သမဝါယမတက္ကသိုလ် သန်လျင်ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေကျပ် ၁၃၀၈.၀၁၅ သန်းနဲ့ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာမှာ လုပ်ငန်းတစ်ခုလုံးရဲ့ ၂၄ ရာခိုင်နှုန်းပြီးစီးနေတဲ့ အခြေအနေဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေ ကျပ် ၂၁၀၀ သန်းကျော်နဲ့ လုပ်ငန်းတစ်ခုလုံးရဲ့ ၃၈ ရာခိုင်နှုန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေကျပ် ၄၂.၆၆၅ သန်းနဲ့ လုပ်ငန်းတစ်ခုလုံးရဲ့ ၀.၇၆ ရာခိုင်နှုန်း၊ နှစ်အလိုက်ရန်ပုံငွေခွင့်ပြုမှုနှင့်အညီ ဆောင်ရွက်ခဲ့ရာမှာ လုပ်ငန်းတစ်ခုလုံးရဲ့ အနေအထားအားဖြင့် စုစုပေါင်း ၆၃ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးတဲ့ အခြေအနေဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ လုပ်ငန်းပြီးစီးဖို့ လိုအပ်တဲ့ပမာဏငွေ

ကျပ် ၂၀၇၄.၇၉၆ သန်းကို တောင်းခံသော်လည်းပဲ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေဘောင်သတ်မှတ်ချက်အရ ငွေကျပ် ၁၇၁၂.၅၀၄ သန်းလျှော့ချပြီး ကျန်ငွေ ၃၆၂.၂၉၂ သန်းကို ပြင်ဆင်တောင်းခံမှုရှိပါတယ်။ အဲဒီလိုပြင်ဆင်တောင်းခံတဲ့ရန်ပုံငွေနဲ့ လုပ်ငန်းများပြီးအောင်ဆောင်ရွက်နိုင်မှာမဟုတ်တဲ့အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှ စိစစ်ဖြတ်တောက်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်ခြင်းထက် တက္ကသိုလ်အတွက် အသုံးပြုနိုင်မှ ပိုမိုအဆင်ပြေနိုင်မှာဖြစ်တဲ့ ဘက်စုံသုံးခန်းမအဖြစ် ပြောင်းလဲတည်ဆောက်သွားဖို့ရှိမှာဖြစ်ပါတယ်။ တွက်ချက်မှုအရ လိုအပ်ငွေဟာ ကျပ်သန်း ၂၁၃၉.၆၈ သန်းဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ RE တောင်းခံချိန်မှာ အဆိုပါကာလမှာ စတင်ဆောင်ရွက်ရန်လိုအပ်မယ့် ငွေကျပ် ၉၃၇.၃၈ သန်းကို တောင်းခံခဲ့သော်လည်းပဲ ဖြည့်စွက်ရန်ပုံငွေခွင့်ပြုနိုင်မှုအကန့်အသတ်ရှိတဲ့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်း BE မှာ လိုအပ်ချက်ကို တင်ပြတောင်းခံနိုင်ရေး ဆောင်ရွက်ခဲ့ပါတယ်။ သို့ဖြစ်တဲ့အတွက် ဘက်စုံသုံးခန်းမတည်ဆောက်ဖို့ အသုံးပြုမယ့်ငွေကျပ် သန်း ၂၁၃၉.၆၈၀ အနက်မှ ငွေကျပ်သန်း ၁၂၀၂.၃ သန်းကို ယခုလာမယ့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မူလငွေလုံးငွေရင်းအသုံးစရိတ် ခန့်မှန်းခြေငွေစာရင်း BE မှာတင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။ လုပ်ငန်းများအပြီးသတ်ဆောင်ရွက်နိုင်ဖို့အတွက် ကျန်ရှိတဲ့ ရန်ပုံငွေကျပ် ၉၃၇.၃၈ သန်းကိုတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ဆက်လက်တောင်းခံပြီး လုပ်ငန်းများပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးလွင်ကိုလတ်(သန်လျင်မဲဆန္ဒနယ်)**။ ။ အခုလိုမျိုး ဖြေကြားပေးသွားတဲ့ ဒုတိယဝန်ကြီးကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော် နည်းနည်းလေးဆက်စပ်မေးခွန်း ထပ်ပြီးတော့ မေးချင်တာက စီမံကိန်းတွေအကောင်အထည်ဖော်တဲ့အခါမှာ Timeline Implementation လို့ခေါ်တဲ့ သတ်မှတ်အချိန်အတွင်းမှာ ပြီးစီးအောင်အကောင်အထည်ဖော်ရမယ် ဆိုတာမျိုးတွေရှိပါတယ်။ အဲဒီလိုမဟုတ်ဘဲနဲ့ ပိုပြီးကြန့်ကြာလေလေ အဆောက်အဦတွေရဲ့ ကြံ့ခိုင်မှုနဲ့အရည်အသွေးတွေဟာ ပိုပြီးတော့ ထိခိုက်လေလေပဲဖြစ်ပါတယ်။ အခုလည်းပဲ ကျန်တဲ့ဘတ်ဂျက်ငွေ နှစ်ဘီလီယံကျော်ကျော်ကို

နှစ်ပိုင်းခွဲပြီးတင်နေတာမျိုးနဲ့ လုပ်မယ့်အစား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကျန်တဲ့ နှစ်ဘီလီယံကျော်ကို တစ်လုံးတည်းတစ်ရင်းတည်း တင်လို့မရနိုင်ဘူးလား။ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနနဲ့ ဘဏ္ဍာရေးကော်မရှင်ဘက်က မဖြတ်တောက်ခင်မှာပဲ ဌာနဘက်ကနေပြီးတော့ အဲဒီလို နှစ်နှစ်ခွဲတင်နေပြီဆိုလို့ရှိရင်တော့ ဒီအဆောက်အဦဟာ နောက်ထပ်နှစ်နှစ်လောက် ထပ်ကြာမယ်ဆို တည်ဆောက်တဲ့ကာလဟာ ခြောက်နှစ်ကျော်ကျော်ထဲကို ဝင်သွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ တစ်ဆက်တစ်စပ်တည်းမေးချင်တာက ၂၀၁၉-၂၀၂၀ ဘတ်ဂျက်ထဲမှာပဲ အပြီးအစီးလုပ်နိုင်မယ့် နှစ်ဘီလီကျော်ကျော်ကို တစ်ပါတည်းတောင်းယူနိုင်ခြင်း၊ တင်ပြနိုင်ခြင်းရှိ/မရှိ မေးမြန်းခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းကို ပြန်လည်ရှင်းလင်းဖြေကြားပါ့မယ်။ မိမိတို့ လာမယ့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေခွဲဝေဆောင်ရွက်တဲ့အခါမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ကနဦးသတ်မှတ်ပေးတဲ့ ဘတ်ဂျက်ဘောင်စဉ်ရဲ့အောက်မှာ လုပ်ငန်းဌာန အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မယ့် တည်ဆောက်ရေးလုပ်ငန်း၊ ပစ္စည်းဝယ်ယူရေးလုပ်ငန်း စသဖြင့် အရေးကြီးတဲ့ Parity ပေါ်မှာမူတည်ပြီးတော့ ဘဏ္ဍာရန်ပုံငွေကို ခွဲဝေလျာထားဆောင်ရွက် မှုရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို နှစ်ချင်းပြီးဆောင်ရွက်သွားဖို့ကတော့ သင့်တယ် ဆိုပင်ဆိုငြားသော်လည်း ဘဏ္ဍာရန်ပုံငွေအရ တစ်ဖက်မှာပုံပြီးတော့ ပေးလိုက်မယ်ဆိုရင် အခြား တစ်ဖက်မှာ လျော့ပါးသွားမယ့်အနေအထားမျိုးလည်း ရှိတဲ့အလျောက် နောက် လုပ်ငန်းရဲ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့်ကာလနဲ့ လုပ်ငန်းပြီးစီးနိုင်မယ့်အခြေအနေပေါ် ချင့်ချိန် ပြီးတော့မှ နှစ်နှစ်ခွဲခြမ်းပြီး ရန်ပုံငွေကိုတင်ပြတောင်းခံဆောင်ရွက်သွားမယ့် အခြေအနေဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့်စပ်လျဉ်း၍ တိကျစွာ စိစစ်ပြီးမှသာ လုပ်ပိုင်ခွင့်ချထားပေးရန်၊ ယခင်က စိစစ်၍ လုပ်ပိုင်ခွင့်ပေးထားသော ယင်းမြေများသည်**

**လက်တွေ့အားဖြင့် မြေပြင်တွင်စိစစ်ချက်နှင့် ကိုက်ညီခြင်းမရှိကြောင်း တင်ပြလာပါက ပြန်လည်ရုပ်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီးမှ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီက လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးလိုက်တဲ့မြေများဟာ အစိုးရကစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများဖြစ်သော်လည်း အဆိုပါမြေများဟာ တောနိမ့်တောပျက်များ၊ ဖုန်းဆိုးတောမြေများ ပယ်ဖျက်ပြီး ကြိုးဝိုင်းသစ်တောမြေများမဟုတ်ဘဲနဲ့ သစ်တောများဖုံးလွှမ်းလျက်ရှိတဲ့ သစ်လုံးများထုတ်ယူနိုင်တဲ့ သစ်တောတွေဖြစ်နေကြပါတယ်။ Power Point ဖြင့်တင်ပြခွင့်ပြုပါ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ Slide ကတော့ ၂၀၁၀-၂၀၁၁ ခုနှစ်ကစစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်အတွင်း ဗဟိုကော်မတီကလုပ်ပိုင်ခွင့်ပြုခဲ့တဲ့ စာရင်းဖြစ်ပါတယ်။

ဒီဇယားမှာ လုပ်ပိုင်ခွင့်ပြုတဲ့ ကွင်းအမှတ်လို့ဆိုတဲ့နေရာမှာ ကွင်းပြင်များလို့ပါရှိပါတယ်။ လက်တွေ့မှာတော့ အဲဒီနေရာတွေဟာ ကွင်းပြင်တွေမဟုတ်ဘဲနဲ့ သစ်တောဖုံးလွှမ်းနေတဲ့ နေရာတွေသာဖြစ်ပါတယ်။ အားလုံးပေါင်းဧကတစ်သိန်းကျော်ရှိပါတယ်။ ဒီ Slide မှာကတော့ ကုမ္ပဏီတစ်ခုက စိုက်ပျိုးထားတဲ့ ဧက ၅၀၀ ယူကလစ်စိုက်ခင်းဖြစ်ပါတယ်။ စန္ဒားကြိုးပြင်ခုတ်ကွက်ကြီး ၃ လို့ ရေးထားတာကိုတွေ့ရပါတယ်။ သစ်တောကိုအပြောင်ရှင်းပြီးမှ စိုက်ထားတာဖြစ်ပါတယ်။ ဒါကတော့ ယူကလစ်ပင်တွေကြားမှာ သစ်ငုတ်တွေကိုကြည့်ခြင်းအားဖြင့် ဒီနေရာဟာ သစ်လုံးကြီးတွေ ထုတ်ယူနိုင်တဲ့သစ်တောတွေဖြစ်တယ်ဆိုတာကို သိသာပါတယ်။ ဒါကတော့ သစ်တောကိုအပြောင်ရှင်းပြီး စိုက်ထားတဲ့စိုက်ခင်းဘေးမှာ သဘာဝတောထိန်းထားခဲ့တဲ့ သစ်ပင်တွေရဲ့အနေအထားဖြစ်ပါတယ်။ ဒီလိုကျန်ခဲ့တဲ့ သစ်ပင်ကြီးတွေရဲ့ အနေအထားကိုကြည့်မယ်ဆိုရင် အပြောင်မရှင်းခင်က တည်ရှိနိုင်တဲ့ သစ်တော၊ သစ်ပင်တွေရဲ့အခြေအနေကို မှန်းဆသိမြင်နိုင်ပါတယ်။ ဒီ Slide မှာလည်း အတူတူပါပဲ။

ဒါကတော့ အပြောင် ရှင်းလိုက်တဲ့သစ်တောဧက ၅၀၀ ကနေပြီးမှ ထုတ်ယူထားတဲ့ သစ်တန် ၈၀၀၀ ကို စုပုံထားတာဖြစ်ပါတယ်။ ဒီသစ်တွေကို စုပုံဖို့နောက်ထပ် သစ်တောဧက ၄၀ ကို ထပ်ပြီး အပြောင်ရှင်းရပြန်ပါတယ်။ ဒီလိုနဲ့ ၂ ပေနှင့်အထက်အပင်တွေကို သစ်လုံးတွေအဖြစ်ထုတ်ယူပြီးတဲ့ နောက် ကျန်နေတဲ့ ၂ ပေနှင့် အောက်အပင်များကို အပြောင်ခုတ်ထွင်ရှင်းလင်းမီးရှို့လိုက်ခြင်းအားဖြင့် မကြာခင်မှာ သစ်ထုတ်ယူနိုင်မယ့် ၂ ပေနှင့်အောက်အပင်ပေါင်း မြောက်မြားစွာကို ဆုံးရှုံးလိုက်ရသည့် အပြင် ဂေဟစနစ်ဟာလည်း တမဟုတ်ခြင်းပျက်စီးသွားပါတယ်။ ဒီ Slide ကတော့ ၂၀၁၈-၂၀၁၉ ခုနှစ် အတွင်း စိုက်ပျိုးမြေအတွက် အပြောင်ရှင်းမည့်စာရင်းဖြစ်ပါတယ်။ အပြောင်ရှင်းမည့်ဧရိယာဧကနှင့် သစ်တောဦးစီးဌာနက ပင်တောင်ရိုက်မှတ်ထားတဲ့ အပင်ရေနှင့် ထွက်ရှိမယ့်ခန့်မှန်းသစ်တန်တွေကို ဖော်ပြထားတာဖြစ်ပါတယ်။

ဒီ Slide မှာကတော့ ဖောင်းပြင်မြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ခုနှစ်မှာ အပြောင်ရှင်းမယ့် သစ်တောဧရိယာ ၃၇၀ မှာပါဝင်တဲ့ သစ်ပင်အမျိုးအစားတွေနဲ့ အပြောင်းရှင်းမယ့်သစ်တောဧရိယာ ၁၃၀၀ မှာပါဝင်တဲ့ သစ်ပင်အမျိုးအစားတွေဖြစ်ပါတယ်။ ကျွန်း၊ ယမနေ၊ အင်၊ ကညင်၊ ထောက်ကြံ့၊ သတီ၊ စစ်စေး၊ ယင်းမာ၊ ဇင်ပွန်း၊ စကပ်စတဲ့ သဘာဝပေါက်ပင်တွေအများကြီး ပါဝင်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းနှင့်ပတ်သက်ပြီးမှ အချက်လေးချက်ကို တွေ့ရှိပါတယ်။ လက်တွေ့အားဖြင့် ဒီသစ်တောတွေဟာ ကျေးလက်နေပြည်သူများ စားဝတ်နေရေးအတွက် မှီခိုအားထားနေရတဲ့သစ်တောများဖြစ်တယ်ဆိုတာလည်း တစ်ချက်ပါ။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒေသတွေမှာ တရားဝင်ဝယ်ယူရရှိနိုင်တဲ့ သစ်ဆိုင်တွေ၊ သစ်စက်တွေမရှိတဲ့အတွက် ဒေသတွင်းပြည်သူများဟာ မိမိသုံး၊ လယ်ယာလုပ်ငန်းသုံး၊ ငါးဖမ်းလုပ်ငန်းသုံး၊ ဘာသာရေးသုံး၊ အများပြည်သူသုံး စသဖြင့် ထုတ်ယူသုံးစွဲဖို့ သစ်တောဥပဒေက ခွင့်ပြုထားတာကလည်း ဒီသစ်တောတွေပဲဖြစ်ပါတယ်။ ဒီသစ်တောများကပဲ ဂေဟစနစ်ကိုထိန်းသိမ်းပေးပါတယ်။ ပြီးတော့ ဗဟိုကော်မတီကလုပ်ပိုင်ခွင့်ပေးထားတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဟာ ကွင်းပြင်များမဟုတ်ဘဲ သစ်ထုတ်ယူရရှိနိုင်တဲ့ သစ်တောများဖြစ်နေလို့ တိကျစွာစိစစ်ထားခြင်းမရှိသောကြောင့် မြေပြင်အခြေအနေနှင့်ကိုက်ညီခြင်းမရှိတဲ့အတွက် ဤကဲ့သို့မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးမှုအားလုံးကို ပြန်လည်သုံးသပ်ပြီးမှ ရုပ်သိမ်းပေးရန်အစီအစဉ်ရှိ/မရှိ ပြည်သူလူထုကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေရဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနှင့် စပ်လျဉ်း၍ သစ်တောဖုံးလွှမ်းလျက်ရှိတဲ့ အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ အဆိုပါမြေတွေကို (၁) တိကျစွာစိစစ်ပြီးမှသာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်ချထားပေးနိုင်ခြင်းရှိ/မရှိ၊ (၂) ယခင်ကစိစစ်ပြီး လုပ်ပိုင်ခွင့်ပေးထားတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဟာ လက်တွေ့အားဖြင့် မြေပြင်မှာ စိစစ်ချက်နှင့်ကိုက်ညီခြင်းမရှိကြောင်း တင်ပြလာမယ်ဆိုရင် ပြန်လည်ရုပ်သိမ်းပေးရန်နှင့်စပ်လျဉ်း၍ တိကျစွာ စိစစ်ပြီးမှသာ လုပ်ပိုင်ခွင့်ချထားပေးရန်၊ ယခင်က စိစစ်၍ လုပ်ပိုင်ခွင့်ပေးထားသော ယင်းမြေများသည် လက်တွေ့အားဖြင့် မြေပြင်တွင် စိစစ်ချက်နှင့် ကိုက်ညီခြင်းမရှိကြောင်း တင်ပြလာပါက ပြန်လည်ရုပ်သိမ်းပေးနိုင်ခြင်းရှိ/မရှိတို့နှင့် စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေနှင့်အညီ စီမံဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပါမယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးအနေနဲ့ သစ်တောကို အခြေခံပြီးတော့ မြေလွတ်၊ မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေနှင့်ဆက်နွှယ်ပြီးတော့ ဒီမေးခွန်းကို မေးမြန်းတယ်လို့ သုံးသပ်ရရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွေကို လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားလို့ရှိရင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ခွင့်ပြုပေးရမှုရှိပါတယ်။ ဒီလို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားရာမှာ လျှောက်ထားတဲ့မြေနေရာတွေဟာ သစ်တောဖုံးလွှမ်းလျက်ရှိတဲ့ မြေနေရာများဖြစ်/မဖြစ်ကို ဥပဒေပါပုဒ်မ(၆)ပုဒ်မခွဲ(ဂ)အရ ပုဒ်မ(၆)ပုဒ်မခွဲ(ဂ)မှာဖော်ပြထားတဲ့ ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောများဖြစ်တဲ့ သစ်တောနယ်မြေတွေကို ထိခိုက်ပျက်စီးမှုမရှိစေရေးနှင့် သဘာဝနယ်မြေများ၊ ရေဝေရေလဲဒေသများ၊ သဘာဝအင်းအိုင်များ၊ ကျွန်းနှင့်ကျွန်းစု

များကို ထိန်းသိမ်းနိုင်ဖို့အတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာအခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်လို့ ပြဋ္ဌာန်းချက်နှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့က စိစစ်ပြီး လုပ်ပိုင်ခွင့်ပေးထားတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွေဟာ လက်တွေ့အားဖြင့် မြေပြင်မှာ စိစစ်ချက်နှင့် ကိုက်ညီမှုမရှိရင် အဆိုပါဥပဒေပါ ပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)မှာ ပြဋ္ဌာန်းထားတဲ့ ခွင့်ပြုထားတဲ့မြေကို စတင်ခွင့်ပြုသည့်နေ့မှစပြီး လေးနှစ်ကျော်လွန်သည့်အထိ ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်းမရှိသေးတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွေကို နိုင်ငံတော်ကပြန်သိမ်းပြီး ဖြစ်သည်ဟုမှတ်ယူရမယ်လို့လည်း ပြဋ္ဌာန်းထားပါတယ်။ အဲဒီပြဋ္ဌာန်းခြင်းနှင့်အညီ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများပါဝင်တဲ့ မြို့နယ်ခရိုင်အထူးအဖွဲ့များနှင့် စိစစ်ခဲ့ပါတယ်။ သတ်မှတ်ကာလလေးနှစ်ကျော်ပြီး ဖော်ထုတ်စိုက်ပျိုးခြင်းမရှိတဲ့ မြေများကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၈ ခုနှစ်၊ နိုင်ဝင်ဘာလ ၁၉ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ ၁၆ ကြိမ်မြောက်အစည်းအဝေးအထိ ဧကပေါင်း ၁၃၆၇၀၆၅ ဧကကို ပြန်လည်သိမ်းယူပြီးဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။ သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းနှင့်စပ်လျဉ်းပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားလာမှုတွေကို သစ်တောဖုံးလွှမ်းမှုမရှိတဲ့ မြေနေရာများပါဝင်ခြင်းရှိ/မရှိ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ(ဂ)အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပြီး စိစစ်ခွင့်ပြုလျက်ရှိပါကြောင်းနှင့် ဗဟိုအဖွဲ့က ယခင်လုပ်ပိုင်ခွင့်ပြုထားတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွေကိုလည်း ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စိစစ်ဖော်ထုတ်ပြီး စိုက်ပျိုးမှုမရှိတဲ့မြေတွေကို နိုင်ငံတော်က ပြန်လည်သိမ်းယူခြင်းလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးမြန်းခွင့်ပြုပါ။ ဒုတိယဝန်ကြီးဖြေသွားတဲ့အထဲမှာတော့ ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ခြင်း မရှိတဲ့ မြေတွေကိုပဲ သိမ်းတာကတော့ ကျွန်တော်တို့လည်းသိလိုက်ပါတယ်။ အခုကျွန်တော် မေးတဲ့ မေးခွန်းက စိစစ်ချထားတဲ့နေရာတွေဟာ Timber Forest တွေဖြစ်နေပါတယ်။ ဒါကြောင့်မို့ အဲဒီနေရာ တွေ ပြီးတော့ ဂေဟာစနစ်ကိုထိန်းသိမ်းတဲ့နေရာတွေလည်း ဖြစ်နေပါတယ်။ ကျွန်တော် အချက် လေးချက်နှင့်တင်ပြရတာဖြစ်ပါတယ်။ အားလုံးကို ကျွန်တော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမ ပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်မပြမေးခွန်းမေးခဲ့ဖူးပါတယ်။ အဲဒီကြယ်ပွင့်မပြမေးတဲ့မေးခွန်းမှာ သစ်တောဦးစီးဌာနရဲ့သဘောထားမှတ်ချက်။ အခုလည်းပဲ ကျွန်တော်ထင်တာကတော့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုကော်မတီဥက္ကဋ္ဌက လာဖြေလိမ့်မယ်လို့ ကျွန်တော်ထင်တာပါ။

ဒီမှာဘာနဲ့ယှဉ်ပြီးမှ ဖြေရမလဲဆိုရင်တော့ သစ်တောဦးစီးဌာနရဲ့သဘောထားမှတ်ချက်ကိုယှဉ်ပြီး ဖြေရလိမ့်မယ်လို့ ထင်ပါတယ်။ အဲဒီပထမ ဒီလွှတ်တော်ပထမပုံမှန်အစည်းအဝေးတုန်းက ကျွန်တော် ကြယ်ပွင့်မပြမေးခွန်းမေးခဲ့တဲ့အခါတုန်းက သစ်တောဦးစီးဌာနရဲ့ သဘောထားမှတ်ချက်နှင့် တွဲပြီးမှ ဖြေပါတယ်။ တစ်ဧကမှာ အပင်ကြီးကိုးပင်ပဲရှိတယ်ဆိုပြီးမှ ဒါကြောင့်မို့လို့ ခွင့်ပြုခဲ့တာလို့ဖြေပါတယ်။ အခု Slide နံပတ် ၉ ကို နည်းနည်းပြန်ပြပေးပါ။ အဲဒီမှာကြည့်မယ်ဆိုလို့ရှိရင် ပထမအမှတ်စဉ်(၁)မှာ ၄၇၅ ဧကဖော်ထုတ်မယ့်အထဲမှာ အပင်ပေါင်း ၉၆၅၇ ပင်ပါတယ်။ တစ်ဧကမှာ ၂၀.၃၃ ပင်ပျမ်းမျှဖြစ် ပါတယ်။ နောက်တစ်ခုက ၄၄၅ ဧကဖော်ထုတ်တဲ့အထဲမှာ အပင်ပေါင်း ၂ ပေနှင့်အထက် အပင်ပေါင်း ၅၄၃၅ ပင်ပါပါတယ်။ ၁၂.၂၁ ပင်ကဖြစ်ပါတယ်။ နောက်တစ်ခုက ဧက ၆၀၀ ထဲမှာ ၆၉၀၃ ပင် ၁၁.၅၀ ပင်ပါပါတယ်။ ကျွန်တော်တို့ ဖောင်းပြင်မြို့နယ်မှာ ဧက ၃၇၀ ဖော်ထုတ်မယ့်ထဲမှာ အပင်ပေါင်း ၁၅၉၉၄ ပင်ပါနေပါတယ်။ ၄၃.၂၂ ပင်ပျမ်းမျှအားဖြင့် ပါနေပါတယ်။ အဲတာကြောင့်မို့လို့ အရင်ကတော့ တစ်ဧကမှာကိုးပင်ပဲရှိတဲ့အတွက် ပေးလိုက်တာဖြစ်ပါတယ်လို့ အခုဘယ်လိုမူနဲ့ပေး မလဲ။ အခုလည်း ကျွန်တော်တင်ပြတာကတော့ မူတစ်ခုချမှတ်ပြီးမှ ပြန်လည်ရှုပ်သိမ်းပေးနိုင်တဲ့ အခြေအနေရှိ/မရှိဆိုတာကို တင်ပြတာဖြစ်ပါတယ်။ ဝန်ကြီးအနေနဲ့ပြန်လည်ဖြေကြားပေးဖို့ လေးစား စွာမေတ္တာရပ်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားနိုင်က ဖြေကြားပေးပါရန် မေတ္တာရပ်ခံ ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆက်စပ်မေးခွန်းအပေါ် ပြန်လည်သုံးသပ်ရမယ်ဆိုရင်တော့ သစ်တောမြေမှာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအဖြစ် ခွင့်ပြုချထားတဲ့ကိစ္စနှင့်အကျုံးဝင်ဆက်စပ်မှု ရှိတာကို သုံးသပ်ရရှိပါတယ်။ မိမိတို့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးအဖွဲ့ကတော့ လျှောက်ထားလာတဲ့လုပ်ငန်းတစ်ရပ်အနေနဲ့ ပတ်သက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့သဘော ထားမှတ်ချက်ကိုရယူပြီး ဆောင်ရွက်မယ့်သဘောပဲဖြစ်ပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ဆက်စပ်မေးခွန်းပါ Slide မှာ သုံးသပ်မယ်ဆိုလို့ရှိရင်လည်း သစ်တောဦးစီးဌာနကနေပြီးတော့ ထောက်ခံချက်နှင့် ချထားပေးတဲ့မြေတွေလည်း ဖြစ်ပါတယ်။ သစ်တောဦးစီးဌာနကလည်းပဲ သူတို့မှာ ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေအရ စိစစ်ပြီးမှ ဒီထောက်ခံချက်ပေါ်မူတည်ပြီး ဗဟိုမြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးအဖွဲ့ကို တင်ပြခြင်းလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သစ်တောရဲ့စီမံခန့် ခွဲပိုင်ခွင့်ရှိတဲ့အလျောက် အဆိုပါတင်ပြခဲ့တဲ့ အကြောင်းချင်းရာကိစ္စကို သစ်တောဦးစီးဌာနကို မိမိတို့ဆက်စပ်အကြောင်းကြားပြီးတော့ လွှတ်တော်ကိုယ်စားလှယ်၏ ဆက်စပ်မေးခွန်းအပေါ်မှာ ပြန်လည်ပြီးတော့မှ အကြောင်းပြန်ဖြေကြားပေးမယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်ခင်ဗျား။

**ပင်စင်ဝန်ထမ်းများအကြား ရာထူးအဆင့်အလိုက် ပင်စင်ခံစားခွင့်ညီမျှမှုရှိစေရန်နှင့် သက်ကြီးရွယ်အို ပင်စင်စားများအား ၎င်းတို့၏ဆန္ဒအရ ပင်စင်အပြီးခံစားခွင့်ရှိစေရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ချိုချိုဝင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုဝင်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပင်စင်စားဝန်ထမ်းများရဲ့ ပင်စင် လစာခံစားခွင့်နှင့်ပတ်သက်ပြီးတော့မှ အပိုင်းနှစ်ပိုင်းမေးထားပါတယ်။ ပထမပိုင်းကတော့ လုပ်သက်တူ၊ ရာထူးတူသော်လည်း ပင်စင်တွက်ချက်မှုအရ နောက်ဆုံးလစာကွာခြားမှုအပေါ်မူတည်ပြီးတော့မှ ပင်စင်လစာကွာခြားသွားကြပါတယ်။ နောက် ရာထူးတစ်ဆင့်နိမ့်သူကပင် လစာပိုများနေတာမျိုးတွေ လည်းရှိပါတယ်။ တချို့ပင်စင်ယူတဲ့အချိန် တစ်လ၊ နှစ်လ၊ နောက်နှစ်အနည်းငယ်မျှ ကွာသော်လည်း

နောက်ဆုံးလစာကွာခြားမှုရှိတဲ့အတွက်ကြောင့်မို့လို့ ပင်စင်မှာ ကွာခြားမှုတွေရှိနေကြပါတယ်။ ပင်စင်စားများကြားမှာလည်း စိတ်ပိုင်းဆိုင်ရာခံစားမှုများရှိနေကြပါတယ်။ ဒါကြောင့်မို့လို့ ပင်စင်လစာခံစားခွင့်မျှတစေရန် စီမံဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းထားခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မေးခွန်းဟာဆိုလို့ရှိရင် မေးခွန်းမေးတဲ့အချိန်နဲ့ ပါတဲ့အချိန်က ငါးလတိတိကြာခဲ့ပါပြီ။ ယခုအခါမှာ နိုင်ငံတော်အစိုးရက ပင်စင်လစာများကို တိုးမြှင့်ပြီးတော့မှ ပေးနေတဲ့အတွက်လည်း ပင်စင်စားသက်ကြီးရွယ်အိုတွေကြားမှာလည်း ဝမ်းသာမှုတွေ ရှိနေကြပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဒုတိယပိုင်းအနေနဲ့ကတော့ သက်ကြီးရွယ်အိုပင်စင်စားများ ၎င်းတို့ရဲ့ဆန္ဒအရ ပင်စင်အပြီးခံစားခွင့်ရှိစေရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိမေးခွန်း ဖြစ်ပါတယ်။ ဒီနေရာမှာ တစ်နိုင်ငံလုံးအနေနဲ့ သတ်မှတ်ကာလတစ်ခုမှာ ပင်စင်စားအရေအတွက်စုစုပေါင်း ဒီအထဲကမှ အသက် ၁၀၀ အထက် ပင်စင်စား၊ အသက် ၉၀ နှင့် ၁၀၀ ကြားပင်စင်စား၊ အသက် ၈၀ နှင့် ၉၀ ကြား ပင်စင်စား၊ အသက် ၇၀ နှင့် ၈၀ ကြား ပင်စင်စားများ၊ နောက် အသက် ၆၀ နှင့် ၇၀ ကြား စသည်ဖြင့် စာရင်းပြုစုပြီးတော့မှ အသက် ၈၀ နှင့်အထက် ပင်စင်စားများကို သင့်တင့်တဲ့မျှော်မှန်းနှစ်သတ်မှတ်ပြီးတော့မှ ၎င်းတို့ရဲ့ဆန္ဒအရ ပင်စင်အပြီးခံစားခွင့်ရရှိနိုင်အောင် ဆောင်ရွက်ပေးစေလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပင်စင်ဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေများအရ ဝန်ထမ်းများအနေနဲ့ တစ်လုံးတစ်ခဲတည်းခံစားခွင့်ဆိုတဲ့ဟာ ရှိပါတယ်။ အဲဒီမှာဆိုလို့ရှိရင်လည်း ပင်စင်လစာနှုန်းနဲ့ ၅၀ ရာခိုင်နှုန်းကို အသက်ကို ၈၀ နှစ်အထိသာ ထည့်သွင်းတွက်ချက်ထားတာကိုလည်း တွေ့ရှိရပါတယ်။ တကယ်တော့ အသက် ၈၀ အထက် ပင်စင်စားကြီးများဟာ တစ်ခေတ်တစ်ခါက အင်မတန်မှ အလုပ်ကိုရိုသေပြီးတော့မှ အဂတိကင်းစွာနဲ့ တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခဲ့ကြတဲ့သူတွေ ဖြစ်ပါတယ်။ နိုင်ငံတော်မှ ချီးမြှင့်မှုတွေ၊ ပံ့ပိုးမှုတွေဟာလည်း အဲဒီခေတ်မှာ အင်မတန်မှ နည်းပါးတာလည်း တွေ့ရှိရပါတယ်။ ယခုအခါမှာ သူတို့ရဲ့ဘဝဟာဆိုလို့ရှိရင် နေဝင်ချိန်၊ သူတို့ရဲ့ဘဝနေဝင်ချိန်ဟာ သက်တမ်းအရ အလွန်အင်မတန်မှ နီးကပ်နေတဲ့အချိန် ဖြစ်ပါတယ်။ ယင်းပင်စင်စားသက်ကြီးရွယ်အိုများကို ပြည်သူများမှ အသိအမှတ်ပြုတန်ဖိုးထားရာလည်းရောက်၊ ကာယကံရှင်အနေနဲ့ မိမိလုပ်အားတန်ဖိုးနဲ့ ကောင်းမှုကုသိုလ်ပြုနိုင်အောင်၊ ဆေးဝါးကုသမှုလိုအပ်သလို အသုံးပြုနိုင်ရာရောက်တဲ့အတွက် နိုင်ငံတော်အစိုးရကနေပြီးတော့မှ အသက် ၈၀ နှင့်အထက် ပင်စင်စားကြီးများကို အစီအစဉ်များရေးဆွဲပြီးတော့မှ

ပင်စင်ကို အပြီးခံစားခွင့်ပြုပေးနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းရခြင်း ဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုဝင်းက နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ပင်စင်စားဝန်ထမ်းများအကြား ရာထူး အဆင့်အလိုက် ပင်စင်ခံစားခွင့်ညီမျှရှိစေရန်နှင့် သက်ကြီးရွယ်အိုပင်စင်စားများကို စနစ်တကျ တွက်ချက်ပြီး ၎င်းတို့ရဲ့ဆန္ဒအရ ပင်စင်အပြီးခံစားခွင့်ရှိစေရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းမှာ အပိုင်းနှစ်ပိုင်းပါရှိပါတယ်။ တစ်ပိုင်းကတော့ ရာထူးအဆင့် အလိုက် ပင်စင်ခံစားခွင့်ညီမျှမှုရှိစေရန်ဆိုတဲ့ အပိုင်းဖြစ်ပြီးတော့၊ ဒုတိယပိုင်းကတော့ သက်ကြီးရွယ်အို ပင်စင်စားတွေ စနစ်တကျတွက်ချက်ပြီးတော့မှ ၎င်းတို့ရဲ့ဆန္ဒအရ ပင်စင်အပြီးခံစားခွင့်စီစဉ် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ဖြစ်ပါတယ်။ ရာထူးအဆင့်အလိုက် ပင်စင်ခံစားခွင့်ညီမျှမှုရှိစေရန် ကိစ္စနှင့်စပ်လျဉ်းပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ဟာ နိုင်ငံ့ဝန်ထမ်းများ နိုင်ငံ့တာဝန်ထမ်းဆောင်မှု ကို လေးစားအသိအမှတ်ပြုသောအားဖြင့်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ စားဝတ်နေရေး အထိုက်အလျောက် ချောင်လည်စေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းမှာ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ပင်စင်စားဝန်ထမ်းများအကြားမှာ ရာထူးအဆင့်အလိုက် ညီတူညီမျှ ခံစားခွင့်ရရှိစေရန်အတွက်လည်းကောင်း အဘက်ဘက်ကသုံးသပ်ပြီးတော့ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်ခင် အငြိမ်းစားလစာခံစားလျက်ရှိတဲ့ ပင်စင်စားများရဲ့ ပင်စင်ခံစားခွင့်ကို လက်ရှိတာဝန် ထမ်းဆောင်လျက်ရှိသောဝန်ထမ်းများ အငြိမ်းစားယူပါက ရရှိမည့်ပင်စင်ခံစားခွင့်အတိုင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ပင်စင်လစာမှစ၍ တိုးမြှင့်ခံစားခွင့်ပြုရန် သဘောတူအတည်ပြုခဲ့ပါတယ်။

ဒီအတည်ပြုချက်အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၉-၁၂-၂၀၁၈ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၀၁/၂၀၁၈)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးတော့ ယခုအခါမှာ ပင်စင်စားဝန်ထမ်းများအကြားမှာ ရာထူးအဆင့်အလိုက် ပင်စင်ခံစားခွင့်များညီမျှသွားပြီဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပင်စင်အပြီး ခံစားခွင့်နှင့်ပတ်သက်လို့ ၁၉၃၇ ခုနှစ်မှာ ပြဋ္ဌာန်းထားခဲ့တဲ့ မြန်မာနိုင်ငံမြို့ပြပင်စင်လဲလှယ်ခြင်းဆိုင်ရာနည်းဥပဒေ ၂(၂)မှာ ဝန်ထမ်းမှ တစ်လုံးတည်းပင်စင်လဲလှယ်ခွင့်လျှောက်ထားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ၎င်း၏ပင်စင် သို့မဟုတ် မျှော်မှန်းပင်စင်၏ တစ်ဝက်ထက်မပိုသည့်ပမာဏကို တစ်လုံးတည်းလဲလှယ်ခွင့်ပြုပေးနိုင်သည်ဟု ပြဋ္ဌာန်းထားပါတယ်။ အဆိုပါ ပြဋ္ဌာန်းချက်နှင့်အညီ ၁၉၇၃ ခုနှစ်က တစ်လုံးတည်းပင်စင် လဲလှယ်ခွင့်ကို အများဆုံး ကျပ် ၅၀ အထိသာလဲလှယ်ခွင့်ရှိကြောင်း သတ်မှတ်ခဲ့ပါတယ်။ ထိုအချိန်က ပျမ်းမျှပင်စင်လစာကို တွက်ကြည့်ရင် ကျပ် ၂၀၀ ခန့်ရှိပါတယ်။ ၎င်းကာလမှာ တစ်လုံးတည်းလဲလှယ်သူများရှိခဲ့သော်လည်းပဲ ၂၀၀၀ ခုနှစ်နောက်ပိုင်းကစပြီးတော့ အငြိမ်းစားလစာနှုန်းများကို တဖြည်းဖြည်းနဲ့ တိုးမြှင့်ပေးခဲ့သော်လည်းပဲ တစ်လုံးတည်းလဲလှယ်ခွင့် ကျပ် ၅၀ ကိုတော့ တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးနိုင်ခဲ့ခြင်းမရှိတဲ့အတွက်ကြောင့် ယခုအခါမှာ တစ်လုံးတည်းလဲလှယ်မှုများလည်း မရှိတော့တဲ့အနေအထား ဖြစ်ပါတယ်။ တစ်လုံးတစ်ခဲတည်း ပင်စင်ခံစားခွင့်နှင့်စပ်လျဉ်းပြီး ၁၉၃၇ ခုနှစ်၊ မြန်မာနိုင်ငံမြို့ပြပင်စင်လဲလှယ်ခြင်းဆိုင်ရာနည်းဥပဒေ ၂(၃)မှာ ပင်စင်စားသည် အသက် ၈၀ နှစ်ကျော်လွန်ပြီးပါက တစ်လုံးတည်းပင်စင်လဲလှယ်ခွင့်မရှိပါလို့လည်း ပြဋ္ဌာန်းထားပါတယ်။

လက်ရှိအခြေအနေမှာ အသက် ၆၀ နှင့် ၈၀ နှစ်ကြားမှာရှိတဲ့ အငြိမ်းစားဦးရေ စုစုပေါင်းဟာ ၅၃၃၈၉၂ ဦးရှိပါတယ်။ လက်ရှိ ပင်စင်လစာနှုန်းထားများအရ အနိမ့်ဆုံး ပင်စင်ရရှိသူဟာ ကျပ် ၇၅၆၀၀ ခန့်ရှိပြီးတော့ အမြင့်ဆုံး ပင်စင်ရရှိသူဟာ ကျပ် ၂၈၈၇၅၀ အထိ ဖြစ်တာကို တွေ့ရှိရပါတယ်။ အကယ်၍ တစ်လုံးတည်းပင်စင်လဲလှယ်ခွင့်ကို ကျပ် ၁၀၀၀၀ အထိသတ်မှတ်ပြီးတော့ ခွင့်ပြုခဲ့မယ်ဆိုရင် အငြိမ်းစားဘက်က ကျပ် ၁၂ သိန်းခန့်အထိ ရရှိနိုင်မှာဖြစ်ပြီးတော့ အနိမ့်ဆုံးဝန်ထမ်းအငြိမ်းစားသည် ဆက်လက်ပြီးကျပ် ၆၅၀၀၀ ခန့်ကို လစဉ်ပင်စင်အဖြစ်နဲ့ ပုံမှန်ရရှိနိုင်မှာဖြစ်ပါတယ်။ အဲဒီလို ကျပ် ၁၀၀၀၀ သတ်မှတ်ပြီးတော့ပေးမယ်ဆိုရင် နိုင်ငံတော်ဘက်က ကျပ် ဘီလီယံ ၆၀၀ ခန့်ကို

သုံးစွဲကုန်ကျမှာဖြစ်ပါတယ်။ အလားတူပဲ ကျပ် ၂၀၀၀၀ လို့ သတ်မှတ်ခဲ့ရင် လည်း အငြိမ်းစားက ကျပ် ၂၄ သိန်းလောက်ရနိုင်ပြီးတော့ နိုင်ငံတော်ကတော့ ကျပ် ဘီလီယံ ၁၀၈၈ ခန့် ကုန်ကျမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့လက်ရှိပင်စင်စနစ်ဟာ နိုင်ငံတော်ကသာ အလုံးစုံတာဝန်ယူဆောင်ရွက်ပေးလျက်ရှိတဲ့စနစ်ဖြစ်ပြီးတော့ ဘဏ္ဍာရေးနှစ်အလိုက် ကျခံသုံးစွဲရတဲ့ပင်စင်နှင့် ဆုကြေးအသုံးစရိတ် အခြေအနေကတော့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ၁၈၁ ဘီလီယံကျော်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ၂၆၁ ဘီလီယံကျော်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၃၅၆ ဘီလီယံကျော်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ၄၂၈ ဘီလီယံကျော်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ၆၃၃ ဘီလီယံ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ၆၈၃ ဘီလီယံ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ၇၀၉ ဘီလီယံ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ၈၁၇ ဘီလီယံကျော် ဖြစ်ပါတယ်။ ဒါဟာ ယခုနောက်ဆုံးတိုးပေးခဲ့တဲ့ ပင်စင်လစာများ မပါသေးပါဘူး။ နောက်ဆုံးတိုးပေးခဲ့တဲ့ပင်စင်လစာများကို နှစ်စဉ် ကျပ် ၂၃၀ ဘီလီယံခန့် ပိုမိုပြီးတော့သုံးစွဲရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လာမယ့်နှစ်တွေမှာ ကျွန်တော်တို့ရဲ့ပင်စင်အသုံးစရိတ်ဟာ ကျပ် ဘီလီယံ ၁၀၀၀ ကျော်မှာ ရှိနေပါတယ်။ အဆိုပါသုံးစွဲမှုများမှာ လစဉ်ဝန်ထမ်းပင်စင်လစာများအပါအဝင် ဝန်ထမ်းများအငြိမ်းစားယူတဲ့အခါမှာ ၎င်းရဲ့တာဝန်ထမ်းဆောင်းခဲ့တဲ့ လုပ်သက်ကာလအရ တွက်ချက်ခံစားခွင့်ပြုတဲ့ လုပ်သက်ဆုကြေးလည်း အပါအဝင်ဖြစ်ပါတယ်။ လက်ရှိလစာနှုန်းထားနှင့် သက်ပြည့်ပင်စင်ယူမယ့် သူတစ်ဦးဟာ လုပ်သက်ဆုကြေးအဖြစ်နဲ့ လုပ်သက် ၄၂ နှစ်ရှိမယ်ဆိုရင် လုပ်သက် ၄၂ နှစ်ရှိတဲ့ အနိမ့်ဆုံးအဆင့်ဝန်ထမ်းဆိုလို့ရှိရင် ကျပ် ၃၂၃၄၀၀၀ ရရှိနိုင်ပြီးတော့ လုပ်သက် ၄၂ နှစ်ရှိ အမြင့်ဆုံးအဆင့်၊ ညွှန်ကြားရေးမှူးချုပ်အဆင့်ဝန်ထမ်း ဆိုလို့ရှိရင်တော့ လုပ်သက်ဆုကြေးအဖြစ်နဲ့ ကျပ် ၁၁၅၅၀၀၀၀ ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါကိုလည်း နိုင်ငံတော်ကနေပြီးတော့ ပင်စင်လစာပုံမှန်ပေးခြင်းနဲ့အတူ တစ်လုံးတည်းရရှိအောင် စီစဉ်ပေးထားတဲ့ အခြေအနေဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ပင်စင်စားများကို တစ်လုံးတည်းပင်စင်လဲလှယ်ခွင့်ပြုရန်ကိစ္စမှာ နိုင်ငံတော်ရဲ့ဘဏ္ဍာရေးအခြေအနေအရ ရေရှည်ခံနိုင်စွမ်းအားကို သုံးသပ်ချိန်ဆရန်လိုအပ်ပါတယ်။ ပင်စင်စားရဲ့ရေရှည်ပုံမှန်ဘဝရပ်တည်နိုင်မှုကိုလည်း ထိခိုက်နိုင်မယ့်အခြေအနေကိုလည်း သုံးသပ်ဖို့လိုအပ်ပါတယ်။ ပင်စင်လစာတိုးမြှင့်ပေးတဲ့အချိန်တွေဆိုလို့ရှိရင် အဲဒီလဲလှယ်ခဲ့တဲ့ပင်စင်စားအနေနဲ့ သူ့ရဲ့ခံစားခွင့်များဟာနစ်နာသွားနိုင်ပါတယ်။ နိုင်ငံတော်အစိုးရဘက်ကလည်း နှစ်စဉ်

အသုံးစရိတ်များ ခွဲဝေသုံးစွဲတဲ့နေရာမှာ လူမှုရေးအသုံးစရိတ်များနှင့်ဖွံ့ဖြိုးရေးအသုံးစရိတ်များကို ချိန်ဆဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။ ပုံမှန်ပင်စင်လစာထုတ်ယူနိုင်တဲ့လက်ရှိစနစ်ဟာ နိုင်ငံတော်အတွက် ငွေကြေးလည်ပတ်မှုကို ပိုမိုကောင်းမွန်စေပြီးတော့ အစိုးရရဲ့ဖွံ့ဖြိုးရေး အသုံးစရိတ်များ သုံးစွဲနိုင်မှုကိုလည်း ပိုမိုအထောက်အကူပြုစေမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သက်ကြီးရွယ်အိုပင်စင်စားများကို စနစ်တကျတွက်ချက်ပြီးတော့ ၎င်းတို့ရဲ့ဆန္ဒအရ ပင်စင်အပြီး ခံစားခွင့်ရှိစေရန်အစီအစဉ်ကို လောလောဆယ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ချိုချိုဝင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ ဝန်ကြီး ပြည့်ပြည့်စုံစုံဖြေကြားပေးသွားကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်မတို့က တိုင်းပြည်ရဲ့ဘဏ္ဍာငွေကြေးအခြေအနေကို ကြည့်ရတာလည်း ကျွန်မတို့နားလည်ပါတယ်။ ဒါပေမဲ့ ကျွန်မအနေနဲ့ အခုထပ်ဆင့်ပြီးတော့၊ ထပ်ဆင့်ပြီးတော့ဆိုတဲ့နေရာ မှာ ဝန်ကြီးဖြေသွားတဲ့ဟာက ကျွန်မက သက်ကြီးရွယ်အိုဆိုတဲ့နေရာမှာ အသက် ၈၀ နှင့်အထက်ပါ။ အသက် ၈၀ နှင့်အထက်၊ အသက် ၈၀ နှင့် ၉၀ အကြား၊ အသက် ၉၀ နှင့် ၁၀၀ အကြား၊ အသက် ၁၀၀ နှင့်အထက်ပေါ့။ အသက် ၁၀၀ နှင့်အထက် ပင်စင်စားဆိုရင် အင်မတန်မှ နည်းမယ်လို့ ကျွန်မအနေနဲ့ ထင်ပါတယ်။ အဲဒီတော့ ကျွန်မပြောချင်တဲ့အပိုင်း၊ ကျွန်မမေးခွန်းထဲမှာ ပါတဲ့အပိုင်းက အသက် ၈၀ နှင့် အထက်မှာလည်း တစ်ပြိုင်တည်းမဟုတ်တောင်မှ အသက် ၁၀၀ အထက် ပင်စင်စားဦးရေ ဘယ်လောက်ရှိသလဲ။ နောက် အသက် ၉၀ နှင့် ၁၀၀ အကြား ဘယ်လောက်ရှိသလဲ။ ဒါလေးကို တွက်ချက်ပြီးတော့မှ သူတို့အတွက် အစီအစဉ်ပေးနိုင်ခြင်း၊ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းလို ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားနိုင်က ဖြေကြားပေးပါ။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ တင်ပြခဲ့တဲ့ ၁၉၃၇ ခုနှစ်၊ မြန်မာနိုင်ငံမြို့ပြပင်စင်လဲလှယ်ခြင်းဆိုင်ရာနည်းဥပဒေများဟာ လက်ရှိ ပင်စင်ပေးတဲ့နေရာမှာလည်း တည်ဆဲဥပဒေများ ဖြစ်ပါတယ်။ အဲဒီမှာ ပင်စင်စားသည် အသက် ၈၀ နှစ် ကျော်လွန်ပြီးပါက တစ်လုံးတည်းပင်စင်လဲလှယ်ခွင့်မရှိပါလို့ ပြဋ္ဌာန်းထားချက်နှင့်အညီ ဆောင်ရွက် နေရခြင်းဖြစ်ပါတယ်။ အသက် ၈၀ နှစ်ကျော်တဲ့သူတွေကို ပေးမယ်ဆိုရင်တော့ ဥပဒေများကို လိုအပ်တဲ့

ပြင်ဆင်မှုများကို လုပ်ပြီးမှသာ ပေးနိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုကလည်း အသက်အပိုင်းအခြား လိုက် ခံစားတဲ့နေရာမှာ ကျွန်တော်တို့ပင်စင်စနစ်အရ အသက်ထက်ဆုံးပေးတာဖြစ်တဲ့အတွက်ကြောင့် ပင်စင်စားကွယ်လွန်တဲ့အချိန်အထိ လစဉ်ပင်စင်ခံစားခွင့်ရှိတာ ဖြစ်ပါတယ်။ အကယ်၍ တစ်လုံးတည်း ပေးခဲ့လို့ရှိရင် အဲဒီတစ်လုံးတည်းပေးတဲ့အချိန်နောက်ပိုင်းကို သူဟာ လစဉ်ပင်စင်ခံစားခွင့်တွေက လျော့နည်းသွားမှာ ဖြစ်ပါတယ်။ လျော့နည်းသွားတာ ဖြစ်တဲ့အတွက်ကြောင့် သူရဲ့ရေရှည်ဘဝရပ်တည် မှုမှာ ပြီးခဲ့တဲ့တစ်လုံးတည်းယူခဲ့အချိန်မှာရှိတဲ့ ပင်စင်စားတွေရဲ့အနေအထားကို ပြန်ကြည့်တဲ့အခါမှာ လဲတဲ့သူတွေအနေနဲ့က မလဲတဲ့သူတွေထက်စာလို့ရှိရင် ရတဲ့အချိန်မှာတော့ သူဟာ အဆင်ပြေသလို ဘာလိုလိုရှိပေမဲ့ နောက်ပိုင်းပုံမှန်ပင်စင်ခံစားခွင့်လျော့သွားတဲ့အတွက်ကြောင့်၊ နောက်တစ်ခါ သူများ တွေ ပင်စင်တိုးရလို့ရှိရင်လည်း သူက တိုးပြီးတော့ မရတော့တဲ့အတွက်ကြောင့် ပိုပြီးတော့ ထိခိုက်တယ် ဆိုတဲ့အကြောင်းလည်း တွေ့ရပါတယ်။ ဒါတွေကို အဘက်ဘက်က သုံးသပ်ပြီးမှသာ ဆောင်ရွက်သင့် ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းရှင်က မေးလိုက်တာ တစ်ချက်ပါပါတယ်။ ပင်စင်စားအသက် ၈၀ ကျော်က ဦးရေဘယ်လောက်ရှိတယ်ဆိုတဲ့အပိုင်းလေးကိုလည်း မေးမြန်းထားတာ ဖြစ်ပါတယ်။ တကယ် လို့ ဟိုဟာဖြစ်မယ်ဆိုလို့ရှိရင် ဒါကိုလည်း ပြုစုပေးဖို့၊ စာနဲ့ပြန်လည်ဖြေကြားပေးဖို့ မေတ္တာရပ်ခံ ပါတယ်။

**ပူတာအိုမြို့နယ်အတွင်းရှိ ခရိုင်နှင့်မြို့နယ်စီမံကိန်းရုံးမှာ ၁၉၉၉-၂၀၀၀ တွင် ဒေသထွက်သစ်ပွများ ဖြင့် တည်ဆောက်ထားပြီး ယခုအခါ ဆွေးပြီးအပျက်အစီးများနေသောကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တွင် စီမံကိန်းရုံးအား အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမိုးရွှေ(ပူတာအိုမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင် ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ်အတွင်းရှိ ခရိုင်မြို့နယ်စီမံကိန်းရုံးကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အသစ်တည်ဆောက်ပေးရန် အစီအစဉ်

ရှိ/မရှိမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ်တွင် ခရိုင်မြို့နယ် စီမံကိန်းရုံးကို အဆောက်အဦတစ်ခုထဲတွင်အတူဖွင့်လှစ်ထားရှိသောရုံးဖြစ်ပါတယ်။ ၎င်းခရိုင်၊ မြို့နယ် စီမံကိန်းရုံးကို ၁၉၉၉-၂၀၀၀ ခုနှစ်တွင် ဒေသထွက် သစ်ပွများဖြင့် အလျား ၅၇ ပေ၊ အနံ ၃၄ ပေ၊ အမြင့် ၁၀ ပေ တစ်ထပ်ပျဉ်အိမ်တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။ ခရိုင်မြို့နယ်စီမံကိန်းရုံးသည် နှစ်အားဖြင့် ၁၈ နှစ်ကျော်ကြာလာသောကြောင့် သစ်တိုင်များ၊ ပျဉ်ခင်းပျဉ်ကာသွပ်မိုးများ ဟောင်းနွမ်း ကာဆွေးပြီး ပျက်စီးနေသောကြောင့် အန္တရာယ်ရှိသောရုံး အဆောင်ဖြစ်နေတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point ဖြင့် တင်ပြခွင့်ပေးပါရန် တောင်းဆိုအပ် ပါတယ်။

ဒါက ကျွန်တော်တို့ ပူတာအိုမြို့နယ် ခရိုင်၊ မြို့နယ်စီမံကိန်းရုံး၊ ညာဘက်မှာကျတော့ ခရိုင်ဆိုင်းဘုတ်နှင့် ဘယ်ဘက်မှာကျတော့ မြို့နယ်စီမံကိန်းရုံးဆိုင်းဘုတ်ဖြစ်ပါတယ်။ ဒါက ရုံးရဲ့အဝင် ပေါက်ဖြစ်ပါတယ်။ ဒါက ဒီဘက်မှာကျတော့ ခရိုင်ရုံး ရုံးခန်းဖြစ်ပါတယ်။ ဒီဘက်မှာကျတော့ မြို့နယ်မှူးရုံးဖြစ်ပါတယ်။ ဒါက ရုံးရဲ့အရှေ့ဘက်ပုံဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရုံးရဲ့အနောက် ဘက်ပုံဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ခရိုင်၊ မြို့နယ်စီမံကိန်းရုံးရဲ့ဘယ်ဘက်နဲ့ညာဘက် မြင်ကွင်းဖြစ်ပါတယ်။ ဒါက ခရိုင်မြို့နယ်စီမံကိန်းရုံးရဲ့ဝန်ထမ်းအင်အားစာရင်းဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်။ သို့ဖြစ်ပါ၍ ပူတာအိုမြို့နယ်တွင်ရှိသော ခရိုင်၊ မြို့နယ်စီမံကိန်းရုံးကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေ၏ ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ် အတွင်းရှိ ခရိုင်နှင့် မြို့နယ်စီမံကိန်းရုံး ၁၉၉၉-၂၀၀၀ ဘဏ္ဍာရေးနှစ်တွင် ဒေသထွက် သစ်ပွများဖြင့် ၅၇ ပေx ၃၄ ပေx ၁၀ ပေ တစ်ထပ်ပျဉ်ထောင်ရုံးဖြင့်တည်ဆောက်ထားသောအဆောက်အဦဖြစ်သဖြင့် သစ်တိုင်၊ ပျဉ်ကာ၊ ပျဉ်ခဲများမှာဆွေးပြီး အပျက်အစီးများနေသောကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေး နှစ်တွင် စီမံကိန်းရုံးအား အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး

ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ စီမံကိန်းဦးစီးရုံးကို ၁၉၉၉-၂၀၀၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြထားတဲ့ အတိုင်း ပျက်စီးမှုများရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ အသစ် တည်ဆောက်နိုင်ဖို့ ကချင်ပြည်နယ်၊ စီမံကိန်းဦးစီးရုံးမှ ကချင်ပြည်နယ်၊ ဘဏ္ဍာရန်ပုံငွေမှာ ကျပ် ၁၆၈ သန်း ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုချက်ရရှိတဲ့အခါမှာ ၇၀ ပေx၄၀ ပေx၅၅ ပေ နှစ်ထပ် RC ရုံးဖြင့် တည်ဆောက်ရန် အစီအစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၏ ငွေလုံးငွေရင်းဘဏ္ဍာငွေများကို မြို့နယ်တစ်မြို့နယ်ချင်းစီအလိုက် ခွဲဝေချထားရာတွင် မည်သည့်အချက်အလက်များကိုအခြေခံပြီး ခွဲဝေချထားပေးသည်ကို သိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေလင်းအောင်(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနေလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့လွှတ်တော်ကြီးမှာ လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ချင်းပြည်နယ်၏ ငွေလုံးငွေရင်းဘဏ္ဍာငွေများကို မြို့နယ်တစ်မြို့နယ် ချင်းစီအလိုက်ခွဲဝေချထားရာတွင် မည်သည့်အချက်အလက်များကိုအခြေခံပြီး ခွဲဝေချထားပေးသည် ကို သိရှိလို၍ မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်ဆိုတာကတော့ အဓိကတာဝန် သုံးရပ်ဖြစ်တဲ့ ဥပဒေပြုခြင်း၊ စောင့်ကြည့်ထိန်းကျောင်းခြင်းနှင့် ကိုယ်စားပြုခြင်းဆိုတဲ့တာဝန်ကို ထမ်းဆောင်ရပါတယ်။ တစ်ဖက်မှာလည်း တိုင်းပြည်အတွက် အရေးကြီးတဲ့ဥပဒေတွေကိုပြုရသလို၊ တစ်ဖက်မှာလည်း ပြည်သူနဲ့တိုက်ရိုက်အချိုးကျတဲ့ ကိုယ်စားပြုခြင်းတာဝန်ကို ထမ်းဆောင်ရပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်ဆိုတာ အစိုးရနှင့်ပြည်သူရဲ့ကြားမှာ ဆက်စပ် ပေးတဲ့ ပေါင်းကူးတံတားလေးများဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်နားချိန်မှာ ပြည်သူ့အသံများ ကို ကွင်းဆင်းနားထောင်ပြီးတော့ ပြည်သူတွေရဲ့အသံကို လွှတ်တော်ထဲကိုလာရောက်ပြီးတော့ တင်ပြ

ဆွေးနွေးရခြင်းဖြစ်ပါတယ်။ ဒီကနေ့ ဒီလွှတ်တော်မှာမေးရတဲ့မေးခွန်းလေးကလည်း ကျွန်တော်တို့ ပြည်သူများက မေးမြန်းခိုင်းသည့်အတွက် ကျွန်တော့်အနေနဲ့ ဒါလွှတ်တော်ကြီးကို ပြည်သူ့အသံ လာရောက်မေးမြန်းခြင်းဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ချင်းပြည်နယ်မှာရှိတဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ချင်းပြည်နယ်မှာမြို့နယ်တစ်မြို့နယ်ချင်း အလိုက်ရတဲ့ ဘတ်ဂျက်ဖြစ်ပါတယ်။ အများဆုံးမြို့နယ်လေးခုကတော့ ဟားခါးမြို့နယ်က ၃၄ ဘီလီယံ လောက်ရပါတယ်။ ကျွန်တော်တို့ ထန်ထလန်မြို့နယ်က ၁၇ ဘီလီယံလောက်ရပါတယ်။ မတူပီမြို့နယ် က ၁၂ ဘီလီယံလောက်ရပါတယ်။ ဖလမ်းမြို့နယ်က ၁၀ ဘီလီယံလောက်ရပါတယ်ခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာလည်း ဟားခါး၊ ဖလမ်း၊ ထန်တလန်၊ မတူပီ ဒီမြို့နယ်လေးမြို့နယ်ပဲ အများဆုံး ရပါတယ်ခင်ဗျား။ ဒီ ၂၀၁၈ ခုနှစ် ဧပြီလကနေ စက်တင်ဘာလအထိ ခြောက်လဘတ်ဂျက်မှာလည်း ဟားခါး၊ ဖလမ်း၊ ထန်တလန်၊ မတူပီ ဒီမြို့နယ်တွေပဲ အများဆုံးရတာကိုတွေ့ရှိရပါတယ်။ ဒီလိုပါပဲ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာလည်း ဒီမြို့နယ်တွေက ဘတ်ဂျက်အများဆုံးရတာကို တွေ့ရှိရပါတယ် ခင်ဗျား။ အဲဒီ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကို နှိုင်းယှဉ်ပြီးတော့ကြည့်ရမယ်ဆိုလို့ရှိရင် ဟားခါးမြို့ရတဲ့ ဘတ်ဂျက်က ၃၄ ဘီလီယံလောက်ရှိတဲ့အတွက် ဟားခါးမြို့ရတဲ့ဘတ်ဂျက်က ကန်ပက်လက်မြို့တို့၊ တွန်းဇံမြို့တို့ရတဲ့ဘတ်ဂျက်ထက် ရှစ်ဆနီးပါးလောက်ကွာတယ်။ ပြောချင်တာက ဟားခါးမြို့ တစ်နှစ် ရတာဟာ ကန်ပက်လက်မြို့၊ တွန်းဇံမြို့ ရှစ်နှစ်ရတဲ့ဘတ်ဂျက်နဲ့ညီမျှနေတယ်။

နောက်တစ်ခုက ထန်တလန်နဲ့မင်းတပ်ခရိုင်မြို့ဖြစ်ပါတယ်။ ထန်တလန်မြို့ရတဲ့ဘတ်ဂျက်ဟာ ခရိုင်မြို့တစ်ခုဖြစ်တဲ့ မင်းတပ်မြို့ရတဲ့ဘတ်ဂျက်ထက် သုံးဆနီးပါးလောက်ကွာဟနေပါတယ်။ ဒီလိုပါပဲ မတူပီနဲ့တွန်းဇံကလည်း သုံးဆနီးပါးလောက်ဟနေတာကိုတွေ့ရပါတယ်။ နောက် ခရိုင်မြို့ နှစ်မြို့ ဖြစ်ပါတယ်။ ဖလမ်းခရိုင်နဲ့မင်းတပ်ခရိုင်တို့ဖြစ်ပါတယ်။ ခရိုင်မြို့ချင်းအတူတူတောင်မှ မင်းတပ်ခရိုင် ထက် ဖလမ်းခရိုင်က နှစ်ဆနီးပါးလောက်များနေတာကိုတွေ့ရပါတယ်။ ဒီဘယ်ဘက်ခြမ်းလေးမှာ ရှိပါတယ်။ ဟားခါးမြို့ရတဲ့ဘတ်ဂျက်နဲ့ မင်းတပ်မြို့ရတဲ့ဘတ်ဂျက်ဆိုရင် ငါးဆခွဲလောက်များနေတာကို တွေ့ရှိရပါတယ်ခင်ဗျား။

ဒီလိုပါပဲ။ ပြည်သူတွေကလည်း Social Media ပေါ်မှာ အဲဒီရဲ့ဘဏ္ဍာငွေခွဲဝေမှုတွေကို မမျှတ သည့်အတွက် ရေးပါတယ်။ ဟားခါးမြို့ရတဲ့ဘတ်ဂျက်ဟာ ကျန်တဲ့မြို့နယ် ငါးမြို့နယ်ရတဲ့ဘတ်ဂျက်နဲ့

ညီနေတယ်လို့လည်း ပြည်သူတွေက မခံချိမခံသာနဲ့ရေးခြင်းဖြစ်ပါတယ်။ အောက်ဆုံးစာကြောင်းလေး မှာရေးထားပါတယ်။ သူက လူကြီးမင်းများအားလုံး ဒီလောက်အကြည့်ရဆိုးသောဘတ်ဂျက်ခွဲဝေမှုမျိုး ကို မရှိရအောင် တာဝန်ရှိလူကြီးမင်းများအားလုံးကို အနူးအညွတ်တောင်းပန်ပါတယ်လို့ ဒီ Social Media ကရေးထားခြင်းဖြစ်ပါတယ်။ ကျွန်တော့်ကိုလည်းမေးပါတယ်။ ခင်ဗျားတို့လွှတ်တော် ကိုယ်စားလှယ်တွေက လွှတ်တော်မှာမတင်ပြဘူးလား။ မဆွေးနွေးဘူးလား။ ဒီလိုဘတ်ဂျက်တွေ မမျှမတဖြစ်နေတာကို ဘာဖြစ်လို့လုပ်နေတာလဲလို့ ကျွန်တော်တို့ကိုမေးတော့ ကျွန်တော်တို့က တင်ပြတယ်။ ဆွေးနွေးပါတယ်။ ဒါပေမဲ့ သူတို့အဲဒီရဲ့အကြောင်းကြောင့် မဟုတ်ပါဘူး။ အခြားသော Criteria ကြောင့် ဖြစ်လိမ့်မယ်လို့ ကျွန်တော်တို့က အမျိုးမျိုးပြည်သူတွေကို ပြန်ရှင်းပြတာပါ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒါလေးကို သိရှိအောင်လို့ အခုလိုမေးမြန်းရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီနေ့စဉ်းစားရအောင်ပါဆိုရင် ၂၁ ပင်လုံညီလာခံကြီး ဘာလို့ကျင်းပနေတယ် စဉ်းစားဖို့လိုပါတယ်။ Power Sharing ၊ Resource Sharing ၊ Budget Sharing တွေ မမျှတခဲ့တဲ့ အတွက်ကြောင့် ဒီကနေ့ ၂၁ ငြိမ်းချမ်းရေးညီလာခံကြီးကျင်းပနေတယ်ဆိုတာ သတိမမေ့ဖို့ အရေးကြီး ပါတယ်။ မတိုးတက်ခြင်းရဲ့အကြောင်းဟာ မငြိမ်းချမ်းလို့ဖြစ်ပါတယ်။ ဒီမငြိမ်းချမ်းတဲ့အကြောင်း ကလည်း နောက်မှာမညီညွတ်ခြင်းတွေရှိပါတယ်။ ဒီမညီညွတ်ခြင်းရဲ့နောက်ကွယ်မှာ မယုံကြည်လို့ ဖြစ်ပါတယ်။ ဒီမယုံခြင်းရဲ့နောက်ကွယ်မှာတော့ မမျှတလို့။ ပြောချင်တာတော့ မမျှတခြင်းဟာ မယုံကြည်ရင် မညီညွတ်ဘူး။ မညီညွတ်ရင် မငြိမ်းချမ်းဘူး။ မငြိမ်းချမ်းရင် မတိုးတက်ဘူးဆိုတဲ့ အချက်ကို ကျွန်တော်တို့ အမြဲတမ်းသတိမမေ့ဖို့အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မဲဆန္ဒရှင်ပြည်သူများကိုယ်စား ဘဏ္ဍာငွေခွဲဝေမှုတွေက မည်သည့်အချက်အလက်ကိုအခြေခံပြီးတော့ ခွဲဝေတာကိုသိရှိလိုပါ၍ ကျွန်တော်တို့ရဲ့လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်ရဲ့ ချင်းပြည်နယ်၏ ငွေလုံးငွေရင်းဘဏ္ဍာငွေများကို

မြို့နယ်တစ်မြို့နယ်ချင်းစီအလိုက် ခွဲဝေချထားရာတွင် မည်သည့်အချက်အလက်များကိုအခြေခံပြီး ခွဲဝေချထားပေးသည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်းပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ခရိုင်/မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်/မြို့နယ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီများနှင့်ညှိနှိုင်းပြုစုရေးဆွဲပါတယ်။ အဆိုပါစီမံကိန်းများအရ ငွေလုံးငွေရင်းဘတ်ဂျက်ခွဲဝေ ချထားရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့သည် မြို့နယ်အလိုက် အချိုးချခွဲဝေလျာထားပါတယ်။

လမ်းဦးစီးဌာနအနေနဲ့ကတော့ ပြည်နယ်ဘတ်ဂျက်မှာ ရာခိုင်နှုန်းအများဆုံးပါဝင်တဲ့ဌာန ဖြစ်ပြီးတော့ ဦးစားပေးလုပ်ငန်းများဖြစ်တဲ့ လမ်းအဆင့်မြှင့်တင်ခြင်း၊ တာချဲ့ခြင်း၊ တံတားတည်ဆောက် ခြင်း လုပ်ငန်းများဆောင်ရွက်ရန် ဦးစီးဌာနကကွင်းဆင်းစစ်ဆေးပြီးတော့ လိုအပ်ချက်ကို အဆိုပြု တောင်းခံပါတယ်။ အဆိုပြုတောင်းခံမှုအပေါ်မှာ ပြည်နယ်အစိုးရအဖွဲ့က စိစစ်ပြီးခွဲဝေလျာထား ပါတယ်။ ဆည်မြောင်းနှင့်ရေအရင်းအမြစ်အသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့တော့ ဆည်မြောင်း ရှိတဲ့မြို့နယ်များအတွက်သာ ဘဏ္ဍာငွေခွဲဝေလျာထားခြင်းဖြစ်ပါတယ်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရဲ့ ဘဏ္ဍာငွေခွဲဝေပုံကတော့ မြို့တိုးချဲ့ဆောင်ရွက်တဲ့ ဟားခါး၊ ဖလမ်း၊ မတူပီမြို့နယ်များတွင် လျှပ်စစ်ဓာတ်အားလိုင်းများ အသစ်တိုးချဲ့ဆောင်ရွက်ခြင်းများ အတွက် ခွဲဝေလျာထားပါတယ်။ အချို့သောဦးစီးဌာနများအနေနဲ့ စက်ပစ္စည်း၊ ပရိဘောဂ၊ အခြား လုပ်ငန်းများနဲ့ပတ်သက်ပြီးတော့ ပြည်နယ်ရုံးများကဆောင်ရွက်ခြင်းဖြစ်တဲ့အတွက်ကြောင့် ပြည်နယ်ရုံး စိုက်ရာ ဟားခါးမြို့နယ်ထဲမှာ ထည့်သွင်းခွဲဝေလျာထားပါတယ်။ ချင်းပြည်နယ်ရဲ့ ဘဏ္ဍာရန်ပုံငွေမှ ငွေလုံးငွေရင်းအသုံးစရိတ်များကို မြို့နယ် တစ်မြို့နယ်ချင်းစီအလိုက် ခွဲဝေချထားရာတွင် ပြည်သူများရဲ့ လိုအပ်ချက်များကိုအခြေခံပြီးတော့ ကဏ္ဍအလိုက် လိုအပ်ချက်၊ ဒေသဖွံ့ဖြိုးမှုဦးစားပေးအစီအစဉ် တို့နှင့်အညီ ပြည်နယ်အစိုးရအဖွဲ့က ခွဲဝေလျာထားပြီး ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူ၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးနေလင်းအောင်(မင်းတပ်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။ ဝန်ကြီးအနေနဲ့ အခုလိုပြည်နယ်အစိုးရရဲ့ဖြေကြားချက်ကို လာရောက်ဖြေကြားပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ မရှင်းတာလေး ရှိလို့ ဆက်စပ်မေးခွန်းလေး မေးခွင့်ပြုပါခင်ဗျား။ ဝန်ကြီးကဖြေထားပါတယ်။ ကျွန်တော်တို့ စီ/ခန့် လွှတ်တော်ကိုယ်စားလှယ်များနဲ့ ရေးဆွဲထားတဲ့ဟာကို ဖြေကြားပေးတယ်ဆိုရင် ကျွန်တော်တို့ စီ/ခန့် နဲ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တင်ပြချက်အတိုင်း ဒီဘတ်ဂျက်တွေကို ချပေးတာလားဆိုတာ သိချင်ပါတယ်။ ကျွန်တော်တို့တင်ပြတဲ့ ဘတ်ဂျက်တွေရှိပါတယ်။ ကျွန်တော်တို့မရပါဘူး။ ဖြတ်တောက် တာတွေရှိပါတယ်။ ဒါလေးကတစ်ချက်ပါ။ နောက်တစ်ခုက ခုနကပြောတဲ့ လျှပ်စစ်ရေကိုချဲ့ပြီးတော့ လုပ်တဲ့ လုပ်အားအရလို့ ပြောပါတယ်။ ချင်းပြည်နယ်မှာ ပထမဦးဆုံးလျှပ်စစ်မီးရတာ ဟားခါးမြို့ဖြစ် ပါတယ်။ ဒါဆိုရင်တော့ ကျွန်တော်တို့ ဟားခါးမြို့ကရပြီးရင်တော့ ကျန်တဲ့မြို့တွေအတွက် ဘတ်ဂျက် တွေပေးဖို့လိုပါတယ်။ ဟားခါးမြို့မှာဆက်ရပြီးတော့ ဒါမရတာကို မလိုချင်လို့မဟုတ်ပါဘူး။ ပြောချင် တာက ဆက်ပြီးတော့ ဘတ်ဂျက်တွေများနေတာ ဒီအတွက်လို့ပြောရင် ကျန်တဲ့မြို့နယ်တွေလည်း မရသေးတဲ့မြို့နယ်တွေရှိတဲ့အတွက် ဒါကြောင့်မို့လို့ ဒါပထမဦးဆုံးရတဲ့ဟာကို နောက်ထပ်ဆက်တိုက် ထည့်နေတာလားဆိုတာတွေလည်း မသိလို့ဖြစ်ပါတယ်။ ခုနကပြောတဲ့ ဒေသရဲ့ဦးစားပေးအစီအစဉ် အရဆိုရင်တော့ ချင်းပြည်နယ်မှာဆိုရင်တော့ လူဦးရေအများဆုံးက ပလက်ဝမြို့နယ်ဖြစ်ပါတယ်။ ကျွန်တော်တို့သူ့ရဲ့နယ်မြေအကျယ်အဝန်းဟာဆိုရင် ကယားပြည်နယ် နီးပါးလောက်ရှိပါတယ်။ ဒါဖွံ့ဖြိုးမှုကလည်း ကန်ပက်လက်၊ ပလက်ဝ၊ မင်းတပ်ဆိုတာ ဖွံ့ဖြိုးမှုနိမ့်ကျတဲ့ နေရာတွေဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုရဲ့ဒေသလိုအပ်ချက်အရ ကြည့်မယ်ဆိုရင် ပလက်ဝမြို့ဟာ နံပါတ်(၁) ဖြစ်သင့်ပါတယ်။ ကျွန်တော့်ကို နံပါတ်(၁) Slide လေးကို ပြပေးပါခင်ဗျား။ အဲဒီမှာ ပလက်ဝမြို့ရတဲ့ဘတ်ဂျက်ဟာ ငါးဘီလီယံပဲရပါတယ်။ ဖွံ့ဖြိုးမှုအများဆုံးရှိနေတဲ့ မြို့တွေက ဘီလီယံ ၃၀ ကျော် ၁၇၊ ၁၂၊ ၁၀ လောက် ရနေပြီးတော့ ခုနကပြောတဲ့ဒေသရဲ့လိုအပ်ချက်အရပေးမယ်ဆိုရင် ဒီပလက်ဝတို့၊ ကန်ပက်လက်တို့ ဒီမြို့တွေဟာ အဓိကဦးစားပေးရရမှာဖြစ်သည့်အတွက် ဒါကြောင့်မို့လို့ ဒီလိုဘတ်ဂျက်ချထားပေးတဲ့ ဟာတွေကို ပြန်လည်စိစစ်သုံးသပ်ပြီးတော့ လာမည့်ဘတ်ဂျက်မှာ ရေးဆွဲပေးနိုင်ဖို့အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားနိုင်က ဖြေကြားပေးပါ။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမှာ ကျွန်တော်တို့ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ လွှတ်တော်ကိုယ်စားလှယ်များနဲ့ တိုင်ပင်ဆွေးနွေးပြီး ပြုစုထားတဲ့ စီမံကိန်းများအတိုင်း ဘတ်ဂျက်ရ/မရဆိုတဲ့ အပိုင်း၊ ဒါနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ တင်ပြလာတဲ့ စီမံကိန်းများအပေါ်မှာ ငွေလုံးငွေရင်းအသုံးစရိတ်များ ခွဲဝေချထားပြီးတော့ ကျွန်တော်တို့ အကန့်အသတ်ရှိတဲ့ ဘတ်ဂျက်ဖြစ်တဲ့အတွက်ကြောင့် ဒီဘတ်ဂျက်အတိုင်းအတာအတွင်းမှာ ဦးစားပေးအစီအစဉ်များအလိုက် ငွေလုံးငွေရင်းအသုံးစရိတ်များကို ခွဲဝေလျာထားပါတယ်။ ခွဲဝေလျာထားပြီးတော့ ကျွန်တော်တို့ လွှတ်တော်အတည်ပြုချက်နဲ့ ဥပဒေပြဋ္ဌာန်းပြီးမှ လိုသလိုသုံးစွဲနိုင်တဲ့အနေအထား ဖြစ်ပါတယ်။ နောက်တစ်ခု ကျွန်တော်တို့ လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်ပြီးတော့ ပြည်နယ်အစိုးရအဖွဲ့က တင်ပြချက်အရတော့ အခုဒီမှာ ဟားခါး၊ ဖလမ်း၊ မတူပီမြို့နယ်များမှာ လျှပ်စစ်ဓာတ်အားလိုင်းတွေ အသစ်တိုးချဲ့ဆောင်ရွက်ခြင်းများအတွက် ခွဲဝေလျားထားတင်ပြပါတယ်။ ဘတ်ဂျက်မှာတော့ ပြည်ထောင်စုဘတ်ဂျက်နှင့် ပြည်နယ်ဘတ်ဂျက်တွေဆိုပြီးတော့ ခွဲခြားပြီးရှိပါတယ်။ ဒီချင်းပြည်နယ် အတွက်သုံးစွဲရမည့် အသုံးစရိတ်အပိုင်းမှာ ပြည်ထောင်စုကသုံးစွဲတဲ့ အသုံးစရိတ်တွေဆိုလို့ရှိရင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ချင်းပြည်နယ်မှာ သုံးစွဲဖို့အသုံးစရိတ်များကို ပြည်ထောင်စုဘတ်ဂျက်ထဲမှာ ရပါတယ်ခင်ဗျား။ နောက်ပြည်နယ်ဘတ်ဂျက်ကတော့ သူ့ပြည်နယ်ဘတ်ဂျက်မှာပါတဲ့ ဌာနတွေနဲ့၊ အခုကျွန်တော်တင်ပြတဲ့ဌာနတွေနဲ့ သူတို့ဌာနတွေက ရေးဆွဲတင်ပြတဲ့ ဦးစားပေးအစီအစဉ်များအတိုင်း ခွဲဝေလျာထားခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခု လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း ဖြစ်ပေါ်နေတဲ့အခြေအနေများကို ချင်းပြည်နယ်အစိုးရအဖွဲ့ကို အသိပေးအကြောင်းကြားပြီးတော့ လိုအပ်သလို စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

**စီမံကိန်းဘဏ်(Project Bank)ဆိုင်ရာစီမံချက်များနှင့် စီမံကိန်းများ ချိတ်ဆက်မှု၊ မဟာဗျူဟာမြောက် စီမံကိန်းများ ဖော်ထုတ်မှု၊ ဦးစားပေးအဆင့်များ သတ်မှတ်မှု၊ စီမံကိန်းဘဏ်အတွင်း ထည့်သွင်း၍ ၎င်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် မည်ကဲ့သို့ ပေါင်းစပ်ဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ဒီကနေ့ စီမံကိန်းဘဏ်(Project Bank)နှင့် ပတ်သက်ပြီးတော့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတော်သမ္မတရုံးက (Project Bank) စီမံကိန်းဘဏ်ဆိုင်ရာညွှန်ကြားချက်ကို ၃၀-၁၁-၂၀၁၈ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။ ဒီညွှန်ကြားချက်အရ စီမံကိန်းဘဏ်ဆိုင်ရာကိစ္စရပ်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အဓိကတာဝန်ယူဆောင်ရွက်ရမှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ လက်ရှိအခြေအနေအရ ဝန်ကြီးဌာန အသီးသီးအနေနဲ့ မိမိတို့ရဲ့ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးရည်မှန်းချက်တွေကို အကောင်အထည်ဖော်ဖို့အတွက် ကာလလတ်၊ ကာလရှည် မဟာဗျူဟာတွေ ရေးဆွဲချမှတ်ထားကြောင်း တွေ့ရှိရပါတယ်။ ဒီမဟာဗျူဟာတွေကို အကောင်အထည်ဖော်ဖို့အတွက် နှစ်စဉ် စီမံချက်များ ရေးဆွဲကြရပါတယ်။ စီမံချက်တွေကိုရေးဆွဲတဲ့နေရာမှာ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်၊ ဘဏ္ဍာရေးနှစ်အတွင်းမှာ ဦးစားပေးဆောင်ရွက်ရမယ့်လုပ်ငန်းတွေဆိုပြီးတော့မှ ခေါင်းစဉ်တွေခွဲကာ ရေးဆွဲကြတာကို ကျွန်မတို့တွေ့ရပါတယ်။ သို့သော်လည်း ဝန်ကြီးဌာနအသီးသီးက နှစ်စဉ်ရင်းနှီးမြှုပ်နှံရန်လျာထားတဲ့ စီမံကိန်းတွေကိုဖော်ထုတ်ပြီး ဘတ်ဂျက်ငွေတောင်းခံတင်ပြလာတဲ့အခါမှာတော့ ဒီစီမံကိန်းတွေဟာ ဖော်ပြထားတဲ့စီမံချက်ထဲက အကြောင်းအရာပါကိစ္စတွေနဲ့ ချိတ်ဆက်မှုအားနည်းနေတာကို ကျွန်မတို့တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဝန်ကြီးဌာနအသီးသီးက စီမံချက်တွေရေးဆွဲတဲ့အခါမှာလည်း မိမိတာဝန်ရှိတဲ့ကဏ္ဍတစ်ခုတည်းကိုပဲ ဦးစားပေးတဲ့စီမံချက်တွေရေးဆွဲတဲ့အတွက် ဝန်ကြီးဌာနအချင်းချင်းနဲ့ ကဏ္ဍအချင်းချင်းရဲ့ ချိတ်ဆက်နိုင်မှုတွေဟာ အားနည်းတာကို ကျွန်မတို့တွေ့ရပါတယ်။ ဒါ့အပြင် မဟာဗျူဟာစီမံချက်များကို ဘတ်ဂျက်နဲ့ထိရောက်စွာ ချိတ်ဆက်မှုပေးခြင်းအားဖြင့် နိုင်ငံတော်မှ စနစ်တကျ ဦးစားပေးရွေးချယ်ထားတဲ့ မဟာဗျူဟာစီမံကိန်းများကို ထိရောက်တဲ့ဘဏ္ဍာငွေပံ့ပိုးမှုများ ရရှိရန်အတွက် အခြေအနေများဖန်တီးပေးရန်လည်း လိုအပ်ပါတယ်။ နိုင်ငံတကာမှာ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတွေကို ဘတ်ဂျက်ငွေတောင်းခံမှုနဲ့ ထိရောက်စွာချိတ်ဆက်နိုင်ရန်ရည်ရွယ်ပြီး စီမံကိန်းဘဏ်များကို အကောင်အထည်ဖော်ဆောင်ရွက်ကြတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာဆိုလို့ရှိရင် ပြည်သူ့ရင်းနှီးမြှုပ်နှံမှုအစီအစဉ်(Public Investment Programme)ကို အကောင်အထည်ဖော်လျက်ရှိပါတယ်။ ဒီထဲမှာ ဖိလစ်ပိုင်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနဲ့ လူမှုရေးပန်းတိုင်များ အကောင်အထည်ဖော်ရန်အတွက် အစိုးရအဖွဲ့အစည်းများမှ ဦးစားပေးအစီအစဉ်များနဲ့ စီမံချက်များ

ပါဝင်ပါတယ်။ နီပေါနိုင်ငံမှာဆိုလို့ရှိရင်လည်း ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့(Office of Investment Board)ရဲ့ ကြီးကြပ်မှုအောက်မှာ စီမံကိန်းဘဏ်ကို အကောင်အထည်ဖော်ဆောင်ရွက်ထားပြီး မဟာဗျူဟာမြောက်အရေးပါတဲ့ နိုင်ငံတော်စီမံကိန်းများရဲ့ အချက်အလက်များကို အများပြည်သူ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်တဲ့ Website အခြေခံ Data အဆောက်အဦးတွေနဲ့လည်း သိုမှီးထားတာကို လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ စီမံချက်များနဲ့စီမံကိန်းများကို ချိတ်ဆက်ပေးမယ့် စီမံကိန်းဘဏ်ရဲ့ အရေးပါတဲ့ အခန်းကဏ္ဍကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိဖို့ရာအတွက် ယခုအချိန်မှာ လိုအပ်လာပါတယ်။ စီမံကိန်းဘဏ်ကို အကောင်အထည်ဖော်ရာတွင် စီမံချက်များနှင့် စီမံကိန်းများချိတ်ဆက်မှု၊ မဟာဗျူဟာမြောက်စီမံကိန်းများဖော်ထုတ်မှု၊ ဦးစားပေးအဆင့်များသတ်မှတ်မှုနဲ့စပ်လျဉ်း၍ (က) သက်ဆိုင်ရာဝန်ကြီးဌာနမှ တင်ပြလာတဲ့စီမံကိန်းများတွင် မဟာဗျူဟာမြောက်စီမံကိန်းများကို ဖော်ထုတ်ရန်နှင့် ယင်းစီမံကိန်းများကို စီမံကိန်းဘဏ်တွင် ထည့်သွင်းနိုင်ရန် မည်သို့ဆောင်ရွက်ထားသည်။ (ခ) နိုင်ငံတကာထောက်ပံ့မှုဖြင့်ဆောင်ရွက်မည့် စီမံကိန်းများကို တိုင်းပြည်ရဲ့ဖွံ့ဖြိုးမှု မဟာဗျူဟာနဲ့ချိတ်ဆက်ပြီး ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် မည်သို့ဆောင်ရွက်မည်။ (ဂ) နိုင်ငံတော်၏ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပုဂ္ဂလိကအခန်းကဏ္ဍမြှင့်တင်ရန်အတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ(PPP)စီမံကိန်းများဖြင့်ဆောင်ရွက်နိုင်စေရန် မည်ကဲ့သို့ ဆောင်ရွက်ထားသည်။ (ဃ) ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေနဲ့လည်း ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါစီမံကိန်းများကို စီမံကိန်းဘဏ်တွင် မည်ကဲ့သို့ ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။ (င) ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်ဘဏ္ဍာငွေရရှိရန် တောင်းဆိုတင်ပြလာတဲ့အခါ စီမံကိန်းဘဏ်တွင်ပါဝင်သည့် စီမံကိန်းများကို လွှတ်တော်ဘတ်ဂျက်အတည်ပြုရာတွင် မည်သို့ချိတ်ဆက်ဆောင်ရွက်မည်နှင့် စီမံကိန်းဘဏ် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က မည်သည့်အခန်းကဏ္ဍမှ ကူညီပါဝင်ဆောင်ရွက်မည်ကို သိလိုပါသောကြောင့် ကျွန်မရဲ့မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်၏ စီမံကိန်းဘဏ်(Project Bank)ဆိုင်ရာ စီမံချက်များနှင့်စီမံကိန်းများ ချိတ်ဆက်မှု၊ မဟာဗျူဟာမြောက်စီမံကိန်းများ ဖော်ထုတ်မှု၊ ဦးစားပေးအဆင့်များ သတ်မှတ်မှု၊ စီမံကိန်းဘဏ်အတွင်း ထည့်သွင်း၍ ၎င်းစီမံကိန်းများကို နိုင်ငံတော်ဘတ်ဂျက်နှင့်လည်းကောင်း၊ ဖွံ့ဖြိုးမှုအကူအညီများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများဖြင့်လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများနှင့်လည်းကောင်း ချိတ်ဆက်အကောင်အထည်ဖော်ရာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် မည်ကဲ့သို့ ပေါင်းစပ်ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများလည်း သိသင့်တဲ့အချက်များဖြစ်တဲ့အတွက်ကြောင့် မေးမြန်းပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့စီမံကိန်းများကို ဆောင်ရွက်ရာမှာ အစိုးရတစ်ရပ်လုံးဆိုင်ရာ ဖွံ့ဖြိုးမှုမူဘောင်အဖြစ်နဲ့ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း Myanmar Sustainable Development Plan(MSDP)2018-2030 ကို ၂၀၁၈ ခုနှစ်တွင် ရေးဆွဲထုတ်ပြန်ထားပါတယ်။ MSDP ပါ မဟာဗျူဟာများနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာမှာ စနစ်တကျဖြစ်စေရန် နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားချက်အမှတ်(၂/၂၀၁၈)ဖြင့် စီမံကိန်းဘဏ် (Project Bank)ဆိုင်ရာ ညွှန်ကြားချက်ကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါတယ်။ စီမံကိန်းဘဏ်(Project Bank)ဆိုတာကတော့ မြန်မာနိုင်ငံရဲ့ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုတက်မှုစီမံကိန်း(MSDP)နှင့် မဟာဗျူဟာလုပ်ငန်းအစီအမံများကို အကောင်အထည်ဖော်ရာတွင် အစိုးရအဖွဲ့အစည်းများက ရေးဆွဲထားသော စီမံကိန်းများပါဝင်သည့် အများပြည်သူဝင်ရောက်ကြည့်ရှု အသုံးပြုနိုင်သော ဝက်ဘ်အခြေခံ ဒေတာအဆောက်အဦ သို့မဟုတ် စီမံကိန်းအချက်အလက်များ သိုမှီးထားသည့်ဘဏ်ကို ဆိုလိုပါတယ်။ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ MSDP နှင့် စီမံကိန်းဘဏ်ဆိုင်ရာကိစ္စရပ်များကို သိရှိဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊

ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်များကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပါတယ်။ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန များမှ လက်တွေ့လုပ်ငန်းဆောင်ရွက်နေသူများကိုလည်း ၂၀၁၉ ခုနှစ် မတ်လအတွင်း အလုပ်ရုံ ဆွေးနွေးပွဲ (၂)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါတယ်။ ထို့အပြင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းများမှ ဝန်ထမ်းများက တိုင်းဒေသကြီး/ပြည်နယ်သီးသီးကို သွားရောက်ရှင်းလင်းဆွေးနွေးမှုများလည်း ပြုလုပ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းတွင် ဗျူဟာမြောက်လုပ်ငန်းစဉ်စီမံကိန်းများကို Project Bank တွင် ထည့်သွင်းဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက အဆိုပြုလာတဲ့ Project Template များကို နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီရုံးဝန်ထမ်းများ၊ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက သတ်မှတ်ထားတဲ့ စိစစ်ရေးဆိုင်ရာအညွှန်း(Screening Tool)ကို အသုံးပြုပြီးတော့ စိစစ်ဆောင်ရွက်မှုများ ပြုလုပ်ရပါတယ်။ စီမံကိန်းများ မဟာဗျူဟာမြောက်ခြင်းရှိ/မရှိ၊ MSDP နှင့်ကိုက်ညီခြင်းရှိ/မရှိတို့ကို ပထမအဆင့် Screening Tool ဖြင့်စိစစ်ပြီးတော့ စီမံကိန်းဦးစားပေးမှုနှင့် Source of Financing ကို ဒုတိယအဆင့် Screening Tool ဖြင့်စိစစ်ပါတယ်။ အဲဒီလိုစိစစ်ပြီးနောက် ကျွန်တော်တို့ Excellent, Good, Average, Deficient ဆိုပြီးခွဲခြားပြီးတော့ စီမံကိန်းများထွက်လာပါတယ်။ အဆိုပါအမျိုးအစားများကို Strategic နှင့် Non-Strategic ဆိုပြီးတော့ အမျိုးအစား ထပ်မံခွဲခြားပါတယ်။ ဘဏ္ဍာရန်ပုံငွေအရင်းအမြစ် ပေါ်မူတည်ပြီးတော့ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မယ့်လုပ်ငန်းစီမံကိန်းများကို ဘတ်ဂျက် လုပ်ငန်းစဉ်ဖြင့် ချိတ်ဆက်ပေးပါတယ်။ ဖွံ့ဖြိုးမှုအကူအညီများနဲ့ ဆောင်ရွက်မယ့်လုပ်ငန်း စီမံကိန်းများကို ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့(DACU)နှင့် ကျွန်တော်တို့ ချိတ်ဆက်ပေးပါ တယ်။ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ရမယ့်လုပ်ငန်းစီမံကိန်းများကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်ရေးစင်တာ (PPP Centre)နှင့် ချိတ်ဆက်ပေးပါတယ်။

အဲဒီလိုစိစစ်ပြီးတဲ့အခါမှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းမှာ Score(ရမှတ်) ကောင်းတဲ့စီမံကိန်းများကို နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေခွင့်ပြုနိုင်တဲ့အပေါ်မှာ မူတည်ပြီးတော့ ထည့်သွင်း

ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုနဲ့ ဆောင်ရွက်မယ့် စီမံကိန်းအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန(PPP Centre)ရဲ့ အကြံပြုချက်နဲ့ လုပ်ငန်းစီမံချက်များကို စိစစ်ပြီးတော့ လိုအပ်သလို ပြန်ကြားဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်၍ ပြည်ထောင်စုဝန်ကြီးဌာနများရဲ့ ဗျူဟာမြောက်လုပ်ငန်း စီမံကိန်းများကို Project Bank မှာ ထည့်သွင်းဆောင်ရွက်ရမှာဖြစ်ပြီးတော့ တိုင်းဒေသကြီး/ ပြည်နယ်ဘတ်ဂျက်နဲ့ ဆောင်ရွက်ရမယ့် ဗျူဟာမြောက်လုပ်ငန်းစီမံကိန်းများကိုလည်းပဲ Project Bank မှာ ထည့်သွင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းဆွေးနွေးထားတဲ့ အတိုင်းပဲ ကျွန်တော်တို့ ဘတ်ဂျက်မှာထည့်ပြီးပြီ။ ကျွန်တော်တို့ အဆင့်ဆင့် စိစစ်ပြီးပြီ။ လွှတ်တော်ကိုရောက်ရှိလာပြီဆိုရင်တော့ ဒီစီမံကိန်းများဟာ မဟာဗျူဟာမြောက်စီမံကိန်းများဖြစ်တဲ့ အကြောင်း လွှတ်တော်ကိုတင်ပြ အသိပေးအကြောင်းကြားပြီးတော့မှ ကျွန်တော်တို့ လွှတ်တော်နဲ့ ညှိနှိုင်းဆောင်ရွက်မှာဖြစ်ပါတယ်။ အထက်ပါကဲ့သို့ စီမံကိန်းဘဏ်(Project Bank)ဆိုင်ရာ စီမံချက်များနဲ့ စီမံကိန်းများချိတ်ဆက်မှု၊ ဦးစားပေးနယ်ပယ်သတ်မှတ်မှု၊ ဘတ်ဂျက် သို့မဟုတ် ဖွံ့ဖြိုးမှုအကူအညီ သို့မဟုတ် PPP ပုံစံဖြင့် အကောင်အထည်ဖော်မယ့် ဘဏ္ဍာငွေအရင်းအမြစ်အလိုက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လိုအပ်သလို ချိတ်ဆက်ပေးမှုတို့ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာနအနေဖြင့် ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်။ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၂၀၁၁ ခုနှစ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ဥပဒေပြုပြီးနောက် စိစစ်ခြင်းအစီရင်ခံစာ တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ၂၀၁၁ ခုနှစ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ဥပဒေပြုပြီးနောက် စိစစ်ခြင်းအစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးတင်ထွန်းနိုင် (အတွင်းရေးမှူး၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့လမ်းညွှန်ခွင့်ပြုချက်အရ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ ဥပဒေပြုပြီးနောက် စိစစ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဖြစ်တဲ့ ဦးတင်ထွန်းနိုင်(ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်)က တင်ပြအစီရင်ခံသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုနိုင်ပါရန် ခွင့်တောင်းခံအပ်ပါတယ်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ Westminster foundation for Democracy-WFD(UK)ရဲ့အကူအညီအထောက်အပံ့နဲ့ ဥပဒေပြုပြီးနောက် စိစစ်ခြင်း၊ PLS လုပ်ငန်းစဉ်ကို ပြည်သူ့လွှတ်တော်မှာ ရှေ့ပြေးအစီအစဉ်(Pilot Project)အနေနဲ့ ၂၀၁၇ ခုနှစ် ဇူလိုင်လကစလို့ စီမံချက်ရေးဆွဲပြီး စတင်ဆောင်ရွက်ခဲ့ကြပါတယ်။ ဥပဒေပြုပြီးနောက်စိစစ်ခြင်းဆိုတာ ဥပဒေတွေပြဋ္ဌာန်းပေးလိုက်ပြီးနောက်မှာ အဲဒီဥပဒေတွေရဲ့အမှန်တကယ်အကျိုးသက်ရောက်မှု၊ လက်တွေ့စည်းနှောင်မှု၊ အားနည်းချက်၊ အားသာချက်တွေကို ဘက်ပေါင်းစုံစိစစ်လေ့လာပြီး ပြင်ဖို့

လိုအပ်ရင် ပြင်တာ၊ ဖြည့်ဖို့လိုအပ်ရင် ဖြည့်တာ၊ ဖျက်သိမ်းဖို့ လိုအပ်ရင် ဖျက်သိမ်းဖို့ ဦးတည်ဆောင်ရွက်တဲ့လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်နှင့်စပ်လျဉ်းတဲ့ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို အခုလို လွှတ်တော်ကို တင်ပြအစီရင်ခံတာမှာ ရည်ရွယ်ချက် လေးရပ်ရှိပါတယ်။ ပထမဦးဆုံး ရည်ရွယ်ချက်ကတော့ ဒီလုပ်ငန်းစဉ်ကို ရှေ့ပြေးအဖြစ် စတင်ဆောင်ရွက်ခဲ့ရာမှာ ကျွန်တော်တို့ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံများ၊ စိန်ခေါ်မှုများနှင့် အခက်အခဲတချို့ကို မျှဝေလိုတဲ့အတွက် ဖြစ်ပါတယ်။ ဒုတိယရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ဆောင်ရွက်ခဲ့တာတွေနဲ့စပ်လျဉ်းတဲ့ အားနည်းချက်၊ အားသာချက်တွေကို ကြိုတင်လေ့လာသိရှိခြင်းအားဖြင့် တခြားလွှတ်တော်ကော်မတီတွေ ကျွန်တော်တို့လို အလားတူ PLS လုပ်ငန်းစဉ်များ ဆောင်ရွက်ရာမှာ အကူအညီအထောက်အပံ့ကောင်းတွေ ရစေရန်နှင့် ပိုမိုပြည့်စုံကောင်းမွန်တဲ့ အစီရင်ခံစာတွေ ပေါ်ထွန်းလာစေရေး ဖြစ်ပါတယ်။ တတိယရည်ရွယ်ချက်ကတော့ ဒီအစီရင်ခံစာအပေါ်မှာ လွှတ်တော်ရေးရာကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများက ထောက်ပြဝေဖန်ဝိုင်းဝန်းအကြံပြုဆွေးနွေးခြင်းအားဖြင့် PLS လုပ်ငန်းစဉ်ရဲ့ အန္တိမရည်မှန်းချက်ဖြစ်တဲ့ စိစစ်ဆဲ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပြင်ဆင်ရေးမှာ ပိုမိုပြည့်စုံကောင်းမွန်တဲ့ ပြင်ဆင်ဖြည့်စွက်ချက်များ ရရှိလာစေရေးဖြစ်ပါတယ်။ နောက်ဆုံးရည်ရွယ်ချက်ကတော့ ယခင် မရှိဖူးသေးတဲ့ ဥပဒေပြုပြီးနောက် စိစစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ ကျွန်တော်တို့လွှတ်တော်များမှာ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးအားကောင်းလာစေရန် ဖြစ်ပါတယ်။

လေးစားရပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်မှာ ကျွန်တော်တို့ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေနဲ့ တာဝန်ယူစိစစ်ရတဲ့ဥပဒေ ၁၈ ခုရှိပါတယ်။ အဲဒီထဲက ဘယ်ဥပဒေကို အခုလုပ်ငန်းစဉ်ဖြစ်တဲ့ ဥပဒေပြုပြီးနောက် စိစစ်ခြင်းဆောင်ရွက်မလဲလို့ ရွေးချယ်စဉ်းစားရာမှာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၃)ဖြစ်တဲ့ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ကော်မတီဝင်များအနေနဲ့ အကြိမ်ကြိမ် ဆွေးနွေးတိုင်ပင်ညှိနှိုင်းပြီး ရွေးချယ်ခဲ့ကြပါတယ်။ အသေးစားငွေရေးကြေးရေးဥပဒေဟာ ၂၀၁၁ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်လို့ ဒီဥပဒေရဲ့စည်းနှောင်မှု၊ လက်တွေ့အကျိုးသက်ရောက်မှုကို ပြန်လည် ဆန်းစစ်ဖို့ လိုအပ်နေတယ်။ အသေးစားငွေရေးကြေးရေးလုပ်ငန်းတွေဆိုတာဟာလည်း လက်ရှိအချိန်မှာ အရှိန်အဟုန်နဲ့ တိုးတက်ဖြစ်ထွန်းနေတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သလို ကျွန်တော်တို့တိုင်းပြည်ရဲ့ဝင်ငွေနည်း ပြည်သူအများစုအပေါ် ကြီးကြီးမားမားလွှမ်းမိုးသက်ရောက်နေတဲ့ ဥပဒေလည်း ဖြစ်ပါတယ်။ ဒီဥပဒေရဲ့အားနည်းချက်၊ အားသာချက်တွေကို စိစစ်ဖော်ထုတ်ပြီး

ဥပဒေပြုမဏ္ဍိုင်ဖြစ်တဲ့ ကျွန်တော်တို့လွှတ်တော်အနေနဲ့ လိုအပ်တဲ့ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတစ်ဝန်းက ဝင်ငွေနည်းပြည်သူတွေရဲ့လူမှုစီးပွားဘဝကို ထိထိရောက်ရောက်မြှင့်တင်ပေးနိုင်မယ်စတဲ့အချက်သုံးချက်အပေါ်အဓိကအခြေခံပြီး ရွေးချယ်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပထမဦးဆုံးအနေနဲ့ တည်ဆဲဥပဒေနှင့် သက်ဆိုင်တဲ့နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တွေနဲ့ အမိန့်ကြော်ငြာစာတွေကို စုစည်းပြီး အသေးစိတ်သရုပ်ခွဲလေ့လာဖို့လိုအပ်တဲ့အတွက် ဥပဒေရေးရာကျွမ်းကျင်ပညာရှင်တစ်ဦးကို WFD ရဲ့အထောက်အပံ့နဲ့ သီးသန့်ငှားရမ်းဆောင်ရွက်ခဲ့ပါတယ်။ သူရဲ့အကူအညီနဲ့ပဲ တည်ဆဲဥပဒေရဲ့အားနည်းချက်၊ အားသာချက်တွေ၊ နောက်ဆက်တွဲထုတ်ပြန်ထားတဲ့ အမိန့်ကြော်ငြာစာတွေရဲ့အကျိုးသက်ရောက်မှုတွေကို ကျယ်ကျယ်ပြန့်ပြန့် စိစစ်လေ့လာဖော်ထုတ်နိုင်ခဲ့သလို ဥပဒေနှင့်ပတ်သက်ဆက်စပ်နိုင်သူများ(State Holder) တွေနဲ့ ကွင်းဆင်းတွေ့ဆုံရာမှာလည်း ကြိုတင်ပြုစုပြင်ဆင်ထားတဲ့မေးခွန်းပုံစံများနှင့် ချဉ်းကပ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အသေးစိတ်ကိုတော့ ကိုယ်စားလှယ်တော်ကြီးများထံ ဖြန့်ဝေထားတဲ့အစီရင်ခံစာမှာ ပြည့်ပြည့်စုံစုံပါတာမို့လို့ ကျွန်တော့်အနေနဲ့ဒီနေရာမှာ အသေးစိတ်ထပ်မံမတင်ပြတော့ပါဘူး။

လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ကော်မတီဝင်များနှင့် ရေးရာကော်မတီဝန်ထမ်းများအနေနဲ့ PLS လုပ်ငန်းစဉ်ရဲ့အရေးကြီးတဲ့အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ မြေပြင်ကွင်းဆင်းလေ့လာခြင်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်နဲ့ အဖွဲ့နှစ်ဖွဲ့ခွဲပြီး ရန်ကုန်၊ မန္တလေး၊ ပုသိမ်၊ တောင်ငူမြို့ကြီးများမှာရှိတဲ့ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း ၂၁ ဖွဲ့၊ ချေးငွေရယူထားတဲ့ အသင်းသား ၂၁၀ ဦးနဲ့ ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ အသင်းသားတွေရဲ့ချေးငွေရယူပြီး ဆောင်ရွက်နေတဲ့ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းတွေကိုလည်း သွားရောက်လေ့လာကြည့်ရှုခဲ့သလို ချေးငွေထုတ်ပေးနေတဲ့အသင်းအဖွဲ့တွေရဲ့စိန်ခေါ်မှုများ၊ အခက်အခဲများကိုလည်း လေ့လာမေးမြန်းနိုင်ခဲ့ပါတယ်။ အခုဆိုရင် ရရှိလာတဲ့အချက်အလက်တွေအပေါ် အခြေခံပြီး တည်ဆဲအသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပြင်ဆင်နိုင်ရေးအတွက် သက်ဆိုင်ရာဦးစီးဌာန၊ ကြီးကြပ်မှုကော်မတီများနှင့် အသေးစိတ်ညှိနှိုင်းတိုင်ပင်မှုများဆောင်ရွက်လျက်ရှိပြီး မကြာခင်မှာ ပြင်ဆင်တဲ့ဥပဒေကြမ်းကို လွှတ်တော်ကို တင်ပြနိုင်ဖို့ စိစစ်လျက်ရှိပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၃ ပုဒ်မခွဲ(င)နှင့်အညီ ကျွန်တော်တို့ရဲ့အစီရင်ခံစာကို ဝိုင်းဝန်းဝေဖန်

ထောက်ပြအကြံပြုဆွေးနွေးပေးကြပါလို့ မေတ္တာရပ်ခံဖိတ်ခေါ်ရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**
**၂၀၁၁ ခုနှစ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအားဥပဒေပြုပြီးနောက် စိစစ်ခြင်း**

**အနှစ်ချုပ်**

၁။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတည်းဟူသော နိုင်ငံတော်၏ ခက်မသုံးဖြာ၊ အာဏာသုံးရပ်တွင် လွှတ်တော်များ၏ အဓိက အခန်းကဏ္ဍမှာ ဥပဒေပြုရေးဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့ အကျိုးစီးပွားအတွက် ဥပဒေများပြဋ္ဌာန်းခြင်း၊ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများအား ရည်ရွယ်ချက်သို့ ပြည့်မီရောက်ရှိခြင်းရှိ/မရှိကို စိစစ်လေ့လာ၊ အကဲဖြတ်ရန် တာဝန်လည်းရှိပါ သည်။

၂။ ဥပဒေပြုပြီးနောက် စိစစ်ခြင်းဆိုသည်မှာ ဥပဒေပါပြဋ္ဌာန်းချက်များသည် လက်တွေ့တွင် ကျင့်သုံးမှု ရှိ/မရှိကိုလည်းကောင်း၊ တရားရုံးများသည် ဥပဒေအားမည်သို့ အဓိပ္ပါယ်ဖွင့်ဆိုကြပြီး၊ ဥပဒေကျင့်သုံးသူ ပညာရှင်များနှင့် နိုင်ငံသားများအနေဖြင့် ဥပဒေအား မည်သို့ အသုံးပြု နေကြသည်ကို လည်းကောင်း လေ့လာခြင်းဖြစ်သည်။ တနည်းအားဖြင့် ဥပဒေ၏ ထိရောက်မှုနှင့် သက်ရောက်မှု နယ်ပယ်ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာခြင်းပင်ဖြစ်သည်။

၃။ မြန်မာ့လွှတ်တော်များတွင် ဥပဒေပြုပြီးနောက်စိစစ်ခြင်း ကနဦးအစီအစဉ်အဖြစ် Westminster Foundation for Democracy (WFD)၏ ကူညီပံ့ပိုးမှုဖြင့် ပြည်သူ့ လွှတ်တော်၊ 'ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ နှင့် အမျိုးသား လွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ တို့သည် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လမှ စတင်၍ လုပ်ငန်းအစီအစဉ်များ ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဥပဒေ ပြုပြီးနောက်စိစစ်ခြင်း လုပ်ငန်းစဉ်ကို ရည်ရွယ်ချက် (၄) ရပ်၊ လုပ်ငန်းစဉ် (၁၇) ရပ် (နောက်ဆက်တွဲ- က) ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ဝင်ငွေနည်း ပြည်သူ လူထုများအား

ဆင်းရဲနွမ်းပါးမှု လျော့ချနိုင်စေရေးအတွက် အဓိကကျသည့် "အသေးစား ငွေရေး ကြေးရေး လုပ်ငန်းဥပဒေ" ကို ရွေးချယ်ခဲ့ပြီး စာရင်းကောက်ယူခြင်း၊ ဥပဒေနှင့် ပတ်သက်စပ်ဆိုင်သူ များနှင့် တွေ့ဆုံမေးမြန်းခြင်း လုပ်ငန်းစဉ်များကို ၂-၆-၂၀၁၈ ရက်နေ့မှ ၃-၆-၂၀၁၈ ရက်နေ့ထိ ရန်ကုန်မြို့နှင့် ပုသိမ်မြို့၊ ၉-၆-၂၀၁၈ရက်နေ့မှ ၁၀-၆-၂၀၁၈ ရက်နေ့ထိ မန္တလေးမြို့နှင့် တောင်ငူမြို့များတွင် အဖွဲ့ခွဲ၍ ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်ကွင်းဆင်း ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားသည့် ဥပဒေ၏ စည်းနှောင်မှု၊ ဥပဒေ ကျင့်သုံးခြင်းဆိုင်ရာ စိန်ခေါ်မှု၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် အကဲဖြတ်ချက်၊ ဥပဒေနှင့် သက်ဆိုင်သူများ၏ တာဝန်နှင့်အခွင့်အရေးများ၊ ဥပဒေ၏ နောက်ဆက်တွဲ နည်းဥပဒေလုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့်စပ်လျဉ်းသည့် အားနည်း ချက်၊ အားသာချက်များကို အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း (၂၁) ဖွဲ့ အသင်းသားဦးရေ (၂၁၀) ဦးနှင့် တွေ့ဆုံဆွေးနွေးပြီး စိစစ်လေ့လာဖော်ထုတ်ခဲ့ပါသည်။

၆။ ထိုသို့မေးမြန်းဆွေးနွေးရာတွင် ဥပဒေနှင့် ပတ်သက်စပ်ဆိုင်သူ အုပ်စုအလိုက် ထိထိရောက်ရောက် အချက်အလက်များ ကောက်ယူနိုင်ရေးအတွက် ဥပဒေရေးရာကျွမ်းကျင်ပညာရှင် ၏ အကူ အညီရယူ၍ ကြိုတင်ပြုစုထားသော မေးခွန်းပုံစံများဖြင့် ချဉ်းကပ်ဆောင်ရွက်ခဲ့ပါသည်။ (နောက်ဆက်တွဲ - ခ)

**စိစစ်လေ့လာတွေ့ရှိချက် အကျဉ်းချုပ်-**

၇။ စိစစ်လေ့လာတွေ့ရှိချက် အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေ (၂၀၁၁ ခုနှစ်) သည် ဝင်ငွေနည်း ပြည်သူလူထုများအတွက် အမှန်တကယ် လိုအပ်လျက်ရှိသည့် ဥပဒေတစ်ရပ် ဖြစ်ကြောင်းတွေ့ရှိရခြင်း။

(ခ) ချေးငွေရယူသုံးစွဲသည့် အသင်းသားများသည် လက်တွေ့တွင် ကြွေးနွံနစ်မှု ထောင်ချောက်နှင့် ရင်ဆိုင်ကြုံတွေ့နေရခြင်း။

(ဂ) လိုအပ်နေသည့် နေရာဒေသများသို့ ချေးငွေများ ထိရောက်စွာ ထုတ်ချေးနိုင်မှု မရှိခြင်း။

(ဃ) လိုင်စင်မဲ့ ငွေထုတ်ချေးသူများနှင့် အဖွဲ့အစည်းများ ဆက်လက်တည်ရှိနေခြင်း။

(င) ပြည်တွင်းပြည်ပမှ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့် မတည် ငွေရင်းလုံလောက်မှုမရှိခြင်း။

(စ) ချေးငွေပြန်လည်ပေးဆပ်ရန် တာဝန်ရှိမှုကို အချို့အသင်းသားများမှ လိုက်နာ ဆောင်ရွက်မှု အားနည်း ပျက်ကွက်လျက်ရှိခြင်း။

(ဆ) အသင်းသားများအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု အသိပညာ ဗဟုသုတ အားနည်းခြင်း၊ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့်လည်း အသင်းသားများအား ဘဏ္ဍာရေးဆိုင်ရာ အသိပညာပေးမှု အားနည်းခြင်း။

(ဇ) ပရဟိတ အခြေခံ နိုင်ငံတကာအဖွဲ့အစည်းများမှ စီးပွားရေးဆန်ဆန် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျှက် ရှိရာတွင် အကျိုးစီးပွား ပဋိပက္ခဖြစ်မှုများနှင့် ဥပဒေအရကန့်သတ်ထားသည့် အသင်း အဖွဲ့ တည်ထောင်ခြင်းဆိုင်ရာ မူဝါဒများနှင့် လိုက်လျောညီထွေမှု အားနည်းခြင်း၊

(ဈ) ဥပဒေတွင် လုပ်ငန်း(၆) ခုအား လုပ်ကိုင်ခွင့်ပေးထားသော်လည်း အချို့လုပ်ငန်း များသာ လုပ်ကိုင်ဆောင်ရွက်နေခြင်း စသည်တို့ကို စိစစ်လေ့လာတွေ့ရှိခဲ့ရ ပါသည်။

(ည) အများဆုံးထုတ်ချေးနိုင်သော ချေးငွေပမာဏအား ညွှန်ကြားချက် (၁/၂၀၁၇)ဖြင့် ကျပ်သိန်း ၁၀၀ အထိ တိုးမြှင့်သတ်မှတ်ပေးခဲ့သော်လည်း အချို့အသေးစားစီးပွား ရေး လုပ်ငန်းများအတွက် လုံလောက်မှု မရှိသဖြင့် ကျပ်သိန်း ၂၀၀ အထိတိုးမြှင့် သတ်မှတ်ပေးရန် လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၈။ သုံးသပ်ချက်အနေဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ (၂၀၁၁ ခုနှစ်) သည် ပြန်လည်ပြင်ဆင်ရေးဆွဲရန် လိုအပ်လျက်ရှိသည့် ဥပဒေတစ်ရပ်ဖြစ်သည်။ ပြင်ဆင်ရေးဆွဲသော ဥပဒေတွင် ဖော်ပြပါ စိစစ်လေ့လာ တွေ့ရှိချက်များအပေါ် အခြေခံပြီး ခေတ်စနစ်၊ လက်တွေ့ မြေပြင်အနေအထား၊ အခက်အခဲ၊ စိန်ခေါ်မှုများကို ထည့်သွင်းစဉ်းစားလျှက် ဥပဒေ၏ မူလ ရည်ရွယ်ချက်များကို အပြည့်အဝ အာမခံဖော်ဆောင်နိုင်မည့် ဥပဒေတစ်ရပ်ဖြစ်ရန် အထူး လိုအပ်လျက်ရှိပါသည်။

## အခန်း(၁)

## နိဒါန်း

၉။ ဥပဒေပြုပြီးနောက် စိစစ်ခြင်းလုပ်ငန်းစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်ရန် Westminster Foundation for Democracy (WFD) မှ တာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင်၊ အတွင်းရေးမှူး ဦးတင်ထွန်းနိုင် ဦးဆောင်သော ကော်မတီအဖွဲ့အဝင်များ၊ ရေးရာကော်မတီ ဝန်ထမ်းများသည် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် ရေးရာဆောင် I-7 ၌ တွေ့ဆုံ ဆွေးနွေးခဲ့ကြပါသည်။

၁၀။ ရည်ရွယ်ချက်များအနေဖြင့် ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းမည့် ဥပဒေ၊ နည်းဥပဒေများပေါ်ပေါက်လာစေရန်၊ ပေါ်ပေါက်လာသည့် နည်းဥပဒေအမိန့်ညွှန်ကြား ချက်များသည် မူရင်းဥပဒေနှင့် သဟဇာတဖြစ်စေရန်၊ ယင်းဥပဒေများ၏ စည်းနှောင်မှုအား ပြည်သူများ လက်တွေ့ကျင့်သုံး ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိတို့ကို ပြန်လည်ဆန်းစစ်လေ့လာရန်နှင့် ထိုသို့ ဆောင်ရွက်ရာတွင် ကော်မတီ၏ ရုံးဝန်ထမ်းများ ပါဝင်ဆောင်ရွက်နိုင်စေရေးနှင့် ၎င်းတို့၏ အရည်အသွေးများ တိုးတက်လာစေရန် စသည့်အချက်များကို ဦးတည်ဆောင်ရွက်ခဲ့ပါသည်။

၁၁။ စိစစ်လေ့လာရန် ဥပဒေအဖြစ် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် (၁၃/၂၀၁၁) အား ရွေးချယ်ခဲ့ပါသည်။ ထိုသို့ရွေးချယ်ခဲ့ရာတွင် အဆိုပါ ဥပဒေသည် (၂၀၁၁ ခုနှစ်) တွင် ပြဋ္ဌာန်းခဲ့သည် ဥပဒေဖြစ်ခြင်း၊ ဝင်ငွေနည်းပြည်သူများအပေါ် ကြီးမားကျယ်ပြန့်စွာ အကျိုးသက်ရောက်လျက်ရှိသည့် ဥပဒေဖြစ်ခြင်း၊ နိုင်ငံတော်၏ ပြောင်းလဲ လာသော စီးပွားရေးမူဝါဒများနှင့် လိုက်လျောညီထွေမှုရှိသည့် ဥပဒေတစ်ရပ်ဖြစ်ရန် လိုအပ်လျက် ရှိခြင်း စသည့်အချက်များအပေါ် အဓိကအခြေခံ၍ ရွေးချယ်ခဲ့ပါသည်။

၁၂။ ဥပဒေပြုပြီးနောက်စိစစ်ခြင်းတွင် လုပ်ငန်းစဉ်(၁၇)ရပ်ပါရှိကာ လုပ်ငန်းစဉ်တစ်ရပ်ချင်းစီ ကို အကောင်အထည် ဖော်ဆောင်ရွက်ရန် တာဝန်ရှိသူများနှင့် ယင်းတို့၏တာဝန်ဝတ္တရားများကို ခွဲဝေသတ်မှတ်ခြင်း၊ ဥပဒေနှင့်ပတ်သက်စပ်ဆိုင်သူများ၏ အခန်းကဏ္ဍကို လေ့လာဖော်ထုတ်ခြင်း၊ ဥပဒေအား လက်တွေ့ကျင့်သုံးလျက်ရှိသည့် နယ်ပယ်ဒေသအသီးသီးမှ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ် များနှင့် မြေပြင်ကွင်းဆင်း တွေ့ဆုံဆွေးနွေးခြင်း၊ ရရှိလာသည့် အချက်အလက်များကို သရုပ်ခွဲစိစစ် လေ့လာခြင်း၊ ဥပဒေနှင့်သက်ဆိုင်သည့် အားနည်းချက်၊ အားသာချက်၊ စိန်ခေါ်မှု၊ အကန့်အသတ်

များကို ဆန်းစစ်ဖော်ထုတ်ခြင်းနှင့် လက်ရှိဥပဒေအား ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည်များကို အကြံပြုသုံးသပ်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

၁၃။ ယခုအခါ တည်ဆဲ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအား ပြင်ဆင်နိုင်ရေး အတွက် ကော်မတီသည် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် ငွေရေးကြေးရေးအဖွဲ့အစည်း များ ပါဝင်ပေါင်းစပ်၍ အသေးစိတ်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်လျက်ရှိပါသည်။

## အခန်း(၂)

## အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ၏ ရည်ရွယ်ချက်များနှင့် လက်တွေ့ကျင့်သုံး ဆောင်ရွက်နေမှုအခြေအနေများ

၁၄။ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ၏ ရည်ရွယ်ချက်များနှင့် လက်တွေ့ကျင့်သုံး ဆောင်ရွက်နေမှုအခြေအနေများမှာ-

**(က) ဥပဒေ၏ ရည်ရွယ်ချက်နှင့် ပြဋ္ဌာန်းချက်များ**

အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃ ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။[1]

ဥပဒေ၏ရည်ရွယ်ချက်မှာ အခြေခံလူတန်းစားများ၏ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ရန်နှင့် လူနေမှုအဆင့်အတန်းဖွံ့ဖြိုးတိုးတက်စေရန်၊ အသေးစား စီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်းစီးပွားရေးလုပ်ငန်းများ ဖန်တီးချဲ့ထွင်ပေးရန်နှင့် ခွေတာစုဆောင်းသည့်အလေ့အထများအား ပြုစုပျိုးထောင်ပေးရန်တို့ဖြစ်ပါသည်။[2]

ယင်းဥပဒေသည် အသေးစားငွေရေးကြေးရေး လုပ်ငန်းများအား တရားဝင်လုပ်ကိုင်နိုင်ရန် ပြဋ္ဌာန်းခြင်းဖြစ်သည်။ ဥပဒေအရ အသေးစားငွေရေးကြေးရေး လုပ်ငန်းလိုင်စင် လျှောက်ထားရန်နှင့် ချေးငွေများကို ထုတ်ချေးနိုင်ရန်အတွက် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းထားပါသည်။[3]

ဥပဒေအရ ဖွဲ့စည်းထားသောလုပ်ငန်းကော်မတီ (၃) ခု ရှိပါသည်။

(၁) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း ကော်မတီ၊

---

[1] အသေးစားငွေရေးကြေးရေးဥပဒေ၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်

[2] အခန်း(၂)၊ ပုဒ်မ(၃)၊ အသေးစားငွေရေးကြေးရေးဥပဒေ၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်

[3] အခန်း(၈)၊ အခန်း(၉)၊ အသေးစားငွေရေးကြေးရေးဥပဒေ၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်

(၂) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၊

(၃) အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ တို့ဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း ကော်မတီ၏လုပ်ငန်းတာဝန်မှာ ကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်း ကော်မတီများအား ပေါင်းစပ်ကူညီပေးနိုင်ရန်ဖြစ်ပါသည်။[4]

အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်း တာဝန်မှာ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအတွက် လုပ်ငန်းဆိုင်ရာ မူဝါဒနှင့် လမ်းညွှန်ချက်များပေးပြီး စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းများ ဆောင်ရွက်ရန်ဖြစ်သည်။ ထို့အပြင် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်း၊ အနည်းဆုံးထည့်ဝင်ရမည့် မတည်ငွေရင်းသတ်မှတ်ပေးခြင်း၊ အပ်ငွေအပေါ် အတိုး နှုန်းနှင့် ထုတ်ချေးငွေအပေါ် ကောက်ခံရမည့်အတိုးနှုန်း သတ်မှတ်ပေးခြင်းများ ဆောင်ရွက်ရန်ဖြစ်ပါသည်။[5]

အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ၏ လုပ်ငန်းတာဝန်မှာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ အသေးစား ငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်လွှာများအား စိစစ်ခြင်း၊ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် လုပ်ငန်းဆောင်ရွက် မှု အစီရင်ခံစာများကို ကြီးကြပ်မှုကော်မတီသို့ တင်ပြရန်ဖြစ်ပါသည်။ [6]

## (ခ) ဥပဒေနှင့် သက်ဆိုင်သောအဖွဲ့အစည်းနှင့် ဌာနများ

အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေနှင့် သက်ဆိုင်သည့်ဌာနမှာ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနဖြစ်ပါသည်။ ယင်းဥပဒေမပြဋ္ဌာန်းမီ မြန်မာ့အသေးစားချေးငွေလုပ်ငန်းအမည်ဖြင့် **အသေးစားငွေရေးကြေးရေးလုပ်ငန်း များကို ကြီးကြပ်ခဲ့ပါသည်။ ဥပဒေပြဋ္ဌာန်းပြီးနောက် မြန်မာ့ အသေးစားငွေရေး**

---

[4] အခန်း(၃)၊ အသေးစားငွေရေးကြေးရေးဥပဒေ၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်

[5] အခန်း(၄)၊ ပုဒ်မ(၇)၊ အသေးစားငွေရေးကြေးရေးဥပဒေ၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်

[6] အခန်း(၅)၊ ပုဒ်မ(၁၀)၊ အသေးစားငွေရေးကြေးရေးဥပဒေ၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်

ကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်းအမည်သို့ ပြောင်းလဲခဲ့ပြီး ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာန အမည်ဖြင့် ပြောင်းလဲကြီးကြပ်ခဲ့ပါသည်။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-


(၁) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများကိုကြီးကြပ်စစ်ဆေးခြင်း၊

(၂) နိုင်ငံပိုင်ဘဏ်များကို ကြီးကြပ်စစ်ဆေးခြင်း၊

(၃) ပုဂ္ဂလိက အာမခံလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးခြင်း၊

(၄) အောင်ဘာလေထီလုပ်ငန်းများကိုကြီးကြပ်စစ်ဆေးခြင်းတို့ဖြစ်ပါသည်။[7]

**ဥပဒေနှင့် သက်ဆိုင်သောကော်မတီနှင့် ဌာနဖွဲ့စည်းပုံအဆင့်ဆင့်ပြဇယား**




**(ဂ) အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်ညွှန်ကြားချက်များ**

ဥပဒေပြဋ္ဌာန်းပြီးနောက် ကြီးကြပ်မှုကော်မတီ၊ သက်ဆိုင်ရာလုပ်ငန်း ကော်မတီများနှင့် အသေးစားငွေရေးကြေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့ သည်

[7] ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ တရားဝင် Website၊ ၂၅-၁-၂၀၁၈ တွင် ကြည့်ရှုသည်၊ http://www.mof.gov.mm

အသေးစားငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်မှုနှင့်ပတ်သက်၍ လိုအပ် သည့် လုပ်ထုံးလုပ်နည်းများနှင့်ညွှန်ကြားချက်များကို ထုတ်ပြန်ထားပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန (ယခု-စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန) သည် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (က) အရ အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို အောက်ဖော်ပြ ပါ အဖွဲ့အစည်းများအတွက် ထုတ်ပြန် ကြေညာထားပါသည်-

(၁) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီ၊

(၃) မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း (ယခုငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနဟု ပြောင်းလဲဖွဲ့စည်းထားပါသည်။)

(၄) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ[8]

အသေးစားငွေရေးကြေးရေး လုပ်ငန်းအဖွဲ့အစည်းများ၏ အသေးစားငွေရေးကြေးရေး လုပ်ငန်းများလုပ်ကိုင်ခြင်းနှင့် ပတ်သက်၍ အသေးစား ငွေရေးကြေးရေးကြီးကြပ်မှုကော်မတီမှ ညွှန်ကြားချက် (၁၆) စောင်နှင့် မြန်မာ့ အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်းမှ ညွှန်ကြားချက်(၃) စောင် စုစုပေါင်း ညွှန်ကြားချက် (၁၉) စောင်ကို ထုတ်ပြန်ထားပါသည်။ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရက်စွဲ | အမိန့်ကြော်ငြာစာအမှတ် | ထုတ်ပြန်သည့်အဖွဲ့အစည်း | အကြောင်းအရာ |
|---|---|---|---|---|
| ၁။ | ၂၃-၁၂-၂၀၁၁ | ၁/၂၀၁၁ | မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း | • အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ တွင် ထိန်းသိမ်းထားရှိရမည့်စာရင်း ပုံစံများနှင့် အစီရင်ခံစာပုံစံများအား သတ်မှတ် |

[8] အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ၂၃-၁၂-၂၀၁၁၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၂၇၇/၂၀၁၁

မူကြမ်း

| စဉ် | ရက်စွဲ | အမိန့်ကြော်ငြာစာအမှတ် | ထုတ်ပြန်သည့်အဖွဲ့အစည်း | အကြောင်းအရာ |
|---|---|---|---|---|
| | | | | ပေးခြင်း |
| ၂။ | ၂၇-၁၂-၂၀၁၃ | ၁/၂၀၁၃ | မြန်မာ့အသေးစား ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးလုပ်ငန်း | • အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရမည့် စာရင်းပုံစံများ နှင့် စာရင်း ခေါင်းစဉ်များ ပြောင်းလဲ သတ်မှတ်ခြင်း |
| ၃။ | ၆-၈-၂၀၁၄ | ၁/၂၀၁၄ | မြန်မာ့အသေးစား ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးလုပ်ငန်း | • အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများ အတွက် ချေးငွေအရင်း ပေးဆပ်မှု နောက် ကျလျှင် လိုက်နာမည့်စည်းမျဉ်းများ သတ်မှတ် ခြင်း၊<br>• ချေးငွေ အတန်းအစား ခွဲခြားခြင်းတို့ကို သတ်မှတ် ပေးခြင်း |
| ၄။ | ၂၃-၁၂-၂၀၁၁ | ၁/၂၀၁၁ | အသေးစားငွေရေး ကြေးရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီ | • အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသော အဖွဲ့အစည်းများ အတွက်လုပ်ကိုင်ခွင့်လိုင်စင် လျှောက် ထားရန် နည်းလမ်းများ သတ်မှတ်ခြင်း၊<br>• ကြီးကြပ်မှုကော်မတီသည် ရက်ပေါင်း (၃၀) အတွင်း လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကိုဆောင်ရွက်ရန်သတ်မှတ် ခြင်း၊<br>• တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်း ထားသည့် အဖွဲ့အစည်းများသာ အသေးစား ငွေရေးကြေးရေး လုပ်ငန်း များကို လုပ်ကိုင်နိုင်မည်ဟု သတ်မှတ် ခြင်း၊<br>• ယင်းအဖွဲ့အစည်းတွင် ထားရှိရမည့် မတည် ငွေရင်း၊ အတိုးနှုန်း၊ လိုင်စင်ကြေးနှင့် ဝန်ဆောင်မှု စရိတ်များကိုသတ်မှတ်ပေးခြင်း |
| ၅။ | ၂၃-၁၂-၂၀၁၁ | ၂/၂၀၁၁ | အသေးစားငွေရေး ကြေးရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီ | • အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ အသုံးပြုရမည့် လျှောက်လွှာပုံစံများ သတ်မှတ် ခြင်း |
| ၆။ | ၁၄-၁-၂၀၁၄ | ၁/၂၀၁၄ | အသေးစားငွေရေး ကြေးရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီ | • အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်း များက အများဆုံး ထုတ်ချေးနိုင်သည့် ချေးငွေအရွယ် အစားကို ကျပ်ငါးသိန်း အဖြစ် သတ်မှတ်ခြင်း၊<br>• အပ်ငွေလက်ခံသော ငွေရေးကြေးရေးအဖွဲ့ အစည်း များအတွက် ငွေပေးချေနိုင်မှု အချိုးနှင့် ငွေဖြစ် လွယ်မှု အချိုးသတ်မှတ်ချက်များ သတ်မှတ်ခြင်း၊<br>• အရစ်ကျငွေပေးချေမှု စနစ်ဖြင့် ပစ္စည်းများ |

| စဉ် | ရက်စွဲ | အမိန့်ကြော်ငြာ စာအမှတ် | ထုတ်ပြန်သည့် အဖွဲ့အစည်း | အကြောင်းအရာ |
|---|---|---|---|---|
| | | | | ဝယ်ယူ ပေးခြင်း၊ ဝန်ဆောင်မှုတွင် လယ်ယာပစ္စည်းများ၊ အသေးစား ကုန်ထုတ်ကိရိယာများမှလွဲ၍ ဆောင်ရွက်ခြင်းမပြုရန် ကန့်သတ်ခြင်း |
| ၇။ | ၁၄-၁-၂၀၁၄ | ၂/၂၀၁၄ | အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ | • အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများသည် အတိုးနှုန်း တွက်ချက်ကောက်ခံရာတွင်ချေး ငွေအပေါ် ကောက်ခံသော အတိုး နှုန်းအား သက်ရောက်အတိုးနှုန်းဖြင့် တွက်ချက်ကောက်ခံနိုင်ရန် သတ်မှတ်ခြင်း<br>• ချေးငွေနှင့် သက်ဆိုင်သောသတင်းအချက် အလက်များ ပြောင်းလဲမှုမရှိပါက နှစ်လ တစ်ကြိမ်နှင့် ပြောင်းလဲမှုရှိပါက ချက်ချင်း ထုတ်ပြန်အသိပေးနိုင်ရန် စည်းမျဉ်းများ သတ်မှတ်ပေးခြင်း[9] |
| ၈။ | ၂၃-၁၀-၂၀၁၄ | ၃/၂၀၁၄ | အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ | • အများဆုံးထုတ်ချေးနိုင်သည့် ချေးငွေကျပ် ၅ သိန်း မှ သိန်း ၅၀ အထိ တိုးမြှင့်သတ်မှတ်ခြင်း<br>• ပြည်တွင်းပြည်ပမှ ငွေချေးယူခွင့် ပြုရာတွင် စည်းကမ်းသတ်မှတ်ချက် များနှင့် ချေးယူခွင့်ပြုခြင်း<br>• Mobile Payment စနစ် ကျင့်သုံးခွင့်ပြုခြင်း |
| ၉။ | ၁၇-၂-၂၀၁၅ | ၁/၂၀၁၅ | | • အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ လက်ခံနိုင်သော မဖြစ်မနေစုဆောင်းရသည့်စုဆောင်းငွေနှင့်မိမိဆန္ဒအလျောက် စုဆောင်းသည့် အပ်ငွေပမာဏ ကန့်သတ်ခြင်း |
| ၁၀။ | ၂၅-၅-၂၀၁၅ | ၂/၂၀၁၅ | အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ | • ပြည်တွင်း အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများအား ချေးငွေရယူ ခွင့်ပြုခြင်းနှင့်ပတ်သက်၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း |

[9] သက်ရောက်အတိုးနှုန်းဆိုသည်မှာ အတိုးနှုန်းတွက်ချက်ရာတွင် မူလချေးငွေပမာဏအချို့ကို ပေးဆပ်ပြီးနောက် ကျန်ရှိသော ချေးငွေအပေါ် ပြောင်းလဲကောက်ခံသော အတိုးနှုန်းဖြစ်ပါသည်။

| စဉ် | ရက်စွဲ | အမိန့်ကြော်ငြာစာအမှတ် | ထုတ်ပြန်သည့်အဖွဲ့အစည်း | အကြောင်းအရာ |
|---|---|---|---|---|
| ၁၁။ | ၂၉-၆-၂၀၁၅ | ၃/၂၀၁၅ | အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ | • အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများ မှ အသင်းဝင်များ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုး တိုးတက်ရေး အကျိုးသက်ရောက်မှု များအား သုံးသပ်အကဲဖြတ် နိုင်ရန်စာရင်းဇယားများ ကောက်ယူခြင်းနှင့်ပတ်သက်၍ သတ်မှတ်ခြင်း |
| ၁၂။ | ၁၃-၁၁-၂၀၁၅ | ၄/၂၀၁၅ | အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ | • ပြည်တွင်းပြည်ပ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများသည် "ငွေကြေးခဝါချမှု တိုက်ဖျက်ရေး" ဥပဒေ၊ နည်းဥပဒေ၊ ၎င်းနှင့် သက်ဆိုင်သော အခြား တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာ လိုက်နာရန် သတ်မှတ်ခြင်း၊<br>• ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် သတင်းပို့ရန် တာဝန်သတ်မှတ်ခြင်း |
| ၁၃။ | ၁၉-၈-၂၀၁၆ | ၁/၂၀၁၆ | အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ | • အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများသည် အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြောင့် အသင်းသားများ ကြွေးဝန်မပိစေရန်၊ အသင်းသားများ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိစေရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိသော ငွေကြေးဝန်ဆောင်မှုများဖြန့်ဝေနိုင် ရန်အကာအကွယ်ပေးရေး ဥပဒေသများ သတ်မှတ်ခြင်း၊<br>• အသေးစား ငွေရေးကြေးရေးလုပ်ငန်းများအား အသင်းသားများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုအပေါ်အကျိုးသက်ရောက်မှုကို တိုင်းတာနိုင်ရန် အခြေခံအချက်အလက်များ နှစ်စဉ် ကောက်ယူတင်ပြရန် ညွှန်ကြားခြင်း၊ |
| ၁၄။ | ၁၉-၈-၂၀၁၆ | ၂/၂၀၁၆ | အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ | • အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသည် ပြည်တွင်း ပြည်ပမှချေးငွေရယူခြင်းနှင့်ပတ်သက်၍ လိုက်နာရမည့် စည်းကမ်းချက်များအား သတ်မှတ်ခြင်း၊ |

| စဉ် | ရက်စွဲ | အမိန့်ကြော်ငြာစာအမှတ် | ထုတ်ပြန်သည့်အဖွဲ့အစည်း | အကြောင်းအရာ |
|---|---|---|---|---|
| | | | | |
| ၁၅။ | ၁၉-၈-၂၀၁၆ | ၃/၂၀၁၆ | အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ | ● မြို့ပြတွင်လုပ်ကိုင်သော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ကျေးလက်ဒေသတွင် လုပ်ကိုင်သော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏အခွင့် အရေးများကို သီးခြားသတ်မှတ်ခြင်း၊<br>● အသင်းသား ငွေချေးရာတွင် အဖွဲ့အစည်း များမှ အာမခံပစ္စည်းရယူခြင်းကို တားမြစ် ခြင်း |
| ၁၆။ | ၁၉-၈-၂၀၁၆ | ၄/၂၀၁၆ | အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ | ● အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအား အသင်းဝင်များထံမှ လက်ခံနိုင်သည့်စု ဆောင်းငွေပမာဏ၊ စုဆောင်းငွေအပေါ် အတိုးနှုန်းများနှင့် အနည်းဆုံး ထည့်ဝင်ရ မည့် မတည်ငွေရင်းများကို သတ်မှတ် ခြင်း၊ |
| ၁၇။ | ၂၉-၈-၂၀၁၆ | ၅/၂၀၁၆ | အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ | ● အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများအတွက် ငွေပေးချေနိုင်မှုအချိုး၊ ငွေဖြစ်လွယ်မှုအချိုး၊ ချေးငွေအတန်းအစား ခွဲခြားခြင်းနှင့်ကြွေးဆုံးလျာထားခြင်းတို့ကို သတ်မှတ်ခြင်း |
| ၁၈။ | ၇-၄-၂၀၁၇ | ၁/၂၀၁၇ | အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ | ● အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများမှ အသင်းသား တစ် ဦးသို့ အများဆုံး ထုတ်ချေးနိုင်သည့် ချေးငွေအရွယ်အစားကို ကျပ်သိန်း(၁၀၀)အထိ သတ်မှတ်ခြင်း၊<br>● ချေးငွေထုတ်ချေးပေးနိုင်သည့် လုပ်ငန်းအမျိုးအစားများအား သတ်မှတ်ခြင်း၊<br>● ထုတ်ချေးရာတွင်လိုက်နာရမည့်စည်းမျဉ်းသတ်မှတ်ချက်များနှင့် အဖွဲ့အစည်းများအား မိမိ၏ထုတ်ချေးငွေဖြင့် လုပ်ကိုင်သော လုပ်ငန်းများအတွက် နည်းပညာများ ပံ့ပိုးဆောင်ရွက်ပေးရန်စည်းမျဉ်းများသတ်မှတ်ခြင်း |
| ၁၉ | ၁၇-၇- | ၂/၂၀၁၇ | အသေးစားငွေရေး | ● ပြည်ပကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီများ၊ |

| စဉ် | ရက်စွဲ | အမိန့်ကြော်ငြာစာအမှတ် | ထုတ်ပြန်သည့်အဖွဲ့အစည်း | အကြောင်းအရာ |
| --- | --- | --- | --- | --- |
| ။ | ၂၀၁၇ | | ကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ | အစုစပ်ကုမ္ပဏီများနှင့် INGO၊ NGO အဖွဲ့အစည်းများစသည့်အသေးစားငွေရေး ကြေးရေးအဖွဲ့အစည်းအသီးသီးအတွက် မတည်ငွေရင်းထည့်ဝင်ခြင်း၊ တိုးမြှင့်ခြင်းနှင့်ပတ်သက်၍ မတူညီသောညွှန်ကြားချက်များသတ်မှတ်ခြင်း |

**အခန်း(၃)**

**စိစစ်လေ့လာတွေ့ရှိချက်များ**

**၁၅။ စိစစ်လေ့လာတွေ့ရှိချက်များမှာ-**

**(က) အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ (၂၀၁၁ ခုနှစ်) သည် ဝင်ငွေနည်းပြည်သူလူထုများအတွက် အမှန်တကယ် လိုအပ်လျှက်ရှိသည့် ဥပဒေ တစ်ရပ် ဖြစ်သည်။**

၁၉၅၂ ခုနှစ်မတိုင်မီ မြန်မာနိုင်ငံတွင် တောင်သူလယ်သမားများနှင့် ဆင်းရဲနွမ်းပါးသည့် ပြည်သူများသည် အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုများ ရယူ ရန် တရားဝင် နည်းလမ်းမရှိခဲ့ပါ။ ထို့နောက် ၁၁-၁၁-၁၉၅၂ ခုနှစ်တွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းကို နိုင်ငံတော်အစိုးရ အပေါင်ဆိုင်အမည်ဖြင့် စတင်တည်ထောင်ခဲ့ပါသည်။ အသေးစားချေးငွေလုပ်ငန်းကို နည်းအမျိုးမျိုးဖြင့် လုပ်ကိုင်ခဲ့ကြပါသည်။ တရားမဝင် အပေါင်ဆိုင်ဖြင့်လည်း ချေးငွေချေးယူခြင်းလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြပါသည်။ ၂၀၁၁ ခုနှစ်တွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ပြဌာန်းခဲ့ပြီးနောက် အသေးစားငွေရေးကြေးရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလအထိ နိုင်ငံခြားမှ INGO အဖွဲ့အစည်း ၅ ဖွဲ့၊ NGO အဖွဲ့အစည်း ၂၂ ဖွဲ့၊ ပြည်ပကုမ္ပဏီ ၃၉ ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ ၁၀၇ ဖွဲ့နှင့် အစုစပ်ကုမ္ပဏီ ၃ ဖွဲ့ စုစုပေါင်း ၁၇၆ ဖွဲ့ဖြင့် လုပ်ကိုင်လျှက်ရှိပါသည်။ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းမတည်ငွေ စုစုပေါင်း ကျပ်သန်း ၃၂၇၉၈၇.၈၃၀၊ ထုတ်ချေးငွေ စုစုပေါင်း ကျပ်သန်း ၃၆၅၂၉၉၀.၁၈၀ ဖြင့် ငွေချေးသူဦးရေ ၃၀၈၈၂၈၈ ဦးအား ထုတ်ချေးနိုင်ခဲ့ပါသည်။ မြို့နယ်ပေါင်း ၂၃၁

မြို့နယ်၊ ရပ်ကွက်ပေါင်း ၁၇၅၆ ရပ်ကွက်၊ ကျေးရွာပေါင်း ၁၆၉၄၅ ကျေးရွာသို့ ဖြန့်ကျက် ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် ရရှိသည့် ကိန်းဂဏန်းများနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ရရှိသည့် ကိန်းဂဏန်းများ နှိုင်းယှဉ်ချက်အရ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း ၈ ဖွဲ့တိုးလာပြီး ငွေချေးသူဦးရေ ၄၂၄၆၆၃ ဦးအား ထပ်မံတိုးမြှင့်ထုတ်ချေး နိုင်ခဲ့ပါသည်။[10]

**(ခ) ချေးငွေရယူသုံးစွဲသည့်အသင်းသားများ လက်တွေ့တွင်ကြွေးနွံနစ်မှုထောင်ချောက် နှင့် ရင်ဆိုင်ကြုံတွေ့နေရခြင်း။**

ကြွေးနွံနစ်မှုပြဿနာများကိုဖြစ်ပေါ်စေသောအချက်အလက်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(၁) ချေးငွေများကို မှန်ကန်စွာသုံးစွဲမှုမရှိခြင်း၊

(၂) ချေးငွေပြန်လည်ပေးဆပ်ရန် အချိန်စေ့ရောက်သည့်အခါ အဆင်သင့်မဖြစ်ခြင်းကြောင့် ပြင်ပမှအတိုးနှုန်း ကြီးကြီးဖြင့်ချေးယူရခြင်း၊

(၃) အသင်းသားများအနေဖြင့်ငွေကြေးဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများမှ တစ်ဖွဲ့ထက်ပို၍ ချေးငွေများရယူခြင်းကြောင့် ပြန်လည်ပေးဆပ်ရန် ဝန်ထုပ်ဝန်ပိုးကြီးမားခြင်း၊

(၄) ငွေချေးသူများသည် ချေးငွေများကို ပြန်လည်ပေးဆပ်နိုင်သည့် အတိုင်း အတာထက် ပိုမိုချေးယူခြင်း[11]

**(ဂ) လိုအပ်နေသည့် နေရာဒေသများသို့ ချေးငွေများ ထိရောက်စွာ ထုတ်ချေးနိုင်မှု မရှိခြင်း။**

လိုအပ်နေသည့် နေရာဒေသများသို့ ချေးငွေများ ထိရောက်စွာ ထုတ်ချေးနိုင်မှု မရှိခြင်းမှာ အောက်ပါအကြောင်းအရင်းများကြောင့်ဖြစ်ပါသည်-

---

[10] ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့၊ ကော်မတီအစည်းဝေးမှတ်တမ်း၊
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ တရားဝင် Website၊ ၁၅-၂-၂၀၁၈ တွင် ကြည့်ရှုသည်၊
http://www.mof.gov.mm

[11] မြဝတီသတင်းစာ၊ 6-12-2017၊ 'ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကို ပုဂ္ဂလိက အသေးစားငွေချေးလုပ်ငန်း ၄၂ ခုမှ ချေးငွေများထုတ်ချေးပေး'

(၁) ဆင်းရဲနွမ်းပါးသော ပြည်သူလူထုများအတွက် အသေးစားငွေချေး လုပ်ငန်း များ ဖွံ့ဖြိုးအားကောင်းလာသော်လည်း လက်တွေ့တွင် ဝင်ငွေနည်း ကျေးလက်နေပြည်သူအများစုမှာ ချေးငွေနှင့် အလှမ်းဝေးနေသေးခြင်း[12]

(၂) အသေးစားချေးငွေ ဝန်ဆောင်မှုပေးနေသော အဖွဲ့အစည်းများ၏ ဝန်ထမ်း အင်အား လုံလောက်မှုမရှိခြင်းကြောင့် ကျယ်ကျယ်ပြန့်ပြန့်ဝန်ဆောင်မှု ပေးရန် အကန့်အသတ်များရှိနေခြင်း၊

(၃) ဒေသခံပြည်သူအချို့၏ ဗဟုသုတနည်းပါးခြင်းကြောင့် အသေးစား ငွေရေး ကြေးရေး လုပ်ငန်းများမှ ချေးငွေထုတ်ပေးနေသည့်အကြောင်းကို သိရှိမှု အားနည်းခြင်း။[13]

(၄) ကျေးလက်ဒေသထက်မြို့ပြတွင်သာ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း များ များပြားနေပြီး မတည်ငွေရင်း နည်းပါးခြင်းကြောင့် ကျေးလက်ဒေသ များတွင် ချေးငွေများ လုံလောက်စွာမရရှိခြင်း၊[14]

(၅) မြို့ပြတွင် အသေးစားချေးငွေများ ရယူရာ၌ သတ်မှတ်ချက်များနှင့် ကိုက်ညီရန် လိုအပ်ချက်များမှာ များပြားလွန်းသောကြောင့် အမှန်တကယ် ချေးငွေ လိုအပ်သည့်အသင်းသားများအနေဖြင့် ချေးငွေရရှိရန်ခက်ခဲခြင်း၊

(၆) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသည် ချေးငွေထုတ်ချေးရာ တွင် ငွေချေးသူများအနေဖြင့် လစဉ် ဝင်ငွေ၊ ထွက်ငွေ၊ နိုင်ငံသားမှတ်ပုံတင် နှင့် အိမ်ထောင်စုစာရင်း စသည်တို့ကိုတင်ပြရသဖြင့် ဝင်ငွေနည်း ပြည်သူများမှာ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ချေးငွေ ရရှိရန် ခက်ခဲလာသည်ကို တွေ့ရှိရခြင်း[15]

---

[12] 7 Daily News၊ 7-1-2018၊ '<u>အသေးစားငွေရေးကြေးရေးလုပ်ငန်းအသင်းသားတို့၏ကြွေးနွံနစ်မှုပြဿနာဘယ်လိုအဖြေရှာ</u>'

[13] Shann news၊ 10-10-2012၊ ' ငွေတိုးပေးသူအချို့ပူပန်နေ '

[14] Frontier Myanmar ၊ 5-10-2016 ၊ "Can Microfinance still make a difference?"

[15] Ibid.

**(ဃ) အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများသည် အသင်းသားများအပေါ် ချေးငွေများစီမံခန့်ခွဲသုံးစွဲမှုနှင့်စပ်လျဉ်းသည့် အသိပညာဗဟုသုတဖြန့်ဝေခြင်း အားနည်းနေသည့်အပြင် ဆင်းရဲနွမ်းပါးမှု လျော့ချရေးလုပ်ငန်းအပေါ် အထောက် အကူပြုမှုအပိုင်းတွင် အားနည်းနေသည်ကို တွေ့ရှိရခြင်း၊**[16]

**(င) လိုင်စင်မဲ့ ငွေထုတ်ချေးသူများနှင့် အဖွဲ့အစည်းများ ဆက်လက်တည်ရှိနေခြင်း။**

(၁) အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်နေသော အဖွဲ့အစည်းများတွင် အချို့သောအဖွဲ့အစည်းများသည် လိုင်စင်မဲ့ငွေချေး လုပ်ငန်းများ လုပ်ကိုင်နေသည်ကိုတွေ့ရခြင်း၊

(၂) တရားမဝင် ချေးငွေလုပ်ငန်း ဆောင်ရွက်နေသူများကို ထိရောက်သော အရေးယူမှုမရှိခြင်းကြောင့် တရားဝင်လိုင်စင်ဖြင့် လုပ်ငန်းဆောင်ရွက်လျက် ရှိသည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများမှာ နစ်နာမှုများ ရှိနေခြင်း၊

(၃) လိုင်စင်မဲ့ ငွေချေးယူမှု လုပ်ကိုင်နေသူများသည် ငွေချေးသူများအား ငွေ ယုံကြည်အပ်နှံခြင်း စာချုပ်တို့ဖြင့်သာချုပ်ဆိုပြီး စာချုပ်ပါအတိုင်း လိုက်နာမှု မရှိပါက တရားစွဲဆိုလေ့ ရှိကြောင်းသိရခြင်း။[17]

**(စ) ပြည်တွင်းပြည်ပမှ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများတွင် မတည် ငွေရင်း လုံလောက်မှုမရှိခြင်း**

(၁) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများတွင် မတည်ငွေရင်း မလုံ လောက်ခြင်းကြောင့် လုပ်ငန်းများလည်ပတ်နိုင်ရန် အခက်အခဲများရှိနေ သည်ဟု သိရှိရပါသည်။

(၂) ပြည်ပမှ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ပြည်တွင်းဘဏ်များမှ ငွေချေး၍မရသဖြင့် မတည်ငွေရင်းလုံလောက်မှု မရှိကြောင်း သိရှိရပါသည်။ ထို့အပြင် နိုင်ငံခြားငွေကြေးလဲလှယ်မှုနှုန်း

---

[16] Myanmar Business Today News၊ 29-2-2016၊ "Microfinance in Myanmar; A Silver bullet to stamp out poverty?

[17] Shann news၊ 10-10-2012၊ ' ငွေတိုးပေးသူအချို့ပူပန်နေ '

ပြောင်းလဲမှုကြောင့် နိုင်ငံခြားမှချေးငွေ ရယူရန်မှာလည်း အခက်အခဲ အဟန့်အတား တစ်ခု ဖြစ်နေပါသည်။

(၃) ပြည်တွင်းမှ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသည်လည်း ပြည်တွင်းဘဏ်များမှ ငွေချေးရာတွင် အပေါင်ပစ္စည်းပေးနိုင်ခြင်း မရှိသောကြောင့် ချေးငွေရယူရန် အခက်အခဲများရှိနေကြပါသည်။ ထို့ကြောင့် ပြည်တွင်းပြည်ပ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများတွင် မတည်ငွေရင်း မလုံလောက်မှုများဖြစ်ပေါ်ကာ အသင်းသားများကို လုံလောက်စွာ ငွေချေးပေးနိုင်မှု မရှိခြင်း၊ လုပ်ငန်းကြီးထွားအောင် ဆောင်ရွက်နိုင်ရန် အခက်အခဲများနှင့် ရင်ဆိုင် ကြုံတွေ့နေရပါသည်။[18]

(ဆ) **ဥပဒေတွင် လုပ်ငန်း (၆) ခုအား လုပ်ကိုင်ခွင့်ပေးထားသော်လည်း အချို့လုပ်ငန်းများ သာ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း**

(၁) အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေအရ ဆောင်ရွက်ခွင့်ရှိသော လုပ်ငန်းအမျိုးအစား (၆)မျိုး ရှိသည့်အနက် အသေးစားချေးငွေ ထုတ်ပေး ခြင်း၊ အပ်ငွေလက်ခံခြင်း၊ ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်း စသည့် လုပ်ငန်းသုံးခုသာ လုပ်ကိုင်နေကြပြီး၊ ကျန်လုပ်ငန်းသုံးခုဖြစ်သော ငွေလွှဲပြောင်းပေးပို့ခြင်း၊ အာမခံလုပ်ငန်း လုပ်ကိုင်ခြင်းနှင့် အခြားငွေရေး ကြေးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း (Hire Purchase လုပ်ငန်းမှလွဲ၍) တို့ကို မတွေ့ရသေးပါ။[19]

## အခန်း(၄)

## သုံးသပ်အကြံပြုချက်

၁၆။ အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေကို ဥပဒေပြုပြီးနောက် စိစစ်ခြင်း Post-Legislative Scrutiny (PLS) လုပ်ငန်းစဉ် ဆောင်ရွက်ပြီးနောက် တွေ့ရှိချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း သုံးသပ်အကြံပြုအပ်ပါသည်-

[18] Frontier Myanmar ၊ 5-10-2016 ၊ "Can Microfinance still make a difference?"

[19] နယ်မြေများသို့ကွင်းဆင်းပြီးသွားရောက်တွေ့ဆုံရာတွင် MFI များ၏ ပြောကြားချက်

(က) နေရာဒေသတစ်ခုတည်းတွင် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ (MFI) တစ်ခုထက်ပို၍ ချေးငွေဝန်ဆောင်မှုများ အပြိုင်အဆိုင်ပေးနေခြင်း၊ ငွေချေးယူသူ တစ်ဦးသည် မတူညီသောအဖွဲ့အစည်းများမှ အကြိမ်ကြိမ် ချေးယူနေခြင်း၊ ဈေးကွက် ဝေစုကို အပြိုင်အဆိုင်လု၍ ဆောင်ရွက်နေကြခြင်းကြောင့် မတည်မငြိမ် ပြဿနာများ ဖြစ်ပေါ်လျက်ရှိကာ ကြွေးနွံနစ်မှုပြဿနာများ ကြုံတွေ့နေရပါသည်။ အကျိုးဆက် အနေဖြင့် အခြားလိုအပ်သည့် နယ်မြေဒေသများသို့ သင့်လျော်သော အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ ရောက်ရှိမှုနည်းနေကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် အသေးစားငွေရေးကြေးရေးကြီးကြပ်မှုကော်မတီ၊ အသေးစားငွေရေး ကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (FRD)နှင့် သက်ဆိုင်ရာတိုင်း ဒေသကြီး/ ပြည်နယ်/ နေပြည်တော်ကောင်စီ ရုံးခွဲများအနေဖြင့် ခွင့်ပြုမိန့်လိုင်စင် ချထားပေးခြင်းဆိုင်ရာမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်စိစစ်၍ ထိန်းကျောင်းတည့်မတ်မှုများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

(ခ) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများမှ လိုင်စင်လျှောက်ထားရာတွင် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုမိန့်ချပေးထားသည့် ဒေသအတိုင်း အမှန် တကယ် လုပ်ငန်းဆောင်ရွက်မှု ရှိ/မရှိကိုလည်း စိစစ်ရန် လိုအပ်ပါသည်။

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများသည်လည်း မိမိတို့ တိုင်း ဒေသကြီး/ ပြည်နယ်အလိုက် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ရပ်တည်ချက်၊ လုပ်ငန်းဆောင်ရွက်ချက်များသည် ဤဥပဒေပါ ရည်ရွယ်ချက်၊ ညွှန်ကြားချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်ကြပ်မတ်ရန် လိုအပ်ပါသည်။

(ဃ) အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန် ကြီးကြပ်ရသည့်အဖွဲ့အစည်းများတွင် တာဝန်ယူ ဆောင်ရွက်ရ သော ဝန်ထမ်းများ၏ စွမ်းဆောင်ရည် (Capacity) တိုးမြှင့်ရန်၊ ဝန်ထမ်းအင်အား တိုးချဲ့ရန်၊ ကျွမ်းကျင်မှုအတတ်ပညာ၊ နည်းပညာအကူအညီများ ရရှိဆောင်ရွက်ရန် လိုအပ်ပါသည်။

(င) အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းအပေါ် အမှန်တကယ် အထောက်အကူပြု ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိကို စိစစ်ရန် လိုအပ်ပါသည်။

(စ) အသင်းသားများအား ငွေချေးရုံသက်သက်မဟုတ်ဘဲ ငွေကြေးမဟုတ်သော အခြား ဝန်ဆောင်မှုများနှင့် လူမှုကူညီစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်း ပြုစုပျိုးထောင် ပေးရန် လိုအပ်ပါသည်။

(ဆ) အသင်းသားများအား ချေးငွေများမထုတ်ချေးမီ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများပေးခြင်း၊ ချေးငွေရယူပြီး လုပ်ကိုင်လိုသည့်လုပ်ငန်းများတွင် ပြည့်ပြည့် ဝဝ အကောင်အထည်ဖော်မှု ရှိ/မရှိကို အချိန်အပိုင်းအခြားတစ်ခု သတ်မှတ်၍ သက်ဆိုင်ရာဝန်ထမ်းများက ပုံမှန်သွားရောက်စစ်ဆေးပြီး လိုအပ်သည့် အကြံဉာဏ် များပေးခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။

(ဇ) ဥပဒေနှင့်အညီ စိစစ်ကြပ်မတ်နိုင်မှုအပိုင်းတွင်လည်း အားနည်းနေသည်ကို တွေ့ရှိရ သဖြင့် ဥပဒေလိုက်နာကျင့်သုံးမှုအပိုင်းကို အားကောင်းလာစေရန် ယခုထက်ပို၍ စိစစ်ကြပ်မတ်ရန် လိုအပ်ပါသည်။

(ဈ) ပြည်တွင်းအသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ပြည်ပအသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် နှိုင်းယှဉ်ပါက လုပ်ငန်းလုပ်ကိုင်မှုစည်းစနစ် အားနည်းနေခြင်း၊ အရင်းအနှီးနည်းပါးခြင်းတို့ကို တွေ့ရှိရပါသည်။ ၎င်းတို့အတွက် အတတ်ပညာ၊ နည်းပညာ၊ စီမံခန့်ခွဲမှုပုံစံ၊ ဘဏ္ဍာရန်ပုံငွေထူထောင်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

(ည) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအတွက် ချေးငွေသတင်းအချက် အလက်များ မျှဝေသည့်စနစ် (Information Sharing System) တစ်ခု တည်ထောင် ရန် လိုအပ်ပါသည်။ ချေးငွေထုတ်ချေးရာတွင်လည်း ငွေချေးရုံသက်သက်မဟုတ်ဘဲ ချေးငွေဖြင့် ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းများအတွက် နည်းပညာ၊ အတတ်ပညာနှင့် သွင်းအားစုများ ဖြည့်ဆည်းပေးခြင်း၊ ဈေးကွက်ရှာဖွေပေးခြင်း များကို ဆောင်ရွက်ပေးရန်လည်း လိုအပ်ပါသည်။ ထို့အပြင် စီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲမှု၊

ငွေကြေးစီမံခန့်ခွဲမှု၊ စာရင်းဇယား ထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာ များကိုလည်း ဖြန့်ဝေပေးရန် လိုအပ်ပါသည်။

(ဎ) ချေးငွေများထုတ်ချေးရာတွင် ချေးငွေများအား ရည်ရွယ်ထားသော လုပ်ငန်းများ အတွက်သာ အသုံးပြုရန်၊ အမြတ်ငွေများအား လုပ်ငန်းတိုးချဲ့ခြင်း (သို့မဟုတ်) အရေးပေါ် အသုံးစရိတ်အတွက် စုဆောင်းခြင်းများ ပြုလုပ်ရန်၊ ချေးငွေများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်၊ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုပညာပေးသင်တန်း များကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း တွေ့ရှိရပါသည်။

(ဏ) ချေးငွေများကို ရည်ရွယ်ချက်အတိုင်းအသုံးမပြုဘဲ လွှဲပြောင်းသုံးစွဲမှုများလျော့နည်း ပပျောက်စေရန်နှင့် ချေးငွေပြန်လည်မပေးဆပ်သူများအား ထိထိရောက်ရောက် အရေးယူနိုင်ရန် ဥပဒေတွင် တိကျစွာ ပြဋ္ဌာန်းပေးရန် လိုအပ်ပါသည်။

(ဍ) အိန္ဒိယ၊ ကမ္ဘောဒီးယား စသော နိုင်ငံများကဲ့သို့ ဝိုင်းကြီးချုပ်ချေးငွေနှင့် တစ်ဦးချင်း ချေးငွေများ ချေးယူရာတွင် ချေးငွေရယူနိုင်သည့် အဖွဲ့အစည်းအရေအတွက် သတ်မှတ်ချက်ကို ဥပဒေစည်းမျဉ်းများနှင့် ကန့်သတ်ထားသင့်ပါသည်။

(ပ) အချို့သော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် မဖြစ်မနေစုဆောင်း ငွေ (Compulsory Saving) နှင့် ဆန္ဒအရ စုဆောင်းငွေ (Voluntary Saving) တို့ကို သတ်မှတ်ချက်ထက်ပိုပြီး ကောက်ခံနေခြင်းအား ဥပဒေအရ အရေးယူ ထိန်းကျောင်းနိုင်စေရေးအတွက်လိုအပ်သည့်ပြဋ္ဌာန်းချက်များ ထည့်သွင်းပြင်ဆင်ရေး ဆွဲရန် လိုအပ်ပါ သည်။

(ဏ) အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများသည် တိုးတက်ပြောင်းလဲလာ သော ခေတ်စနစ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သောကြောင့် ဥပဒေတွင် လုပ်ငန်းအမျိုးအစားအသစ်များ ထပ်မံဖြည့်စွက်သင့်ပါသည်။

(တ) အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းသည် ပြည်သူအားလုံး ပါဝင် ဆောင်ရွက်နိုင်သော ငွေရေးကြေးရေးကဏ္ဍတစ်ခုဖြစ်သောကြောင့် ပြည်သူများ အတွက် ငွေရေးကြေးရေးစီမံခန့်ခွဲမှုဆိုင်ရာ အသိပညာဗဟုသုတများ မျှဝေပေးရေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန်အတွက် ဥပဒေ၏ရည်ရွယ် ချက်များကိုလည်း ထပ်မံဖြည့်စွက်ပြဋ္ဌာန်းသင့်ပါသည်။

(ထ) အစိုးရမဟုတ်သောအဖွဲ့အစည်း NGO၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း INGO အဖြစ် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်နေ သော အဖွဲ့အစည်းများအား ကုမ္ပဏီအဖြစ် ပြောင်းလဲဆောင်ရွက်စေပြီး တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်စေနိုင်ရန် ထိန်းကျောင်း တည့်မတ်သင့်ပါသည်။

(ဒ) ကြီးကြပ်မှုကော်မတီများ၊ လုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့် များကို ရှင်းလင်းတိကျစွာ သတ်မှတ်ပြဋ္ဌာန်းပေးရန် လိုအပ်ပါသည်။

(ဓ) အချုပ်အားဖြင့်ဆိုရသော် လက်ရှိဥပဒေသည် ခေတ်စနစ်တိုးတက်ပြောင်းလဲလာမှု နှင့် လိုက်လျောညီထွေမှု မရှိသဖြင့် နောက်ဆက်တွဲညွှန်ကြားချက်များစွာ ထုတ်ပြန် ဆောင်ရွက်နေရပြီး ထိုညွှန်ကြားချက်များသည်လည်း အကြိမ်ကြိမ် ပြင်ဆင် ဖြည့်စွက်နေရသဖြင့် ဥပဒေဆိုင်ရာ ရှုပ်ထွေးမှုများ ဖြစ်ပေါ်နေပါသည်။ ထို့ကြောင့် တည်ဆဲ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအား ခေတ်စနစ်နှင့် လျော်ညီ သော ဥပဒေတစ်ရပ်အဖြစ် ပြန်လည်ပြင်ဆင်ရေးဆွဲရန် လိုအပ်လျက်ရှိပါသည်။

## အခန်း(၅)

## နိဂုံး

၁၇။ ဥပဒေပြုပြီးနောက်စိစစ်ခြင်း Post-Legislative Scrutiny (PLS) လုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ခြင်းအားဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ၏ အားနည်းချက်၊ အားသာ ချက်နှင့် ယင်းဥပဒေအား ကျင့်သုံးဆောင်ရွက်ရာတွင် ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်မှု ရှိ/မရှိ အခြေအနေများကို ဖော်ထုတ်သိရှိရပြီး ပြည်သူများအတွက် အမှန်တကယ် အကျိုးပြုမည့် ဥပဒေ ကောင်းတစ်ရပ်အဖြစ် ပြင်ဆင်ပြဋ္ဌာန်းဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။

၁၈။ ထို့ကြောင့် လွှတ်တော်အတွင်းရှိ ကော်မတီအသီးသီးတို့သည် မိမိတို့နှင့် သက်ဆိုင်သော ဥပဒေများကို ဥပဒေပြုပြီးနောက်စိစစ်ခြင်းလုပ်ငန်းစဉ် ဆောင်ရွက်ခြင်းအားဖြင့် ခိုင်မာအားကောင်း သော ဥပဒေများ ပေါ်ထွက်လာပြီး ဥပဒေပြုမဏ္ဍိုင်အတွက် အထောက်အကူကောင်းများ ရရှိလာမည် ဟု ယုံကြည်မျှော်လင့်ပါသည်။

**ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

## ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၂၀၁၁ ခုနှစ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ဥပဒေပြုပြီးနောက် စိစစ်ခြင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၂-၅-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့်ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ၂၅-၁-၂၀၁၉ ရက်(သောကြာနေ့)တွင် လွှတ်တော်သို့လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၉-၁-၂၀၁၉ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ ကိုယ်စားလှယ် ရှစ်ဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယင်းဥပဒေကြမ်းနှင့်

စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနဲ့ ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ ဦးမောင်မြင့်၊ မင်းကင်းမဲဆန္ဒနယ်တို့က သက်ဆိုင်ရာအပိုဒ်အလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒ၊ သဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ၁၀၅ ချက်ကို သဘောတူသင့်ကြောင်းနှင့် ၁၁၁ ချက်နှင့်စပ်လျဉ်းပြီး ပြင်ဆင်သင့်ကြောင်း တင်ပြထားပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် ၁၀၅ ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏တာဝန်ပေးချက်အရ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှဆုံးဖြတ်အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘမျိုးသိန်း တင်သွင်းသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ၃၀-၁၀-၂၀၁၇ ရက်နေ့၌ စတင်တင်သွင်းခဲ့ပြီး ၇-၉-၂၀၁၈ ရက်နေ့တွင် ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ဖြစ်တဲ့ ၂၅-၁-၂၀၁၉ ရက်နေ့တွင် လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီးလည်းဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၂၉-၁-၂၀၁၉ ရက်နေ့(အင်္ဂါနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့်-

| | | |
|---|---|---|
| (က) | ဒေါက်တာဒေါ်ခင်စိုးစိုးကြည် | ပြည်မဲဆန္ဒနယ်၊ |
| (ခ) | ဦးသက်နိုင်ဦး | ရေဖြူမဲဆန္ဒနယ်၊ |
| (ဂ) | ဦးမျိုးဇော်ဦး | လယ်ဝေးမဲဆန္ဒနယ်၊ |
| (ဃ) | ဦးထွန်းဝေ | ဖောင်းပြင်မဲဆန္ဒနယ်၊ |
| (င) | ဦးစိန်ဝင်း | မအူပင်မဲဆန္ဒနယ်၊ |
| (စ) | ဦးမောင်မြင့် | မင်းကင်းမဲဆန္ဒနယ်၊ |
| (ဆ) | ဦးကျော်မျိုးမင်း | မိုးညှိုမဲဆန္ဒနယ်၊ |
| (ဇ) | ဦးဌေးငွေ | မြောင်မဲဆန္ဒနယ် |

တို့က ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများတင်သွင်းလာပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၁-၃-၂၀၁၉ ရက်နေ့(တနင်္လာနေ့)နှင့် ၆-၅-၂၀၁၉ ရက်နေ့(တနင်္လာနေ့)တို့တွင် ပြင်ဆင်ချက်တင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပါတယ်။

၄။ ယင်းညှိနှိုင်းအစည်းအဝေးများ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက် အချက် (၁၀၅)

ချက်ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိကြောင်း သဘောတူလက်ခံခဲ့ပါတယ်။ အဆိုပါ (၁၀၅)ချက်ကို ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေထားပြီးလည်းဖြစ်ပါတယ်။

**[အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက် အချက်(၁၀၅)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]**

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၁၀ | ၂၊ ၃၊ ၄၊ ၆၊ ၈၊ ၁၀၊ ၁၂၊ ၁၄၊ ၁၇၊ ၁၉၊ ၂၁ | အခန်း (၁) ခေါင်းစဉ်၊ အပိုဒ် ၁၊ အခန်း (၃) ခေါင်းစဉ်၊ အပိုဒ် ၂ အပိုဒ်ခွဲ (က) နှင့် (ခ)၊ အပိုဒ်ခွဲ (ဃ) နှင့် (င)၊ အပိုဒ် ၃ ခြေဆင်း၊ အဆိုပြု ပြဋ္ဌာန်းချက် အပိုဒ် ၂ အပိုဒ်ခွဲ (ဃ) ခြေဆင်းကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၃ အပိုဒ်ခွဲ (ဂ) အပိုဒ်ခွဲငယ် (၃)၊ အပိုဒ်ခွဲ (ဃ)၊ အပိုဒ်ခွဲ (ဆ)၊ အပိုဒ်ခွဲ (ဈ) (ည) နှင့် အပိုဒ်ခွဲ (ဋ) အပိုဒ်ခွဲငယ် (၁) (၂) နှင့် (၃) |
| (ခ) | ၁၂ မှ ၁၇ | ၂၃၊ ၂၆၊ ၂၈၊ ၃၀၊ ၃၂၊ ၃၄၊ | အပိုဒ် ၃ အပိုဒ်ခွဲ (ဍ)၊ အပိုဒ်ခွဲ (ဏ) အပိုဒ်ခွဲငယ် (၁)၊ အပိုဒ်ခွဲငယ် (၃)၊ အပိုဒ်ခွဲ (ထ) ခြေဆင်း၊ အပိုဒ်ခွဲငယ် (၂) နှင့် (၃)၊ အပိုဒ်ခွဲ (ပ) (ဖ) နှင့် (ဗ) |
| (ဂ) | ၁၉ မှ ၂၁ | ၃၆၊ ၃၇၊ ၃၉ | အခန်း (၂)ခေါင်းစဉ်၊ အပိုဒ် ၄ အပိုဒ်ခွဲ (က) (ခ) (ဂ) နှင့် (ဃ)၊ အပိုဒ်ခွဲ (စ) |
| (ဃ) | ၂၁ မှ ၂၅ | ၄၀၊ ၄၂၊ ၄၃၊ ၄၅၊ | အခန်း (၃) ခေါင်းစဉ်၊ အပိုဒ် ၅ အပိုဒ်ခွဲ (ဂ)၊ အပိုဒ် ၆ ခြေဆင်းနှင့် အပိုဒ်ခွဲ (က)၊ အပိုဒ် ၆ အပိုဒ်ခွဲ (စ) (ဆ) နှင့် (ဇ) |
| (င) | ၂၆ မှ ၃၉ | ၄၆၊ ၄၇၊ ၄၉၊ ၅၁၊ ၅၂၊ ၅၄၊ ၅၇၊ ၅၉၊ ၆၂၊ ၆၅၊ ၇၀၊ ၇၂၊ ၇၄ | အခန်း (၄) ခေါင်းစဉ်၊ အပိုဒ် ၇ ခြေဆင်းနှင့် အပိုဒ်ခွဲ (က)၊ အပိုဒ် ၈ ခြေဆင်းနှင့် အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ် ၉ ခြေဆင်းနှင့် အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲ (ဂ) (ဃ) နှင့် (င)၊ အပိုဒ်ခွဲ (ဆ)၊ အပိုဒ်ခွဲ (ဈ)၊ အပိုဒ် ၁၁ အပိုဒ်ခွဲ (ဂ) (ဃ) (င) (စ) နှင့် (ဆ)၊ အပိုဒ် ၁၃ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၁၄ အပိုဒ်ခွဲ (က)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၃ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၁၅ အပိုဒ်ခွဲ (က) (ခ) (ဂ) နှင့် (ဃ) |
| (စ) | ၃၉ မှ ၄၈ | ၇၅၊ ၇၆၊ ၇၈၊ | အခန်း (၅) ခေါင်းစဉ်၊ အပိုဒ် ၁၆ အပိုဒ်ခွဲ (က) နှင့် (ခ) |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| | | ၈၁၊ ၈၃၊ ၈၅၊ ၈၇ | ခြေဆင်း၊ အပိုဒ်ခွဲ (ခ) အပိုဒ်ခွဲငယ် (၂) နှင့် အပိုဒ်ခွဲ (ဂ) အပိုဒ်ခွဲငယ် (၁)၊ အပိုဒ်ခွဲငယ် (၃)၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၁၄ အပိုဒ်ခွဲ (ဃ) ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၁၇ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၂) (၃) နှင့် (၄)၊ အဆိုပြု ပြင်ဆင်ချက် အပိုဒ် ၁၇ အပိုဒ် ၁၈ အပိုဒ် ၁၉ နှင့် အပိုဒ် ၂၀ တို့ကို ပယ်ဖျက်ခြင်း |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (ဆ) | ၅၃ မှ ၆၉ | ၉၂၊ ၉၄၊ ၉၈၊ ၁၀၁၊ ၁၀၃၊ ၁၀၄၊ ၁၀၅၊ ၁၀၇၊ ၁၀၈၊ ၁၁၁၊ ၁၁၃၊ ၁၁၄၊ ၁၁၆ | အပိုဒ် ၂၁ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲ (င)၊ အဆိုပြု ပြင်ဆင်ချက် အပိုဒ် ၂၁ အပိုဒ်ခွဲ (ဃ) ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၂၃ အပိုဒ်ခွဲ (က) ခြေဆင်း၊ အပိုဒ်ခွဲငယ် (၂) နှင့် အဆိုပြုပြင်ဆင်ချက် အပိုဒ် ၂၂ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၃) (၄) (၅) အပိုဒ်ခွဲ (ခ) အပိုဒ်ခွဲ (ဂ) နှင့် အပိုဒ် ၂၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁) တို့ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၂၃ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၃) (၄) (၅) နှင့် (၆)၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၂၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၆) နှင့် အပိုဒ်ခွဲ (ခ) ခြေဆင်းတို့ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၂၃ အပိုဒ်ခွဲ (ဂ)၊ အဆိုပြု ပြင်ဆင်ချက် အပိုဒ် ၂၃ ကို ပယ်ဖျက်ခြင်း၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၂၈ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၂၆ အပိုဒ်ခွဲ (ခ)၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၃၀ နှင့် ၃၁ တို့ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၂၈ ခြေဆင်းနှင့် အပိုဒ်ခွဲ(က) |
| (ဇ) | ၇၄ မှ ၈၄ | ၁၂၄၊ ၁၂၅၊ ၁၂၇၊ ၁၂၉၊ ၁၃၁၊ ၁၃၂၊ ၁၃၃၊ ၁၃၄၊ ၁၃၆၊ ၁၃၈၊ ၁၄၃၊ ၁၄၅ | အပိုဒ် ၃၃ အပိုဒ်ခွဲ (ခ)၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၃၆ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၃၄ အပိုဒ်ခွဲ (က) ခြေဆင်းနှင့် အပိုဒ်ခွဲငယ် (၁)၊ အပိုဒ်ခွဲငယ် (၃)၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၃၇ အပိုဒ်ခွဲ (ခ) အပိုဒ်ခွဲငယ် (၆) (၇) နှင့် အပိုဒ်ခွဲ (ဂ) ခြေဆင်းကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၃၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲ ငယ် (၆) ၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၃၇ အပိုဒ်ခွဲ (ဂ) အပိုဒ်ခွဲငယ် (၂) ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၃၄ အပိုဒ်ခွဲ |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| | | | (ခ) (ဂ) (ဃ) နှင့် (င) ခြေဆင်း၊ အပိုဒ်ခွဲငယ် (၃)၊ အပိုဒ် ၃၅ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၂)၊ အပိုဒ် ၃၇ အပိုဒ်ခွဲ (ခ) အပိုဒ်ခွဲငယ် (၁) (၂) နှင့် (၃)၊ အပိုဒ် ၃၈ အပိုဒ်ခွဲ (က) နှင့် (ခ) |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (ဈ) | ၈၅ မှ ၉၅ | ၁၄၇၊ ၁၅၀၊ ၁၅၂၊ ၁၅၄၊ ၁၅၈၊ ၁၅၉၊ ၁၆၁၊ ၁၆၃၊ ၁၆၅၊ ၁၆၆၊ ၁၆၈၊ ၁၇၀ | အခန်း (၈) ခေါင်းစဉ်၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၈ အပိုဒ်ခွဲ (ခ) ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၄၀ အပိုဒ်ခွဲ (ဃ) ခြေဆင်း၊ အပိုဒ်ခွဲငယ် (၃) နှင့် (၄)၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃ ခြေဆင်း၊ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁)၊ အပိုဒ်ခွဲ (ခ) ခြေဆင်း အပိုဒ်ခွဲ ငယ် (၁) နှင့် (၂)၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ် ၄၄ ခြေဆင်း၊ အပိုဒ်ခွဲ (ဃ)၊ အပိုဒ် ၄၅ |
| (ည) | ၉၆ မှ ၁၀၀ | ၁၇၂၊ ၁၇၄၊ ၁၇၅၊ ၁၈၀၊ | အခန်း (၉) ခေါင်းစဉ်၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၄ ခြေဆင်းကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၄၇ အပိုဒ်ခွဲ (ခ) နှင့် (ဂ)၊ အပိုဒ် ၅၁ |
| (ဋ) | ၁၀၀ မှ ၁၀၂ | ၁၈၁၊ ၁၈၃ | အခန်း (၁၀) ခေါင်းစဉ်၊ အပိုဒ် ၅၂ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁) (၂) နှင့် (၃) |
| (ဌ) | ၁၀၅ မှ ၁၁၀ | ၁၈၇၊ ၁၈၉၊ ၁၉၁၊ ၁၉၂ | အပိုဒ် ၅၃၊ အခန်း (၁၁) ခေါင်းစဉ်၊ အပိုဒ် ၅၅ အပိုဒ်ခွဲ (က) (ခ) (ဂ) (ဃ) နှင့် အဆိုပြု ပြဋ္ဌာန်း ချက် အပိုဒ် ၅၄ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၅၆ |
| (ဍ) | ၁၁၁ မှ ၁၁၅ | ၁၉၆၊ ၁၉၇၊ ၁၉၉၊ ၂၀၂ | အခန်း (၁၂) ခေါင်းစဉ်၊ အပိုဒ် ၆၀ အပိုဒ်ခွဲ (က) (ခ) (ဂ) နှင့် (ဃ)၊ အပိုဒ်ခွဲ (စ)၊ အပိုဒ် ၆၂ |
| (ပ) | ၁၁၆ မှ ၁၂၀ | ၂၀၅၊ ၂၀၇၊ ၂၁၀၊ ၂၁၁ | အခန်း (၁၃) ခေါင်းစဉ်၊ အပိုဒ် ၆၄ အပိုဒ်ခွဲ (က) နှင့် (ခ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆၅ ကို ပယ်ဖျက်ခြင်း၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆၆ ကို ပယ်ဖျက်ခြင်း၊ |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
| --- | --- | --- | --- |
| (ဏ) | ၁၂၀ မှ ၁၂၅ | ၁၂၁၊ ၂၁၃၊ ၂၁၅၊ ၂၁၈၊ ၂၂၁၊ ၂၂၃ | အခန်း (၁၄) ခေါင်းစဉ်၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆၇ ကို ပယ်ဖျက်ခြင်း၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆၉ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၆၉ အပိုဒ်ခွဲ (က)၊ အပိုဒ် ၇၁ ခြေဆင်း၊ အပိုဒ် ၇၂ |

သို့ဖြစ်ပါ၍ ဖော်ပြပါပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူညီသည့် အမျိုးသားလွှတ်တော်၏အတည်ပြုချက်(၁၀၅)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာပထမနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုဝန်ကြီး ကိုယ်စား ဖြေကြားမယ့် ဒုတိယဝန်ကြီး ဦးတင်မြင့် ဖြစ်ပါတယ်ခင်ဗျား။ ဒီနေ့ ကျွန်တော်တို့ ယခင်မြေသိမ်းဥပဒေနှင့်ပတ်သက်ပြီးတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနနှင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီတို့ရဲ့ ကြိုတင်အစည်းအဝေးမှာ ဆွေးနွေးညှိနှိုင်းချက်များအရ တင်ပြပါအချက်များနှင့်ပတ်သက်ပြီးတော့ သဘောတူပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် (၁၀၅)ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားသည့် (၁၀၅)ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားသည့် (၁၀၅)ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက်(၁၁၁)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တွင်တင်ပြခဲ့တဲ့ ညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ရန်တင်ပြချက်မှာ (၁၁၁)ချက်ရှိပါတယ်။ အဆိုပါပြင်ဆင်ရန်တင်ပြချက်(၁၁၁)ချက်ကိုလည်း ကန့်လန့်ဖြတ်ဇယားဖြင့် လွှတ်တော်သို့ ဖြန့်ဝေထားပြီးလည်းဖြစ်ပါတယ်။

**[ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ရန်တင်ပြချက် (၁၁၁)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]**

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၁၂ | ၁၊ ၅၊ ၉၊ ၁၁၊ ၁၃၊ ၁၆၊ ၁၈၊ ၂၀၊ ၂၂၊ | ဥပဒေခေါင်းစီး၊ အပိုဒ် ၂ ခြေဆင်း၊ အပိုဒ် ၂ အပိုဒ်ခွဲ (စ)၊ အပိုဒ် ၃ အပိုဒ်ခွဲ (က) (ခ) နှင့် (ဂ) ခြေဆင်း၊ အပိုဒ်ခွဲငယ် (၁) နှင့် (၂)၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၃ အပိုဒ်ခွဲ (ဂ) အပိုဒ်ခွဲငယ် (၅) ကို ပယ်ဖျက်ခြင်း၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ (ဇ)၊ အပိုဒ်ခွဲ (ဠ) အပိုဒ်ခွဲငယ် (၄) နှင့် အပိုဒ်ခွဲ (ဩ) |
| (ခ) | ၁၃ မှ ၁၉ | ၂၅၊ ၂၇၊ ၂၉၊ ၃၁၊ ၃၃၊ ၃၅ | အပိုဒ် ၃ အပိုဒ်ခွဲ (ဏ) ခြေဆင်း၊ အပိုဒ်ခွဲငယ် (၂)၊ အပိုဒ်ခွဲ (တ)၊ အပိုဒ်ခွဲ (ထ) အပိုဒ်ခွဲငယ် (၁)၊ အပိုဒ်ခွဲ (ဒ) (ဓ) နှင့် (န)၊ အပိုဒ်ခွဲ (ဘ) (မ) နှင့် (ယ) |
| (ဂ) | ၂၀ မှ ၂၄ | ၃၈၊ ၄၁၊ ၄၄ | အပိုဒ် ၄ အပိုဒ်ခွဲ (င)၊ အပိုဒ် ၅ အပိုဒ်ခွဲ (က) နှင့် (ခ)၊ အပိုဒ် ၆ အပိုဒ်ခွဲ (ခ) (ဂ) (ဃ) နှင့် (င) |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (ဃ) | ၂၆ မှ ၃၈ | ၄၈၊ ၅၃၊ ၅၅၊ ၅၆၊ ၆၀၊ ၆၁၊ ၆၃၊ ၆၄၊ ၆၆၊ ၆၇၊ ၆၈၊ ၆၉၊ ၇၁၊ ၇၃ | အပိုဒ် ၇ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၉ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲ (စ)၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ်ခွဲ (ဆ) ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ အပိုဒ်ခွဲ (က) နှင့် (ခ)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ ခြေဆင်း နှင့် အပိုဒ်ခွဲ (က)၊ အမျိုးသားလွှတ်တော်၏ အတည်ပြု ချက် အပိုဒ်ခွဲ (ဂ) ကို ပယ်ဖျက်ခြင်း၊ အပိုဒ်ခွဲ (ဂ)၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၄အပိုဒ်ခွဲ (က) ကို အပိုဒ် ၂၂ အဖြစ် ပြောင်းလဲပြင် ဆင်ခြင်း၊ အပိုဒ် ၁၄ ခြေဆင်း၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၁၅ ခြေဆင်း |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (င) | ၄၀ မှ ၇၁ | ၇၇၊ ၇၉၊ ၈၀၊ ၈၂၊ ၈၄၊ ၈၆၊ ၈၈၊ ၈၉၊ ၉၀၊ ၉၁၊ ၉၃၊ ၉၅၊ ၉၆၊ ၉၇၊ ၉၉၊ ၁၀၀၊ ၁၀၂၊ ၁၀၆၊ ၁၀၉၊ ၁၁၀၊ ၁၁၂၊ ၁၁၅၊ ၁၁၇၊ ၁၁၈၊ ၁၁၉ | အပိုဒ် ၁၆ အပိုဒ်ခွဲ (ခ) အပိုဒ်ခွဲငယ် (၁)၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၇ အပိုဒ်ခွဲ (ဂ) အပိုဒ်ခွဲငယ် (၂) ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၁၆ အပိုဒ်ခွဲ (ဂ) အပိုဒ်ခွဲငယ် (၂)၊ အမျိုးသားလွှတ်တော်၏ အတည် ပြုချက် အပိုဒ် ၁၇ အပိုဒ်ခွဲ (ဃ) နှင့် (င) တို့ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၁၇ ခြေဆင်း အပိုဒ်ခွဲ (က) ခြေဆင်းနှင့် အပိုဒ်ခွဲငယ် (၁)၊ အပိုဒ်ခွဲ (ခ) နှင့် (ဂ)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁ အပိုဒ်ခွဲ (က) နှင့် (ခ)၊ အပိုဒ်ခွဲ (ဃ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ (စ)၊ အမျိုးသား လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂၂ အပိုဒ်ခွဲ (စ) ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၂၁ အပိုဒ်ခွဲ (ဆ)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃ ခြေဆင်း၊ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁)၊ အပိုဒ် ၂၃ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆ ခြေဆင်း နှင့် အပိုဒ်ခွဲ (က)၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀ |
| (စ) | ၉၁ မှ ၉၆ | ၁၂၀၊ ၁၂၁၊ | အခန်း (၆) ခေါင်းစဉ်၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃ |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
| --- | --- | --- | --- |
| | | ၁၂၂၊ ၁၂၃၊ ၁၂၆၊ ၁၂၈၊ ၁၃၀၊ ၁၃၅၊ ၁၃၇၊ ၁၃၉၊ ၁၄၀၊ ၁၄၁၊ ၁၄၂၊ ၁၄၄၊ ၁၄၆၊ ၁၄၈၊ ၁၄၉၊ ၁၅၁၊ ၁၅၃၊ ၁၅၅၊ ၁၅၆၊ ၁၅၇၊ ၁၆၀၊ ၁၆၂၊ ၁၆၄၊ ၁၆၇၊ ၁၆၉၊ ၁၇၁ | ခြေဆင်းနှင့် အပိုဒ်ခွဲ (က)၊ အပိုဒ် ၃၄ ခြေဆင်း၊ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၂)၊ အပိုဒ်ခွဲငယ် (၄) နှင့် (၅)၊ အပိုဒ် ၃၄ အပိုဒ်ခွဲ (င) အပိုဒ်ခွဲငယ် (၁)၊ အပိုဒ် ၃၅ အပိုဒ်ခွဲ (က) ခြေဆင်းနှင့် အပိုဒ်ခွဲငယ် (၁)၊ အပိုဒ်ခွဲ (ခ)၊ အခန်း (၇) ခေါင်းစဉ်၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇ အပိုဒ်ခွဲ (က) နှင့် အပိုဒ်ခွဲ (ခ) ခြေဆင်း၊ အပိုဒ် ၃၈ ခြေဆင်း၊ အသစ်ဖြည့် စွက်ချက် အပိုဒ် ၃၉၊ အပိုဒ် ၄၀ ခြေဆင်း၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲ (ခ) နှင့် (ဂ)၊ အပိုဒ်ခွဲ (ဃ) အပိုဒ်ခွဲငယ် (၁) နှင့် (၂)၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၃၉ အပိုဒ်ခွဲ (င) ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၄၀ အပိုဒ်ခွဲ (င) နှင့် (စ)၊ အပိုဒ် ၄၁၊ အပိုဒ် ၄၃ အပိုဒ်ခွဲ (က) ခြေဆင်း၊ အပိုဒ်ခွဲငယ် (၂) (၃) နှင့် (၄)၊ အပိုဒ်ခွဲ (ခ) အပိုဒ်ခွဲငယ် (၃)၊ အပိုဒ် ၄၄ အပိုဒ်ခွဲ (က) (ခ)နှင့် (ဂ)၊ အပိုဒ်ခွဲ (င)၊ အပိုဒ် ၄၆ |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
| --- | --- | --- | --- |
| (ဆ) | ၉၆ မှ ၁၀၇ | ၁၇၃၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၇၉၊ ၁၈၄၊ ၁၈၆၊ ၁၈၈၊ | အပိုဒ် ၄၇ ခြေဆင်းနှင့် အပိုဒ်ခွဲ (က)၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉ ခြေဆင်းနှင့် အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၅၀၊ အပိုဒ် ၅၂ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၄)၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ် ၅၄၊ |
| (ဇ) | ၁၀၈ မှ ၁၁၆ | ၁၉၀၊ ၁၉၃၊ ၁၉၄၊ ၁၉၅၊ ၁၉၈၊ ၂၀၀၊ ၂၀၁၊ ၂၀၃၊ ၂၀၄ | အပိုဒ် ၅၅ ခြေဆင်း၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉၊ အပိုဒ် ၆၀ အပိုဒ်ခွဲ (င)၊ အပိုဒ်ခွဲ (ဆ) နှင့် (ဇ)၊ အပိုဒ် ၆၁၊ အပိုဒ် ၆၃၊ အမျိုးသားလွှတ်တော်၏ အတည် ပြုချက် အပိုဒ် ၆၂ အပိုဒ်ခွဲ (က) နှင့် (ခ) တို့ကို အပိုဒ် ၆၃ အဖြစ် ပြင်ဆင်ခြင်း |
| (ဈ) | ၁၁၇ မှ ၁၂၅ | ၂၀၆၊ ၂၀၈၊ ၂၀၉၊ ၂၁၄၊ ၂၁၆၊ ၂၁၇၊ | အပိုဒ် ၆၄ ခြေဆင်း၊ အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အပိုဒ် ၆၇၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၆၇ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၆၈၊ အပိုဒ် ၆၉ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၇၀၊ |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| | | ၂၁၉၊ ၂၂၀၊ ၂၂၂ | အပိုဒ် ၇၁ အပိုဒ်ခွဲ (က) နှင့် (ခ) |

သို့အတွက် အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက်(၁၁၁)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနအနေနဲ့ တင်ပြချက် (၁၁၁)ချက်ကို ကြိုတင်ညှိနှိုင်းအစည်းအဝေးမှာ ဆုံးဖြတ်ချက်အရ သဘောတူပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်ပြင်ဆင်ချက် (၁၁၁)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၁၁၁)ချက်သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားသော ဥပဒေကြမ်းကော်မတီနှင့် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်တို့က ပြင်ဆင်ချက်(၇)ချက်အား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးမှာဖြစ်ပါတယ်။ ယင်းပြင်ဆင်ချက်များနှင့်စပ်လျဉ်းပြီး ယခု စတင်ဆောင်ရွက်ပါမယ်။ အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းရန် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်ကို ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဖြစ်ပါတယ်။ မြေသိမ်းဥပဒေရဲ့အပိုဒ် ၂ အပိုဒ်ခွဲ

(ဂ) မှာ မူလ ဝန်ကြီးဌာနအနေနဲ့ကတော့ဖြင့် မြေသိမ်းဥပဒေနဲ့သက်ဆိုင်တဲ့ကိစ္စရပ်များဆိုတဲ့ အခန်းခေါင်းစဉ်အောက်မှာ မြေသိမ်းယူဖို့အကျုံးဝင်တဲ့အချက်တစ်ချက်ကို ဖော်ပြခဲ့ပါတယ်။ အဲဒါကတော့ လူမှုစီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာစီမံကိန်းများလို့ ပါရှိပါတယ်။ ဒါကို အမျိုးသားလွှတ်တော်ကတော့ အမျိုးသားစီမံကိန်းဥပဒေပါ လူမှုစီးပွားဖွံ့ဖြိုးမှုဆိုင်ရာစီမံကိန်းများလို့ ပြင်ဆင်ခဲ့ပြီး ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း အမျိုးသားလွှတ်တော်နဲ့သဘောတူညီမှုရှိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ အမျိုးသားစီမံကိန်းဥပဒေတွင်ပါဝင်ပြီး နိုင်ငံတော်က ဦးစီးဆောင်ရွက်မည့် လူမှုစီးပွားရေး ဖွံ့ဖြိုးမှုဆိုင်ရာစီမံကိန်းများလို့ ပြင်ဆင်တင်ပြခဲ့ပါတယ်။ ကျွန်တော်အခုလိုတင်ပြတာက ပြည်သူတွေရဲ့ အကျိုးစီးပွားကို ပိုမိုကာကွယ်လိုတဲ့အတွက်ဖြစ်ပါတယ်။ မူရင်းဥပဒေဖြစ်တဲ့ Land Acquisition Act 1894 လို့ပါပါတယ်။ ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေလို့ ခေါ်ပါတယ်။ ဒီဥပဒေက ၁၈၈၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှာ မြန်မာနိုင်ငံကို အင်္ဂလိပ်က ကျွန်ပြုပြီးတဲ့နောက် ရှစ်နှစ်အကြာမှာ ရေးဆွဲပြီးတော့မှ Practice လုပ်ခဲ့တဲ့ဥပဒေဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အင်္ဂလိပ်က သူ့ရဲ့ကိုလိုနီကို ဖိနှိပ်အုပ်ချုပ်တဲ့နေရာမှာ အသုံးချခဲ့တဲ့ဥပဒေဖြစ်ပါတယ်။ ဥပဒေရဲ့မူရင်းမှာပါတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုကို ကျွန်တော်တင်ပြပါမယ်။ အဲဒီအဓိပ္ပာယ်ဖွင့်ဆိုချက်ကတော့ဖြင့် ကုမ္ပဏီဆိုတာဟာ ဗြိတိန်နိုင်ငံ ပြည်ထောင်စုမြန်မာနိုင်ငံ၊ အိန္ဒိယ သို့မဟုတ် ပါကစ္စတန်နိုင်ငံတို့မှာရှိတဲ့ ဥပဒေအရဖွဲ့စည်းထူထောင်သည့် သို့မဟုတ် မှတ်ပုံတင်သည့်ကုမ္ပဏီကို ဆိုလိုသည်လို့ ဖော်ပြထားပါတယ်။ ဒီ ၁၈၉၄ ခုနှစ် အက်ဥပဒေထဲမှာလည်း အဲဒီကုမ္ပဏီတွေအကျိုးအလို့ငှာ မြန်မာနိုင်ငံသားတွေပိုင်တဲ့မြေယာတွေကို သိမ်းခွင့်ရှိတယ်လို့ ပုဒ်မ ၆ ပုဒ်မခွဲ(ဂ)မှာ ဖော်ပြထားပါတယ်။ အခုအသစ်ပြဋ္ဌာန်းမယ့်ဥပဒေမှာရော ဘာထူးလို့လဲ။ အင်္ဂလိပ်ကကျွန်ပြုခဲ့တုန်းက သူ့ရဲ့ကုမ္ပဏီတွေကို လာရောက်ပြီးတော့မှ လုပ်ကိုင်မယ်ဆိုရင် မြန်မာ့မြေတွေကိုသိမ်းခွင့်ရှိတယ်။ အခုလည်း ပြည်သူတွေကို နားလည့်ပါးရိုက်ပြီးတော့မှ အမျိုးသားစီမံကိန်းမှာပါရင် သိမ်းလို့ရတယ်ဆိုပြီးမှ ပုံဖော်ထားပါတယ်။ ဒီစာသားအရ မသိမသာနဲ့ သွေးထိုးစမ်းတာဖြစ်ပြီးတော့မှ နောက်ပိုင်းမှာဆွေးနွေးမယ့် ပုဒ်မ ၆ ပုဒ်မခွဲ(ဂ)မှာ ဆွေးနွေးတဲ့အခါကျလို့ရှိရင် ဖက်စပ်ရင်းနှီးမြှုပ်နှံမှုများအတွက် မြေသိမ်းခြင်းဆိုတာတွေ့လာရပါလိမ့်မယ်။ ဒါကြောင့် စောစောကပြောသွားတဲ့ထဲမှာ၊ ကျွန်တော်တို့သဘောတူတယ်ဆိုတဲ့ အချက်ထဲမှာ ပုဒ်မ ၆ ပုဒ်မခွဲ(ဂ) ကို ကျွန်တော်က သဘောမတူဘူး။ ဒါပေမဲ့ ဘာကြောင့်လည်းဆိုတာကို အဲဒီအချိန်ကျရင် ကျွန်တော် ရှင်းလင်းတင်ပြပါမယ်။ ပုဒ်မ ၆ ပုဒ်မခွဲ(ဂ)မှာပါတဲ့ ဖက်စပ်လုပ်ငန်းများအတွက် မြေသိမ်းယူခွင့်ရှိအောင် ပုဒ်မ ၂ ပုဒ်ခွဲ(ဂ)မှာ အမျိုးသားစီမံကိန်းဥပဒေပါ လူမှုစီးပွားရေး

ဖွံ့ဖြိုးမှုစီမံကိန်းများဆိုပြီးတော့မှ ခြေဆင်းထားတယ်လို့ ကျွန်တော်တို့က ယူဆပါတယ်။ ဒါကြောင့်မို့လို့လည်း ကျွန်တော့်အနေနဲ့ကတော့ဖြင့် ပြည်သူတွေရဲ့အကျိုးစီးပွားကိုကာကွယ်ရန်အလို့ငှာ အမျိုးသားစီမံကိန်းဥပဒေတွင်ပါဝင်ပြီး နိုင်ငံတော်က ဦးစီးဆောင်ရွက်မည့် လူမှုစီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာစီမံကိန်းများလို့ ပြင်ဆင်ခွင့် တင်ပြအပ်ပါတယ်။ ဒါမှသာလျှင် အတိတ်ကလို ဖက်စပ်နဲ့ ပုဂ္ဂလိကကုမ္ပဏီတွေအတွက် ပြည်သူတွေရဲ့ မြေသိမ်းဆည်းခြင်းခံရတဲ့ဒုက္ခကနေပြီးမှ ကင်းလွတ်မှာဖြစ်ပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးအနေနဲ့ ကျွန်တော့်ရဲ့အဆိုကို အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းရန် ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)နှင့်ပတ်သက်လို့ ပြင်ဆင်ချက် ကျွန်တော်တို့ကတော့ အမျိုးသားလွှတ်တော်ကအတည်ပြုချက်အတိုင်းကို လက်ခံထားပါတယ်။ ဒါကိုအတည်ပြုဖို့လည်းပြောမှာပါ။ ခုနက ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်ကြီးတင်ပြသကဲ့သို့ မှန်ပါတယ်။ Land Acquisition Act(1894)က ဗြိတိသျှကုမ္ပဏီယန္တရားကို လည်ပတ်နိုင်ရန်အတွက် ဗြိတိသျှကုမ္ပဏီတွေဖြစ်တဲ့ East India Company ၊ Steel Brother Company၊ Burma **Floater** Company၊ Burma Railway Company၊ BOC ပေါ့။ အဲဒီကုမ္ပဏီတွေသိမ်းနိုင်အောင်၊ ဒါကမြေတွေကိုရယူနိုင်အောင် ရေးဆွဲထားတဲ့ဥပဒေပါ။ အဲဒီတော့ ၁၈၉၄ ဥပဒေကိုအသုံးပြုလာတာ ဒီဥပဒေမတည်ခင် လက်ရှိအနေအထားထိဖြစ်ပါတယ်။ အဲဒီတော့ နောက်ပိုင်းမှာ ၁၉၇၃ ခုနှစ်၊ စကားရပ်အစားထိုးများဥပဒေအရ ဗြိတိသျှဘုရင်မကြီးရဲ့ လုပ်ပိုင်ခွင့်ကို နိုင်ငံတော်အကြီးအကဲဖြစ်တဲ့ လက်ရှိပြည်သူ့ခေတ်မရောက်ခင် အကြီးအကဲအဆက်ဆက်တွေကနေပြီးတော့ ကိုင်တွယ်အသုံးပြုခဲ့တဲ့သဘောလည်းရှိပါတယ်။ အဲဒီတော့ ဒီဥပဒေက ခေတ်နဲ့မညီဘူး။ ပြန်လည်ပြင်ဆင်ရန်လိုတယ်ဆိုတာကတော့ အားလုံးလည်းသိပြီးဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကလည်း ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းကတည်းက စတင်ခဲ့တဲ့ဥပဒေပါ။ အဲဒီတော့ ဥပဒေမှာလည်း မြေသိမ်းဥပဒေ မဟုတ်တော့ပါဘူး။ မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုပြီးတော့ လုပ်ငန်းစဉ်(Processd)တွေအများကြီးရှိပါတယ်။

အဲဒီအခန်း (၁၄)ခန်းလည်းပါပါတယ်။ ပုဒ်မပေါင်း ၇၂ ခုပါပါတယ်။ အဲဒီနေရာမှာ ပြန်လည်နေရာချထားရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကိုလည်း သီးခြားအခန်းအနေနဲ့ ရေးဆွဲထားပါတယ်။ နောက်က မြေသိမ်းဆည်းခြင်းခံရတဲ့သူတွေအတွက် ရွေးချယ်ပိုင်ခွင့်အခန်းကိုလည်း အခန်း(၇)မှာ တစ်သမတ်သီးခြားပြီးပြဋ္ဌာန်းထားပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့က ဒီ အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)နဲ့ နောက်ပိုင်းပြောစရာတွေလည်း ရှိပါတယ်။ အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)နဲ့ပတ်သက်လို့ အမျိုးသားစီမံကိန်းဥပဒေပါ လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာစီမံကိန်းများဆိုပြီးတော့ အမျိုးသားလွှတ်တော်က အတည်ပြုတယ်။ ကျွန်တော်တို့ကလည်း ဒါကိုသဘောတူတယ်။ ဒီပြင်ဆင်ချက်အဆိုပြုတင်ပြတဲ့ဇယားကတော့ နိုင်ငံတော်က ဦးစီးဆောင်ရွက်မည့် လူမှုစီမံကိန်းများ။ ကျွန်တော်တို့ အမျိုးသားစီမံကိန်းဥပဒေကို ပြန်ဖတ်လို့ရပါတယ်။

အမျိုးသားစီမံကိန်းဥပဒေပုဒ်မ ၃ မှာတော့ အမျိုးသားစီမံကိန်းဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာနကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း မည်၍မည်မျှ တိုးတက်မည်ကို ပြည်ထောင်စုအစိုးရ၏ ရည်မှန်းချက်လုပ်ငန်းစဉ်များ။ အဲဒီမှာ နှစ်ရှည်စီမံကိန်းတွေ၊ နှစ်တိုစီမံကိန်းတွေ စက်မှုဇုန်စီမံကိန်းတွေ အစရှိတဲ့ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်တဲ့ စီမံကိန်းတွေပါပါတယ်။ အဲဒီအခုအမျိုးသားစီမံကိန်း ဥပဒေကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၀ ပုဒ်မခွဲ(ခ)အရ ကျွန်တော်တို့က နှစ်စဉ်ပြဋ္ဌာန်းရတဲ့ National Plan ပါ။ ဒါ အမျိုးသားစီမံကိန်းဥပဒေပါ။ အဲဒီအတွက် ဒီအမျိုးသားလွှတ်တော်က အတည်ပြုတဲ့ အမျိုးသားစီမံကိန်းဥပဒေပါ လူမှုစီးပွားရေးဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများကလည်း ကျွန်တော်တို့ အခုနကတင်ပြခဲ့သလို တိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေ၊ ဒေသန္တရအစိုးရတွေ၊ ပြည်ထောင်စုအစိုးရကနေပြီးတော့ အတည်ပြုမယ့်လုပ်ငန်းစဉ်သာဖြစ်ပါတယ်။ ကျန်တဲ့မည်သည့်အဖွဲ့အစည်း၊ ပုဂ္ဂိုလ်တစ်စုံတစ်ရာ မပါဝင်တာဖြစ်တဲ့အတွက်ကို ကျစ်လျစ်ခိုင်မာတဲ့အတွက် ပုဒ်မ ၂ ပုဒ်မခွဲ(ဂ)ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းထားရှိသင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက သဘောထားပြောပါ။

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခုနက ကျွန်တော်တို့

လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးတဲ့အထဲမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမောင်မြင့် ဆွေးနွေးတဲ့အချက်ကလည်း ဒါ အများပြည်သူအကျိုးငှာ ယခင် ၁၈၉၄ ခုနှစ်၊ မြေသိမ်းဥပဒေဟောင်းမှာ အင်္ဂလိပ်ကနေပြီးမှကိုလိုနီပြုပြီးမှ ဂုဏ်းနဲ့ပါလာတဲ့ ကုမ္ပဏီများကို အဓိကရည်ရွယ်ခဲ့တာတော့ မှန်ပါတယ်။ သို့သော်လည်း ဒီနေ့ ဥပဒေရဲ့ခေါင်းစဉ်၊ နာမည်ကိုက ဒီနေ့လွှဲပြောင်းပေးခဲ့ပြီးတော့ သိမ်းဆည်းတာလည်း အများပြည်သူအကျိုး၊ သိမ်းဆည်းပြီးတာလည်း အများပြည်သူပဲ ထိခိုက်မှု၊ နစ်နာမှုတွေကို ဆောင်ရွက်ပေးရမယ့် မြေလျော်ကြေး၊ နစ်နာကြေးများအပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအထိ ပါဝင်ပြီးဖြစ်ပါတယ်။ ဒါခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး အဆိုပြုသွားတဲ့အတိုင်း အမျိုးသားစီမံကိန်းဥပဒေပုဒ်မ ၃ မှာတော့ ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုးငှာ ဆောင်ရွက်ဖို့အတွက် ဥပဒေကပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ထပ်မံပြီးတော့ ဖော်ပြရန်မလိုအပ်ဘဲနဲ့ ဥပဒေအရ စကားလုံးကျစ်လျစ်စေရန်အလို့ငှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြပါအတိုင်း ထောက်ခံတင်ပြအပ်ပါကြောင်း လေးစားစွာဖြင့်တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးခဲ့သည့် အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူကြောင်းတင်ပြခဲ့ပြီး မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်က ပြင်ဆင်ချက်အဆိုတင်သွင်းထားပါတယ်။ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဥပဒေကြမ်းကော်မတီ၏ သဘောတူညီမှုကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံဆန္ဒမဲများလျှင် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်ဆန္ဒမဲများလျှင် ဦးမောင်မြင့်၏ ပြင်ဆင်ချက်ကအတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးသည့်နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၂၃၈ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၀၉ မဲနှင့် ကြားနဆန္ဒမဲ ၃ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)သည် အမျိုးသား

လွှတ်တော်၏အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၄) နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းရန် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်အား ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၄)က မြေရှင်ဆိုတာရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပတ်သက်ပြီးမှ တင်ပြသွားမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနက အဆိုပြုချက်တွေထဲမှာတော့ မြေရှင်ဆိုတာကို တရားဝင်မှတ်တမ်းအထောက်အထားမရှိသော်လည်း ဒေသဆိုင်ရာထုံးတမ်းအစဉ်အလာများနှင့်အညီ ပိုင်ဆိုင်သည်ဟု အသိအမှတ်ပြုခံရသူလို့ဖော်ပြထားပါတယ်။ အမျိုးသားလွှတ်တော်နဲ့ ဥပဒေကြမ်းကော်မတီကတော့ တရားဝင်မှတ်တမ်းအထောက်အထားမရှိသော်လည်း တိုင်းရင်းသားလူမျိုးစုများ၏ ထုံးတမ်းအစဉ်အလာများနှင့်အညီ ပိုင်ဆိုင်သည်ဟု ဒေသခံအစုအဖွဲ့က လက်ခံထားသည့်အပေါ် နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က အသိအမှတ်ပြုခြင်းခံရသူလို့ ပြင်ဆင်ဖို့ သူကတင်ပြထားပါတယ်။ အဲဒီတော့ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စဉ်းစားကြည့်ကြပါ။ သာမန်မြို့ပေါ်က ပြည်သူတစ်ဦးကတောင်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က အသိအမှတ်ပြုမှုရအောင် ဘယ်လောက်ခက်ခဲသလဲဆိုတာကို ခင်ဗျားတို့စဉ်းစားကြည့်ပါ။ အခုဟာ မြို့ပေါ်ကမဟုတ်ဘဲနဲ့ နယ်စွန်နယ်ဖျားမှာနေတဲ့ တိုင်းရင်းသားတွေရဲ့ကိစ္စပါ။ အဲဒီတိုင်းရင်းသားတွေက ပြည်နယ်/တိုင်းဒေသကြီးအစိုးရရဲ့ အသိအမှတ်ပြုမှုကိုခံရဖို့အတွက် Red Tape တွေ၊ Under Table တွေကိုကျော်ဖြတ်ဖို့ဆိုတာ ဘယ်လိုမှအဆင်မပြေနိုင်ပါဘူး။ ဥပဒေဆိုတာ လက်တွေ့ကျဖို့လိုပါတယ်။ ပြောတော့ ပြည်သူကိုဗဟိုပြုတယ်ဆိုပြီး လက်တွေ့လုပ်တော့ ပြည်သူကိုချနင်းသလိုဖြစ်နေမယ်ဆိုရင်တော့ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေရဲ့ရင်ထဲမှာ ဘယ်လိုများခံစားရမလဲလို့ ကျွန်တော်မေးချင်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မြေရှင်ဆိုတဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တရားဝင်မှတ်တမ်းအထောက်အထားမရှိသော်လည်း လူမျိုးစုများ၏ ထုံးတမ်းဓလေ့များနှင့်အညီ ပိုင်ဆိုင်သည်ဟု ဒေသခံအစုအဖွဲ့ကလက်ခံသည့်အပေါ် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးက အသိအမှတ်ပြုခြင်းခံရသူလို့

ပြင်ဆင်ပြီးတော့မှ တင်ပြခဲ့ပါတယ်။ ဥပဒေကြမ်းကော်မတီမှာလည်း ကျွန်တော်ဆွေးနွေးခဲ့ပါတယ်။ အဲဒီအချိန်တုန်းကတော့ ဥပဒေကြမ်းကော်မတီမှာ မြို့နယ်အဆင့်ကလုပ်ပိုင်ခွင့်မရှိတာတွေ၊ စိတ်မချရတာတွေဆွေးနွေးခဲ့ကြပေမဲ့ ကျွန်တော့်အနေနဲ့ကတော့ ဒါတွေဟာ လုံလောက်တဲ့အကြောင်းပြချက်မဟုတ်ဘူးလို့ပဲ ရှုမြင်ပါတယ်။ ဒါကြောင့် အခုအဓိပ္ပာယ်ဖွင့်ဆိုတဲ့ မြေရှင်ဆိုတာ တကယ်လို့ ကျွန်တော်တို့ အစိုးရကမြေသိမ်းဆည်းခံရလို့ရှိရင် လျော်ကြေးကိစ္စအလို့ငှာ မြေပိုင်ဆိုင်မှုကို သူကဆောင်ရွက်ရတဲ့ကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီက ပြင်ဆင်တင်ပြသလို တိုင်းဒေသကြီး/ပြည်နယ်အစိုးရက အသိအမှတ်ပြုမှုကိုရဖို့ဆိုတာကတော့ လုပ်ရခက်ပြီးတော့မှ ရိုးအတဲ့တိုင်းရင်းသားတွေအတွက်ကတော့ ဟင်းရည်တွေကို ပန်းကန်ပြားထဲမှာထည့်ပြီးတော့မှ ငှက်ကြားကိုဧည့်ခံတဲ့ မြေခွေးလိုမျိုးဖြစ်နေမလားလို့ ကျွန်တော် ဒီလိုပဲတွေးဆမိပါတယ်။ ဒါကြောင့် ရိုးရှင်းလွယ်ကူပြီးတော့မှ Practical လည်းဖြစ်တဲ့ ကျွန်တော့်ရဲ့ အဆိုပြုတင်ပြချက်ကို အတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၄) နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်တို့က ဒီအပိုဒ် ၃ ကတော့ စကားရပ်များအဓိပ္ပာယ် ဖော်ပြတဲ့အပိုင်းပါ။ ဒီဘက်က ကိုယ်စားလှယ်ကြီးတင်ပြတဲ့ အဓိပ္ပာယ်ကတော့ မြေရှင်လို့တော့ အတိအကျမဟုတ်ပါဘူး။ မြေရှင်မဟုတ်ပါဘူး။ မြေပိုင်ဆိုင်ခွင့်ရှိသူဆိုသည်မှာ မြေပိုင်ဆိုင်ခွင့်ကိုပြောတာပါ။ အဲဒီတော့ ကျွန်တော်တို့က ဥပဒေရဲ့အခွင့်အရေးကို ပေးမယ်ဆိုရင် ဒီဥပဒေရယ်၊ အခြားဥပဒေရယ် အားလုံးခြုံငုံပြီးတော့ကြည့်ရပါမယ်။ ကျွန်တော်တို့က ဒါ ၁၈၉၄ ခုနှစ်၊ မြေသိမ်းဥပဒေမှာမပါပါဘူး။ ဒါပေမဲ့ တိုင်းရင်းသားဒေသတွေမှာရှိတဲ့ အထောက်အထား တစ်စုံတစ်ရာ မရှိတဲ့လူမျိုးစုတွေအတွက်ကို မြေပိုင်ဆိုင်ခွင့်ရအောင် ကျွန်တော်တို့က အပိုဒ်ကို ထည့်ထားခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဘယ်လိုထည့်ထားလဲဆိုတော့ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၄)မှာပေါ့။ တရားဝင်မှတ်တမ်းအထောက်အထားမရှိသော်လည်း တိုင်းရင်းသားလူမျိုးစုများ၏ ထုံးတမ်းအစဉ်အလာများနှင့်အညီ ပိုင်ဆိုင်သည်ဟု သူတို့ဒေသမှာရှိတဲ့ ဒေသခံအစုအဖွဲ့တွေကနေပြီးတော့ လက်ခံထားတဲ့အပေါ်မှာ လက်ခံလိုက်တာနဲ့ ကျွန်တော်တို့ နေပြည်တော်ကောင်စီ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေကနေပြီးတော့ ကျွန်တော်တို့က အသိအမှတ်ကိုပြုပေးလိုက်တာ။

လက်ခံလိုက်တာနှင့် ပြုမှာပါ။ ဒီသဘောကျွန်တော်တို့ထည့်ထားပါတယ်။ အဲဒီတော့ ကျန်တဲ့ပြင်ဆင်ချက်တင်ပြသွားတဲ့ ကိုယ်စားလှယ်ကြီးကတော့ ဒေသခံအစုအဖွဲ့က ကျွန်တော်ဖြတ်ပြီးဖက်ပါမယ်။ ဒေသခံအစုအဖွဲ့က လက်ခံထားသည့်အပေါ် နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးက အသိအမှတ်ပြုခြင်းခံရသူဆိုပြီးတော့ နေပြည်တော်ကောင်စီနယ်မြေထဲမှာကျတော့ နေပြည်တော်ကောင်စီ၊ အခြားသက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်မှာကျတော့ မြို့နယ်အုပ်ချုပ်ရေးမှူးဆိုတော့ ဒီသဘောကလည်း ဒါလုပ်ပိုင်ခွင့်မညီမညာလည်းဖြစ်တယ်။ ဖြစ်လည်းမဖြစ်သင့်ဘူး။ ယခင်က တင်ပြခဲ့တဲ့ ဥပဒေတွေညီညာရမယ်ဆိုတာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေဆိုလို့ရင် တိုင်းဒေသကြီးမှာပဲ ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်။ လယ်ယာမြေဥပဒေဆိုရင်လည်း လယ်ယာမြေဥပဒေပုဒ်မ ၂၅ အရ ကျွန်တော်နောက်ဆုံးစီရင်ပိုင်ခွင့်အဆုံးအဖြတ်က တိုင်းဒေသကြီး လယ်ယာမြေခန့်ခွဲခွင့်ဖွဲ့တာဖြစ်တယ်။ အဲဒီတော့ ကျွန်တော်တို့ အစိုးရကလည်း ပြည်သူကရွေးချယ်တာဖြစ်တဲ့အတွက်ကို ခုနက ကျွန်တော်ပြောတဲ့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရက အသိအမှတ်ပြုခြင်းခံရသူဆိုတာ ပို၍သင့်တော်တဲ့အတွက်ကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခုနကသဘောထားကွဲလွဲတဲ့အချက်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမောင်မြင့် တင်ပြတဲ့အချက်ကတော့ ဒီပိုင်ဆိုင်မှုတွေနှင့်ပတ်သက်ပြီးတော့မှ အဆင့်ဆင့်သွားနေရင် ကြန့်ကြာပြီးတော့ ဖြစ်မယ်။ နှောင့်နှေးမယ်၊ ကြန့်ကြာမယ်ဆိုတဲ့ဟာတွေအပေါ် မူတည်ပြီးတော့ ပြောဆိုသွားတဲ့အတွက်ကြောင့် ကောင်းပါတယ်။ သို့သော်လည်းခုနက တင်ပြပါအတိုင်း လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း ကျွန်တော်တို့ အဲဒီစာပိုဒ်ကလေးမှာတော့ ဒီတရားဝင်မှတ်တမ်းအထောက်အထားမရှိသော်လည်း တိုင်းရင်းသားလူမျိုးစုများ၏ ထုံးတမ်းအစဉ်အလာများနှင့်အညီ ပိုင်ဆိုင်နိုင်ဖို့ ဒေသခံအစုအဖွဲ့က လက်ခံထားတဲ့ အဲဒီလက်ခံထားတဲ့အပေါ်မှာ ဆုံးဖြတ်ပေးနိုင်ဖို့အတွက်ကတော့ ခုနကတင်ပြသလိုပဲ နေပြည်တော်လို့ပါရင် နေပြည်တော်နှင့်အတူ တန်းတူဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက နေပြည်တော်နှင့်အတူ တိုင်းဒေသကြီး/ပြည်နယ်ဆိုပြီးတော့ထည့်ပြီး ဖော်ပြသင့်ပါတယ်။ ဒါမှမဟုတ်နေပြည်တော်

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးဆိုတဲ့နေရာမှာလည်း ကျွန်တော်တို့ဒါ ဦးမောင်မြင့်တင်ပြချက်အပေါ် လေးစားပါတယ်။ သို့သော်လည်း ဥပဒေအရ မြို့နယ် အုပ်ချုပ်ရေးမှူးများကို ဒီလိုဆုံးဖြတ်ပိုင်ခွင့်ပေးထားတဲ့ ဥပဒေမရှိသေးပါဘူး။ မြေဂရန်ချထားခြင်း ဆိုလည်း မြို့နယ်အဆင့်ကပဲ ကွင်းဆင်းစိစစ်တွက်ချက်ပြီးရင် သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးကပဲ မြေငှားဂရန် သို့သော်လည်း ခရိုင်အုပ်ချုပ်ရေးမှူးပေါ်မှာလည်း ပေးထားတာသည် ဒါဇကေအလိုက်ပေါ် မူတည်ပြီးတော့မှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် နေပြည်တော်ကောင်စီ အဲဒီကမှတစ်ဆင့် ရုံးချုပ်အဆင့်ထိ တင်ပြရတဲ့အဆင့်ဆင့်သော လုပ်ငန်းစဉ်များအရ မြို့နယ်အုပ်ချုပ်ရေးမှူးများကို ဥပဒေအရ ဆုံးဖြတ်ပိုင်ခွင့်မပေးထားတဲ့အတွက်ကြောင့် ဒီမှာလည်း မြို့နယ်အုပ်ချုပ်ရေးမှူးအစား နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့အသိအမှတ်ပြုခြင်း ခံရသူဆိုတဲ့ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြပါအတိုင်း ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ရှိပါတယ်။

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးသည့် အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ် (၄)နှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနှင့် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်တို့က ပြင်ဆင်ချက်အဆိုများ တင်သွင်းထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံဆန္ဒမဲများလျှင် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်ဆန္ဒမဲများလျှင် ဦးမောင်မြင့်၏ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့ နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင် ကြပါပြီ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲ ၃၃၀ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၂၀ မဲ၊ ကြားနေဆန္ဒမဲ မရှိ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ် (၄) သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ) နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းရန် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်အား ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ် ၃ အပိုဒ်ခွဲ(ဗ) ကတော့ နည်းနည်းရှုပ်ထွေးနေပါတယ်။ ဥပဒေကြမ်းကော်မတီမှာ တင်ပြစဉ်ကတော့ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ဆိုတဲ့နေရာမှာ ကျွန်တော်ထည့် ထားတာက ဒီမိုကရေစီခေတ်တွင် အဆောတလျင် မြေသိမ်းဆည်းခြင်းခေါင်းစဉ်သည် မဆီလျော်ပါ။ ယာယီမြေသိမ်းခြင်းခေါင်းစဉ်ပင် အရေးပေါ်ကိစ္စကို ထည့်သွင်းဖော်ပြနိုင်ပါသည်။ အဲဒီလို ကျွန်တော်က ရေးလိုက်တာဖြစ်ပါတယ်။ ဒီမှာကျတော့ ကျွန်တော်အခုဆွေးနွေးရမယ်ဆိုတဲ့ဟာကျတော့ မဆိုတဲ့ဟာကြီး အဲဒီအောက်မှာထည့်ပြီး သွားသွင်းလိုက်တဲ့အခါ ကျတော့ ဆွေးနွေးမယ်ဆိုလို့ရှိရင် ဒီဟာက ဘယ်လိုမှအဆင်မပြေပါဘူး။ ဖြစ်နိုင်သမျှတော့ ကျွန်တော် ဆွေးနွေးတင်ပြပါမယ်။ အဲဒီတော့ ဒီအဆောတလျင် မြေသိမ်းခြင်းဆိုတာကို ဒါလွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ နည်းနည်းလေ့လာပေးစေလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ အဆော တလျင်မြေသိမ်းတယ်ဆိုတာက အရေးပေါ်ဖြစ်ပေါ်လာတဲ့ အခြေအနေအလို့ငှာ သမ္မတကသိမ်းမယ်လို့ ပြောလိုက်ပြီ၊ အမိန့်ထုတ်လိုက်ပြီဆိုတာနှင့် ၁၅ ရက်အတောအတွင်းမှာ ဘာလျော်ကြေးမှမပေးရင် နေပါစေ အကုန်ဖယ်ပေးရမယ်။ အဲဒါဟာ ပြည်သူအပေါ်မှာ တရားသလား၊ မတရားသလားဆိုတာ ခင်ဗျားတို့စဉ်းစား။ အဲ့ဒါကြီးကိုမှ အဲ့လိုသိမ်းတဲ့အပြင် အဆောတလျင်ဆိုတဲ့စကားကြီးကို ထည့်လိုက်တယ်။ အဲဒီအောက်မှာတော့ ပါတာတော့ဗျာ။ ဘယ်လိုအခြေအနေဆိုတာ ပါတာ ပေါ့။ ဒါကြောင့်မို့ ကျွန်တော်ကခေါင်းစဉ်ကိုပြောင်းလိုက်ပါ။ အဆောတလျင်အစားကို ကျွန်တော်တို့က အရေးပေါ်ဖြစ်ပေါ်သည်ဆိုပြီး စသည်ပေါ့ သင့်တော်တဲ့ခေါင်းစဉ်ပြောင်းပါလို့ ကျွန်တော်အဲဒီမှာ ဆွေးနွေးခဲ့ဖူးပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတောဖြင့် ဒီလိုလျော်ကြေးမပေးဘဲနဲ့ သိမ်းတာ ကိုလည်း ကျွန်တော်ကန့်ကွက်တယ်။ ဘာကြောင့်လဲ သမ္မတမှာအရေးပေါ်ရန်ပုံငွေ ဘီလီယံ ၁၀၀ ရှိတယ်။ တစ်နှစ်တည်းနဲ့သုံးပြီးကုန်မသွားဘူးဆိုလို့ရှိရင် နှစ်မကုန်ခင်မှာ ရှိသမျှငွေနဲ့ လူတွေကို လျော်ကြေးပေးလို့ရှိရင် အဲဒီလျော်ကြေးပေးခံရတဲ့သူတွေသည် တစ်နေရာကို သူတို့ရဲဘဝလုံခြုံရေး အတွက် စီမံဖန်တီးပြီးတော့မှ ပြောင်းလို့ရတယ်။ အခုဟာကတော့ လျော်ကြေးလဲမပေးဘူး။ ၁၅ ရက် အတွင်းဖယ်ရမယ်ဆိုတာဟာ အဆောတလျင်ကြောင့်ဖြစ်တာ။ ဒါကြောင့်မို့လို့ ကျွန်တော်က အဆော တလျင်ဆိုတဲ့ စကားကိုဖြုတ်ပေးပါ။ ဒါပေမဲ့ လူတွေခံသာအောင်လို့ ကျွန်တော်တို့ ပြောတာ။ သိမ်းတာ ကတော့ သိမ်းမှာပဲ။ ဒါပေမဲ့ လူတွေခံသာအောင်လို့ ပြောတာ။ အဲဒီတော့ ဒီဟာကိုတော့ ကျွန်တော်က ဒီမှာနည်းနည်းလေး Confuse ဖြစ်သွားတဲ့အတွက်ကြောင့် ကျွန်တော့်ရဲ့အဆိုအား ဒီမှာ ဆွေးနွေး

ရင်လည်း လွှတ်တော်ကခွင့်ပြုထားတယ်ဆိုလို့ရှိရင်တော့ တစ်လွဲသည်ဖြစ်နေတဲ့အတွက်ကြောင့် ကျွန်တော်ဒါကိုရုပ်သိမ်းပါတယ်။ သို့သော်လည်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ဒီကိစ္စကို သိပြီ။ ဒါဆိုရင်ခင်ဗျားတို့ အမျိုးသားလွှတ်တော်နှင့် ပူးပေါင်းကော်မတီရှိတယ်။ ပူးပေါင်းကော်မတီကျလို့ရှိရင် ဆွေးနွေးပါ။ ဒီဥပဒေကို အတည်ပြုလို့ရှိရင် ဒီဥပဒေဟာ ဟောဒီလွှတ်တော်ကြီးက အတည်ပြုခဲ့တာ။ ဟောဒီလွှတ်တော်က ဘယ်သူအများစုလဲဆိုတာ ပြည်သူတွေသိတယ်။ အဲဒီအချိန်မှာ ပြည်သူတွေကခင်ဗျားတို့အပေါ်မှာ ပြန်ပြီးတော့မှ Repercussion ဝင်မယ်လို့ ကျွန်တော်ဒီနေရာ ကနေပြောချင်တယ်။ ဒါကြောင့်မို့လို့လည်း ကျွန်တော်တို့က ဘာပဲပြောပြော။ ကိုယ်ကကန့်ကွက်ခဲ့တယ် ဆိုတာကို မှတ်တမ်းရှိစေချင်လို့ ကန့်ကွက်ခဲ့တယ်ဆိုတာကို တင်ပြရင်းနိဂုံးချုပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၃ အပိုဒ်ခွဲ(ပ) နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဒီနေရာမှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကို တင်ပြလာရင်း ဥက္ကဋ္ဌကြီးလည်း ဒါဘယ်နေ့ဘယ်ရက်မှာ နောက်ဆုံးထားပြီးတော့ ပြင်ဆင်ချက်အဆိုတွေကို တိတိကျကျ အပိုဒ်ခွဲနဲ့ဖော်ပြပြီးတော့ တင်သွင်းပါဆိုပြီးတော့ ဥက္ကဋ္ဌကြီးမှာပါတယ်။ ကျွန်တော်တို့မှာတဲ့အပေါ်မှာလည်း သက်ဆိုင်ရာက ဆောင်ရွက်တဲ့ကိစ္စတွေ။ ဒါဆောင်ရွက်ကြပါတယ်။ ကျွန်တော်တို့ကတော့ ရောက်လာတဲ့အပိုဒ်ထက် တစ်ပိုင်းချင်း၊ တစ်ပိုင်းချင်းထက် ဆွေးနွေးမည့်သူတွေကိုလည်း ကျွန်တော်တို့က ဒါမိသားစုဝင်တွေလို၊ လုပ်ဖော်ကိုင်ဖက်တွေလို အားလုံးစေ့စေ့စပ်စပ်ညှိနှိုင်းပြီး သက်ဆိုင်ရာဌာနတွေနဲ့ ဆောင်ရွက်တဲ့သဘောပါ။ ကျွန်တော်တို့ ဒီနေရာမှာ ကိုယ်စားလှယ်ကြီးတင်ပြခဲ့တဲ့ အဆောတလျင်ဆိုတဲ့ အခန်းကဏ္ဍလေး ကျွန်တော်နည်းနည်းရှင်းချင်ပါတယ်။ ကျွန်တော်တို့ ခုနက အထက်တွင်တင်ပြခဲ့တဲ့အတိုင်းပဲ မြေသိမ်းတယ်။ မြေသိမ်းတဲ့ နေရာမှာ မြေသိမ်းဆည်းတဲ့အပိုင်းရှိမယ်။ အဆောတလျင်မြေသိမ်းတဲ့အပိုင်းရှိမယ်။ ယာယီမြေသိမ်းဆည်းတဲ့ အပိုင်းရှိတယ်။ အဲဒီတော့ မြေသိမ်းဆည်းတဲ့ Process တွေကိုလည်း ဆောင်ရွက်တဲ့ အဖွဲ့တွေက မြေသိမ်းဆည်းမှုအကောင်အထည်ဖော်ရေးအဖွဲ့၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့၊ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၊

ခုနကျွန်တော်ပြောခဲ့တဲ့ သုံးဖွဲ့ရှိတယ်။ အဲဒီကျွန်တော်ပြောခဲ့တဲ့သုံးဖွဲ့ထဲမှာ အပေါ်ကနှစ်ဖွဲ့ကို ဗဟိုကော်မတီက ဖွဲ့စည်း ပေးတာ။ ဗဟိုကော်မတီဆိုတာ ဘယ်အဆင့်လဲဆိုရင် ဒုတိယသမ္မတတစ်ဦးဦး က ဦးဆောင်၍ ဥက္ကဋ္ဌ၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ အစိုးရဌာနတွေ၊ အစိုးရအဖွဲ့အစည်းတွေ ပါဝင်တဲ့အဖွဲ့ ကျွန်တော်တို့ဒီဥပဒေမှာ မြေသိမ်းလိုက်တိုင်းသိမ်းလိုက်တိုင်း ဗဟိုကော်မတီ ဒုတိယသမ္မတ အကြီးဆုံးပါဝင်တဲ့ ဗဟိုကော်မတီတောင် လုပ်ပိုင်ခွင့်မရှိဘူး။ နောက်ဆုံးဘယ်တင်ပြလဲ။ ပြည်ထောင်စုအစိုးရအဖွဲ့ တင်ပြမှသာလျှင် ကျွန်တော်တို့ ဆောင်ရွက်လို့ရတာပါ။ ကျွန်တော်တို့ ဒီနေရာမှာလည်း ခုနကိုယ်စားလှယ်တော်ကြီးကတော့ ရုပ်သိမ်းပြီလို့ပြောတဲ့အတွက် ကိုလည်း ကျွန်တော်လည်း အကျယ်အတွင်းတော့ ပြောရန်မလိုပါဘူး။ အဆောတလျှင်သိမ်းရင်တော့ အရေးပေါ် ဖြစ်လာတဲ့ ကိစ္စရပ်တွေဆိုရင်တော့ အဆောတလျင်။ အဲဒါကလည်း ကျွန်တော်တို့ အဆင့်ဆင့် စစ်ဆေးရမယ်၊ စုံစမ်းရမယ်၊ အကုန်လုံးအရေးပေါ်ဆိုတာနိုင်ငံရေးအခြေအနေ ဒီအတွက်ကိုလည်း ကျွန်တော်တို့က ဒီအဆောတလျှင်မြေသိမ်းခြင်းကိုလည်း အခန်း(၁၀)မှာ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားပါတယ်။ ဒီနေရာမှာ ကျွန်တော်အလျဉ်းသင့်လို့ တစ်ချက်လေးပါ။ ကျွန်တော်တို့ ဒီမြေသိမ်း ဥပဒေက မြေမသိမ်းဥပဒေလို့တောင် ကျွန်တော်တို့အချင်းချင်း ပြောနေရတဲ့သဘောရှိပါတယ်။

မြေသိမ်းဆည်းရန်အရမ်းခက်ခဲပါတယ်။ ဒီခေတ်မှာလည်း အစိုးရလက်ထက်မှာလည်း မြေသိမ်း ဆည်းတာမရှိသလို နောက်ပိုင်းအစိုးရတွေ တက်လာလို့မြေသိမ်းဆည်းရင်လည်း ပြည်သူတွေရဲ့ အခက်အခဲ ပြည်သူတွေရဲ့မြေကို အလွယ်တကူသိမ်းလို့မရအောင် အများကြီးကန့်သတ်ထားပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွေနဲ့ အများကြီးကန့်သတ်ထားသလို နိုင်ငံတော်ဘက်က အဆော တလျှင်ရှိရင်လည်း စည်းနဲ့ကမ်းနဲ့မူနဲ့ဘောင်နဲ့သိမ်းဖို့ ကျွန်တော်တို့က ပြဋ္ဌာန်းထားပါတယ်။ နောက်ဆုံး မြေသိမ်းတဲ့လူ ဒီဥပဒေရဲ့ထူးခြားချက်က ပြစ်မှုနှင့် ပြစ်ဒဏ်မှာ ဒါ ကျွန်တော်တို့ လက်ရှိ အပိုဒ် ၆၅ မှာဆိုရင် မြေသိမ်းတဲ့လူက မရိုးမဖြောင့်လုပ်ရင် ထောင်ကျမယ့်ဥပဒေလည်းပါပါတယ်။ အဲဒီ တော့ ကျွန်တော်တို့တွေက ပြည်သူ့မျက်နှာကိုလည်းကြည့် ရေးဆွဲထားတဲ့ဥပဒေဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ပုဒ်မ ၃ ပုဒ်မခွဲ(ပ)ကိုတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းရဲ့ ပြင်ဆင်ရန်တင်ပြချက် ကို လွှတ်တော်ကအတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခုန လွှတ်တော်ကိုယ်စားလှယ်

ကြီး ဦးမောင်မြင့် စေတနာနှင့်တင်ပြသွားတဲ့ အချက်ကလည်း စဉ်းစားစရာအချက်ဖြစ်ပါတယ်။ ဒါက တော့ ယာယီမြေသိမ်းဆည်းခြင်းဆိုပြီးတော့ပါ။ ကျွန်တော်တို့က ၁၈၉၄ ခုနှစ်၊ မြေသိမ်းဥပဒေမှာကိုက ယာယီမြေသိမ်းဆည်းခြင်းနှင့် ဆောလျင်စွာသိမ်းဆည်းခြင်း ဒါအမြဲတမ်းသိမ်းဆည်းခြင်းဖြစ်ပါတယ်။ အဲဒီတော့ ယာယီမြေသိမ်းဆည်းခြင်းဆိုတာ ဥပမာအားဖြင့် ကျွန်တော်တို့ တံတားတစ်ခုဆောက်မယ်။ လမ်းတစ်ခုဖောက်မယ်ဆိုရင် ဒီလမ်းအတွက်၊ တံတားအတွက်ကတော့ အမြဲတမ်းအတွက်သိမ်းဆည်း ရပါတယ်။ သို့သော်လည်း ဒီ Construction Building တွေ အဆောက်အဦတွေအတွက် လိုအပ်တဲ့ အထောက်အပံ့ပစ္စည်းတွေ ထားဖို့နေရာမျိုးတွေဆိုရင် ဒါယာယီသိမ်းရပါတယ်ခင်ဗျား။ တကယ်လို့ လမ်း၊ တံတားပြီးသွားတဲ့အခါမှာ အဲဒီသက်ဆိုင်ရာဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်လွှဲအပ်ပေး ပါတယ်။ အဲဒီအချိန်မှာ နစ်နာမှုအတွက်ကိုလည်း ထိုက်သင့်တဲ့မြေယာလျော်ကြေး၊ နစ်နာကြေးများကို ပေးရခြင်းဖြစ်ပါတယ်။ ဒါကတော့ ယာယီမြေသိမ်းဆည်းခြင်းဖြစ်ပါတယ်။

နောက်အမြဲတမ်းသိမ်းဆည်းခြင်းအနေနဲ့ကတော့ ကျွန်တော်ခုနတင်ပြပါ လေယာဉ်ကွင်း တံတားဦးလေယာဉ်ကွင်းဟာမျိုး လေယာဉ်ကွင်းတွေတည်ဆောက်ရတယ်။ လမ်း၊ တံတားဆောက်ရ တယ်။ ကျွန်တော်တို့က အများပြည်သူအကျိုးငှာ သွားလာရေး၊ သယ်ယူပို့ဆောင်ရေးအတွက် ဆောင်ရွက်ရတဲ့ Public Purpose ဖြစ်တဲ့အတွက်ကြောင့် ဒါကတော့ အမြဲတမ်းသိမ်းဆည်းရန်ဖြစ်ပါ တယ်။ အဆောတလျင်သိမ်းဆည်းခြင်းကတော့ ကျွန်တော်တို့ သဘာဝဘေးအန္တရာယ်ကျရောက်တဲ့ အချိန်မှာ ဥပမာ-မြစ်ကြောင်းတွေပြောင်းလဲတယ်။ နောက်တစ်ခါ ရေစီးကြောင်းကြောင့် တံတားတွေ၊ လမ်းတွေမျောပါတဲ့အခါမှာ အများပြည်သူ အဲဒီအချိန်မှာ ဒီမြေသိမ်းဆည်းတဲ့ Process တွေ ဆောက်နေဖို့အချိန်မရှိပါဘူးခင်ဗျား။ အဲဒီအချိန်မှာပဲ ဘေးမှာရှိတဲ့ အများပြည်သူ နောက်တစ်ခါ တစ်ဦးတစ်ယောက်ပေါ့လေ။ တောင်သူလယ်သမားပိုင်တဲ့မြေမှာလည်း ဒိုင်ဘားရှင်းအတွက် တံတား ထိုးသွားတာမျိုးတွေ ရှိပါတယ်။ ဒါကတော့ ကျွန်တော် အဆောတလျင်သိမ်းရတဲ့ကိစ္စမျိုးပါ။ အများ ပြည်သူ သွားရေး၊ လာရေး သဘာဝဘေးအန္တရာယ် မိုး၊ ရေကြီးခြင်း၊ မုန်တိုင်းကျခြင်းအခါမျိုးတွေမှာ အဆောတလျင်သိမ်းရတဲ့ကိစ္စဖြစ်ပါတယ်။ ဒါကိုလည်း ဒီမှာ ခုနလွှတ်တော်ကိုယ်စားလှယ်ကြီး ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ထောက်ခံတင်ပြထားသလိုပဲ ဒီနေရာမှာတော့ ခုန တင်ပြပါအတိုင်း ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ သဘောထားအတိုင်း ကျွန်တော် ထောက်ခံတင်ပြအပ်ပါ ကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်က ၎င်း၏ပြင်ဆင်ချက်ကို ရုပ်သိမ်းခဲ့သည့်အတွက် အပိုဒ် ၃ အပိုဒ်ခွဲ(ပ)ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၃ အပိုဒ်ခွဲ(ပ)သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်းရဲ့အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၈ အပိုဒ်ခွဲ(ခ)နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းရန် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်ကို ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စောစောက ဥပဒေကြမ်းကော်မတီက ပြောသွားတဲ့စကားတစ်ခုပေါ့လေ။ ကျွန်တော်တို့က ဒီဥပဒေကြမ်းကော်မတီမှာ ဆွေးနွေးကြတဲ့အခါမှာသာ ညီရင်းအစ်ကိုလို ဆွေးနွေးကြတယ်ဆိုတာ လက်ခံပါတယ်။ ကျွန်တော်လည်း ညီရင်းအစ်ကိုလို ဆွေးနွေးတာပဲ။ ဒါပေမဲ့ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရန်အလို့ငှာဆိုရင်တော့ ဥပဒေကြမ်း ကော်မတီနှင့် ဆန့်ကျင်ကောင်းဆန့်ကျင်လိမ့်မယ်။ အဲဒါကို ညီရင်းအစ်ကိုမဟုတ်ဘူးလို့တော့ ကျွန်တော်ကို လာမပြောပါနဲ့လို့ ကျွန်တော်ပြောချင်ပါတယ်။ အဲဒီတော့ ဒီကိစ္စမှာ ကျွန်တော်က စောစောက ခြေဆင်း မှာတုန်းကလည်း ပြောခဲ့ပြီးပါပြီ။ ဒီ ပုဒ်မ ၂ ပုဒ်မခွဲ(ဂ)မှာတုန်းက ကျွန်တော်တို့က အမျိုးသားစီမံကိန်း ဥပဒေတွင်ပါဝင်ပြီး နိုင်ငံတော်ကဦးစီးဆောင်ရွက်မည့် လူမှုစီးပွားရေးဆိုင်ရာစီမံကိန်းများဆိုတာကို ဒီလိုထည့်ပါတယ်။ ဒါအဆိုမအောင်ဘူးပေါ့ ကျွန်တော့ဘက်က။

ဒါပေမဲ့ အဲဒါက ဘာကြောင့်ထည့်လဲဆိုရင်တော့ ပုဒ်မ ၆ ပုဒ်မခွဲ(ဂ)ကျတော့ သူက ဘာပါသလဲ ဆိုလို့ရှိရင်တော့ ဖက်စပ်လုပ်ငန်းများအတွက် မြေသိမ်းခွင့်ရှိတယ်ဆိုတဲ့အချက်တွေ ပါလာတယ်။ အဲဒီတော့ ဖက်စပ်လုပ်ငန်းများအတွက် မြေသိမ်းခွင့်ရှိတယ်ဆိုတာကို ကျွန်တော် မဖြစ်စေချင်လို့ အမျိုးသားစီမံကိန်းဥပဒေမှာပါဝင်ပြီးတော့မှ နိုင်ငံတော်က ဦးစီးဆောင်ရွက်မယ့်ဥပဒေများလို့ ကျွန်တော်က ထည့်တာဖြစ်ပါတယ်။ အခုလည်းဒီမှာ ဖက်စပ်ရင်းနှီးမြှုပ်နှံသူများအတွက် မြေသိမ်းဆည်းခြင်းမျိုးမဖြစ်သင့်ပါ။ ဒါကြောင့်မို့လို့ ပုဒ်မ ၆ ပုဒ်မခွဲ(ဂ)ကို ဖြုတ်ပါဆိုပြီး ကျွန်တော် ဒီလို တင်ပြခဲ့တာ။ ဒါပေမဲ့ ဒီမှာကျတော့ ဒီနေ့ဝေတဲ့ဟာရော၊ ပြီးခဲ့တဲ့ရက်တွေက လာညှိတာရော

တစ်လွဲတွေဖြစ်နေတယ်။ တစ်လွဲတွေဖြစ်နေတော့ ကျွန်တော်ကတော့ ပြောသင့် တဲ့ဟာကို ပြောရလိမ့်မယ်။ အဲဒီတော့ ပုဒ်မ ၆ ပုဒ်မခွဲ(ဂ)မှာ ဥပဒေကြမ်းကော်မတီတုန်းက ကျွန်တော့်ရဲ့ တင်ပြချက်၊ ဆွေးနွေးချက်တွေနဲ့ မှတ်တမ်းတွေမှာ ကွဲလွဲသွားတယ်။ ကျွန်တော်တင်ပြတာက မူရင်း ဥပဒေရဲ့ ပုဒ်မ ၆ ပုဒ်မခွဲ(ဂ)မှာ မြေသိမ်းဆည်းမယ်ဆိုရင် ဖက်စပ်ရင်းနှီးမြှုပ်နှံပြီးတော့မှ ပူးပေါင်း ဆောင်ရွက်ရမည့်လုပ်ငန်းစီမံကိန်းဆိုတာကို အကျုံးဝင်ပါဝင်နေတဲ့အတွက် အဲဒီအပိုဒ်ကို ဖြုတ်ဖို့ တင်ပြတာ။ အခုကျတော့ ဘာမှမသက်ဆိုင်တဲ့ အပိုဒ်ကို ဖြုတ်ဖို့ဆိုပြီးတော့ ပါနေတယ်။

ကျွန်တော် စောစောပိုင်းက ပုဒ်မ ၂ ပုဒ်မခွဲ(ဂ)တင်ပြပြီးဖြစ်တယ်။ အဲဒီအပိုဒ်ကိုဖြုတ်စေချင်ရင် ပုဒ်မ ၂ ပုဒ်မခွဲ(ဂ)မှာဆွေးနွေးကတည်းက အမျိုးသားစီမံကိန်းဥပဒေတွင်ပါဝင်ပြီးတော့မှ နိုင်ငံတော်က ဦးစီးဆောင်ရွက်မည့် လူမှုစီးပွားရေးဆိုင်ရာစီမံကိန်းများလို့ ပြင်ဆင်တင်ပြခဲ့တာဖြစ်ပါတယ်။ အင်္ဂလိပ် ကိုလိုနီဘဝမှာတုန်းက အင်္ဂလိပ်က သူ့ကိုလိုနီနိုင်ငံတွေမှာ မှတ်ပုံတင်ထားရတဲ့ကုမ္ပဏီတွေကို မြန်မာ နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမယ်ဆိုလို့ရှိရင် မြေသိမ်းခွင့်ရအောင် Land Acquisition Act ကို ရေးဆွဲပြဋ္ဌာန်းခဲ့တာ။ အခုလည်း ဘာမှမထူးဘူး။ နိုင်ငံခြားကလာပြီး ဖက်စပ်လုပ်မယ်ဆိုရင် မြေသိမ်း ပေးမယ်ဆိုတော့ ခင်ဗျားတို့ ကျွန်တော်တို့ပြည်သူတွေကို ကျွန်လိုသဘောထားတဲ့သဘောဖြစ်နေတယ်။ ဒါကို ကျွန်တော်ပြောချင်တာ။ ဒါကြောင့်မို့လို့ ပြည်သူတွေဘဝက ဘာမှမထူးဘူး။ အရင်အတိုင်းပဲ။ ဘာမှလွတ်လပ်ရေးလည်းမရဘူး။ ကျွန်လိုဖြစ်နေတယ်လို့ ကျွန်တော်ပြောချင်တယ်။ International မှာကော ဖက်စပ်ကုမ္ပဏီလာမယ်ဆိုလို့ရှိရင် မြေသိမ်းတာရှိသလားဆိုတာ ခင်ဗျားတို့သွားလေ့လာ လိုက်။ ဥပဒေတစ်ခုပြဋ္ဌာန်းမယ်ဆိုလို့ရှိရင် ပြည်သူက အနာဘက်ကကြည့်ဖြစ်နေမယ်ဆိုလို့ရှိရင် ပြည်သူတွေက ဥပဒေပြုတဲ့လွှတ်တော်ကို ဘယ်မှာအားကိုးမှာလဲ။ ဒါကြောင့်မို့လို့ ကျွန်တော်ရဲ့ တင်ပြချက်ကတော့ဖြင့် ဖက်စပ်ရင်းနှီးမြှုပ်နှံ၍ ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများဆိုတာ ကို မြေသိမ်းဆည်းခွင့်ခေါင်းစဉ်ကနေဖြုတ်ပေးဖို့အတွက် ပြည်သူဘက်ကနေရပ်တည်ပြီးတော့မှ ဥက္ကဋ္ဌကြီးကတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပုဒ်မ ၈ ပုဒ်မခွဲ(ခ)နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းရန် ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ပုဒ်မ ၈ ပုဒ်မခွဲ(ခ) ကို ပြောမယ်ဆိုရင် အပိုဒ် ၈ ခြေဆင်းကို ကျွန်တော်တစ်ချက်ညှိရပါမယ်။ အပိုဒ် ၈ ကတော့ မြေတစ်ရပ်ကို အများပြည်သူ

အကျိုးအလို့ငှာ အောက်ပါကိစ္စရပ်တစ်ခုအတွက် အသုံးပြုရန်လိုအပ်သည့် ပုဒ်မ ၇ ပါ သိမ်းဆည်းရန် အဆိုပြုသည့် ဌာနအဖွဲ့အစည်းတစ်ရပ်သည် ဇဟိုကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ အဆိုပြု တင်ပြရတယ်။ သူကတစ်ခါ ဘယ်ပြန်ညွှန်းလဲဆိုတော့ ပုဒ်မ ၇ ပြန်ညွှန်းတယ်။ ပုဒ်မ ၇ က ဘာပြော ထားလဲဆိုတော့ ဥပဒေနှင့်အညီ မြေသိမ်းဆည်းခြင်းပြုပေးရန် အောက်ပါအစိုးရဌာန အစိုးရအဖွဲ့ အစည်းတို့သည် အဆိုပြုတင်ပြနိုင်တယ်။

ပုဒ်မ ၇ ကိုညွှန်းတဲ့အတွက်ကို အဆိုပြုတင်ပြနိုင်တဲ့ လူကို ကျွန်တော်ဆက်ဖက်ပြပါမယ်။ ပုဒ်မ ၇ ပုဒ်မခွဲ(က) ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ အစိုးရဌာနအစိုးရအဖွဲ့အစည်း များ၊ ပုဒ်မ ၇ ပုဒ်မခွဲ(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သူတို့ပဲအဆိုပြုတင်ပြခွင့်ရှိတာ။ ပုဂ္ဂလိက၊ တစ်ဦးတစ်ယောက် တင်ပြပိုင်ခွင့် မရှိပါဘူး။ ဒါပေမဲ့ နိုင်ငံတကာကျင့်စဉ်တွေအရ ကျွန်တော်တို့ကဘာတွေပြန်ကြည့်ရမလဲဆိုတော့ အခြားဥပဒေတွေပြန်ကြည့်ဖို့လိုပါတယ်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေမှာဆိုရင် အခန်း (၁၂) မြေအသုံးချခြင်း အခန်းရဲ့ ပုဒ်မ ၅၀ မှာ ကျွန်တော်တို့ မြေအသုံးချမှုကို ကျွန်တော်တို့ ပေးထားပါတယ်။ ဒါဟာ ဒီဥပဒေနဲ့ကျွန်တော်တို့က လိုက်ဖက်ညီထွေ ဖို့လည်း လိုပါတယ်။ ဥပဒေမှာ ဒါက ကျွန်တော်တို့သိတဲ့အတိုင်းပါပဲ။ ဥက္ကဋ္ဌကြီးကိုယ်တိုင်လည်း သိပါတယ်။ ကျွန်တော်တို့ ၅၉ မှာရှိတဲ့ အားလုံးပေါင်း အချက် (၁၂)ချက်နဲ့အညီ စိစစ်ရတာ ဥပဒေကြမ်းရဲ့ တာဝန်က။ အဲဒီတော့ ဒီနေရာမှာလည်း နိုင်ငံတကာဆိုတာ ပြုပြင်ပြောင်းလဲတဲ့အပိုင်းတွေပါလာပြီ။ နိုင်ငံတကာနဲ့ညီအောင်လည်း ကျွန်တော်တို့က ပြုပြင်ရမယ်။ ပြည်သူ့အကျိုးစီးပွားတွေ၊ အစိုးရအကျိုး စီးပွားတွေလည်း ပြုပြင်ရမယ်။ အဲဒီအတွက် ကျွန်တော်တို့က ဘာတွေကြည့်ရလဲဆိုတော့ Including Public Center၊ Public and Private Center ၊ State and Public၊ Public Joined Center နောက်တစ်ခုက Special Economic Zone ဒီကိစ္စရပ်တွေကိုလည်း ကျွန်တော်တို့ မျှမျှတတကြည့်ဖို့ လိုပါတယ်။ အဲဒီအခန်း ကဏ္ဍတွေကိုလည်း ကျွန်တော်တို့က လိုအပ်တဲ့အတွက်ကို ဖက်စပ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ပေါ်ပေါက်လာနိုင်တယ်။ တကယ်လို့ ဒါတွေများပေါ်ပေါက်ခဲ့ရင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၊ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်း၊ အစိုးရဌာနတွေကနေ မည်သူမျှ အဆိုပြုခွင့်မပေး ထားဘူး။ အဲဒီတော့ ကျွန်တော်တို့က ဒီဥစ္စာတွေက ကျွန်တော်တို့နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကို ရည်ရွယ်ပြီးတော့ ရည်မှန်းချက်ကောင်းကောင်း၊ အတွေးအခေါ်ကောင်းကောင်းနဲ့ စီမံထားတဲ့အတွက် ကို အပိုဒ် ၈

အပိုဒ်ခွဲ(ခ)ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြု သင့်ပါကြောင်း လေးစားစွာအဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ကျွန်တော်တို့အနေနဲ့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ခုန ဖက်စပ်ဆိုတဲ့ဟာနဲ့ အကျိုးတူဆိုတာရှိပါတယ်။ ဖက်စပ်ဆိုတာကတော့ ပူးပေါင်းလျက်၊ စပ်တူပူးပေါင်းအရင်းအနှီးထုတ်ပြီး ဆောင်ရွက်တဲ့ကိစ္စဖြစ်ပါတယ်။ Joined Pincher လို့ခေါ်ပါတယ်။ နောက် အဲဒီအပြင်လည်း နိုင်ငံတော်အနေနဲ့ အကျိုးတူလုပ်ငန်းတွေရှိပါတယ်။ အကျိုးတူကတော့ Consortium လို့ခေါ်ပါတယ်။ အဲဒီတော့ အကျိုးတူကိစ္စအတွက် နိုင်ငံတော်အတွက် အကျိုးတူကိစ္စများမှာ နိုင်ငံတော်အနေနဲ့ နိုင်ငံများ၊ အခြားနိုင်ငံများ၊ ကုမ္ပဏီများ၊ ဘဏ်လုပ်ငန်းများ ဒါတွေနဲ့ နိုင်ငံတော်အကျိုးငှာ ပူးပေါင်းဆောင်ရွက်နိုင်ပါတယ်။ ဒါကြောင့် ဖက်စပ်ဆိုတဲ့ Joined Pincher၊ နောက်တစ်ခါ အကျိုးတူဆိုတဲ့ Consortium ဆိုတာတွေကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက်ကို နိုင်ငံတော်အနေနဲ့ မိမိနိုင်ငံတစ်ခုတည်းနဲ့ ရင်းနှီးမြှုပ်နှံဖို့အခက်အခဲ၊ အတတ်ပညာ၊ နည်းပညာတွေရှိလာခဲ့ရင် ဖက်စပ်ဆိုတဲ့ Joined Pincher လည်း လိုမှာဖြစ်ပါတယ်။ နောက် အကျိုးတူဆိုတဲ့ Consortium လည်းလိုမှာဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့အနေနဲ့ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပေါ်မှာ ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ အပိုဒ် ၈ အပိုဒ်ခွဲ(ခ)နဲ့ စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူ တင်ပြခဲ့ပြီး မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်က ပယ်ဖျက်ရန် အဆိုတင်သွင်းထားပါတယ်။ ဒါ့ကြောင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဥပဒေကြမ်းကော်မတီ၏ သဘောတူညီမှုကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံဆန္ဒမဲများလျှင် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်ဆန္ဒမဲများလျှင် ဦးမောင်မြင့်ရဲ့ အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ယခု ဆွေးနွေးတဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ် သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲ ၂၂၈ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၂၈ မဲနဲ့ ကြားနေဆန္ဒမဲ ၁ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၈ အပိုဒ်ခွဲ(ခ)သည် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၉ အပိုဒ်ခွဲ(ဇ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းရန် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်အား ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပြင်ဆင်ချက်အဆိုကတော့ စောစောက အဆိုတွေမှာ ကျွန်တော် တင်ပြခဲ့သလိုပါပဲ။ အဆောတလျင်ဆိုတဲ့ စကားလုံးပါတိုင်း၊ ပါတိုင်းမှာ ဒါဟာ ပြည်သူကို Insert လုပ်တယ်လို့ ကျွန်တော်ကတော့ ဒီလိုပဲ ယုံကြည်တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က အဆောတလျင်ဆိုတဲ့ စကားနေရာတွေမှာ ကျန်တဲ့ စကားလုံးကို ကျွန်တော်တို့က အစားထိုးနိုင်ဖို့အတွက် တင်ပြတာဖြစ်ပါတယ်။ သို့သော်လည်း ဒီနေရာမှာ ကျွန်တော့်ဘက်က အားနည်းချက်ကတော့ ကျန်တဲ့စကားလုံးကို ကျွန်တော်တို့က ပြီးခဲ့တဲ့ ဆွေးနွေးပွဲတွေမှာ Conplete ဖြစ်အောင် မဆွေးနွေးတဲ့အခါကျတော့ ဒီမှာပါမလာဘူး။ ပါမလာတော့ ဒါကိုလည်း ကျွန်တော့်အနေနဲ့ကတော့ ရုပ်သိမ်းပါတယ်။ သို့သော်လည်း ဥပဒေကြမ်းပူးပေါင်းကော်မတီကျလို့ရှိရင်တော့ဖြင့် ဒီဟာကို ကျွန်တော်တို့က ထည့်သွင်းပြီးတော့မှ ဆွေးနွေးပေးဖို့ အတွက် မေတ္တာရပ်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်က ၎င်းရဲ့ပြင်ဆင်ချက်အဆိုကို ရုပ်သိမ်းထားတဲ့အတွက် လွှတ်တော်အနေနဲ့ အပိုဒ် ၉ အပိုဒ်ခွဲ(ဇ)သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အပိုဒ် ၉ အပိုဒ်ခွဲ(ဇ)သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်းရဲ့ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၅၂ အပိုဒ်ခွဲ(က)ခြေဆင်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းရန် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်ကို ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲနွှနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီတစ်ခုရယ်၊ နောက်တစ်ခုရယ် နှစ်ခုလုံးကတော့ အဆောတလျင်ဆိုတဲ့စကားလုံးပါလို့ ကျွန်တော်တို့က ကန့်ကွက်ပြီးတော့မှ ပြင်ဆင်ထားတာဖြစ်ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော် စောစောတင်ပြခဲ့သလိုပဲ ဥပဒေကြမ်းပူးပေါင်းကော်မတီမှာ ဆွေးနွေးဖို့ပဲ တင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်က ၎င်းရဲ့ပြင်ဆင်ချက်အဆိုကို ရုပ်သိမ်း သွားတဲ့အတွက် မဲခွဲဆုံးဖြတ်ခြင်းကို မပြုလုပ်ဘဲ လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။ အပိုဒ် ၅၂ အပိုဒ်ခွဲ(က)ခြေဆင်းသည် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၅၂ အပိုဒ်ခွဲ(က)ခြေဆင်းသည် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၅၂ အပိုဒ်ခွဲ(ခ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းရန် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်အား ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခု တင်ပြမယ့်အဆိုဟာလည်း စောစောကလိုပါပဲ။ အဆောတလျင်ဆိုတဲ့ စကားလုံးအပေါ်မှာ ကျွန်တော်က ကန့်ကွက်တင်ပြခဲ့တာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲဒါဆိုလို့ရှိရင် အဲဒီအဆိုကို ရုပ်သိမ်းတယ်ဆိုတဲ့အကြောင်း ဟုတ်လား။

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်က ပြင်ဆင်ချက်အဆိုကို ရုပ်သိမ်းကြောင်း တင်ပြလာတဲ့အတွက် မဲခွဲဆုံးဖြတ်ခြင်းမပြုလုပ်ဘဲ လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ အပိုဒ် ၅၂ အပိုဒ်ခွဲ(ခ)သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘော တူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၅၂ အပိုဒ်ခွဲ(ခ)သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်းရဲ့ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲ အတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါ်သန္တာ၊ အိမ်မဲမဲဆန္ဒနယ်က စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် အလွန်အရေးပါသော အရပ်ဘက်လူထုဆိုင်ရာ ရပိုင်ခွင့်နှင့် နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များကို လေးစားလိုက်နာရန်နှင့် တရားဥပဒေစိုးမိုးမှုရှိစေရန်အတွက် အရပ်ဘက်လူထုဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာရပိုင်ခွင့်များနှင့် သက်ဆိုင်သော နိုင်ငံတကာ သဘောတူစာချုပ်(International Covenant on Civil and Political Rights-ICCPR)ကို လက်မှတ်ရေးထိုးရန် တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်သန္တာအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၅ နည်းဥပဒေခွဲ(က)အရ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးနှင့်စပ်လျဉ်းတဲ့ကိစ္စကို အဆိုတစ်ရပ်အဖြစ် တင်သွင်းသွားမှာဖြစ်ပါတယ်။ အဆိုကတော့ စစ်မှန်သော ဒီမိုကရေစီတည်ဆောက်ရေးအတွက် အလွန်အရေးပါသော အရပ်ဘက်လူထုဆိုင်ရာ ရပိုင်ခွင့်နှင့် နိုင်ငံရေးဆိုင်ရာရပိုင်ခွင့်များကို လေးစားလိုက်နာရန်နှင့် တရားဥပဒေစိုးမိုးမှုရှိစေရန် အတွက် အရပ်ဘက်လူထုဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာရပိုင်ခွင့်များနှင့်သက်ဆိုင်သော နိုင်ငံတကာ သဘောတူစာချုပ်(International Covenant on Civil and Political Rights-ICCPR)ကို လက်မှတ်ထိုးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။ အဆိုတင်သွင်းရခြင်း ရဲ့ရည်ရွယ်ချက်ကတော့ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတွင် ထုတ်ပြန်ကြေညာထားသော အခြေခံမူများ နှင့်အညီ လူသားအားလုံး၏ မွေးရာပါဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှုရှိပြီး ဖယ်ရှားမရသော အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူဖြစ်သည့် နိုင်ငံတော် ၏တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းနည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရန် နှင့် လူ့အခြေခံရပိုင်ခွင့်များ ကာကွယ်နိုင်ရန်၊ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်တို့ ဖြစ်ပါတယ်။ ထို့အပြင် အသက်ရှင်ရပ်တည်ခွင့်နှင့် လူသားဂုဏ်သိက္ခာ၊ ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှု၊ ဘာသာရေး လွတ်လပ်ခွင့်နှင့်ကိုယ်ပိုင်ဘဝ၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မလျော်မကန်ပြုမူခြင်းနှင့် အဓမ္မဖမ်းဆီးခြင်းတို့ မှ လွတ်မြောက်ခွင့်၊ နိုင်ငံရေးတွင်ပါဝင်ခွင့်၊ လူနည်းစုရပိုင်ခွင့်၊ ကျား/မတန်းတူ တူညီသည့်ရပိုင်ခွင့် များကို လေးစားလိုက်နာရန်နှင့် လူ့ဘဝအဆင့်အတန်းကို မြှင့်တင်ရန်တို့ဖြစ်ပါတယ်။ စာချုပ်ပါ ရပိုင်ခွင့် ချိုးဖောက်ခံရသူအား ထိရောက်သောကုစားမှုပေးနိုင်ရန်တို့လည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတကာ လူ့ရပိုင်ခွင့်ဆိုင်ရာ စာချုပ်ကိုးခုရှိတဲ့အနက် မြန်မာနိုင်ငံက လေးခုကိုလက်မှတ်ရေးထိုးထားပြီး ၎င်းတို့ကတော့ အမျိုးသမီး

များအား ပုံစံမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေးစာချုပ်(CEDAW)ကို ၁၉၉၇ ခုနှစ်မှာလည်းကောင်း၊ ကလေးသူငယ်ရပိုင်ခွင့်များဆိုင်ရာ သဘောတူစာချုပ်(CRC)ကို ၁၉၉၁ ခုနှစ်တွင်လည်းကောင်း၊ မသန်စွမ်းသူများ ရပိုင်ခွင့်ဆိုင်ရာ သဘောတူညီချက်စာချုပ်(CRPT)ကို ၂၀၁၁ ခုနှစ်တွင်လည်းကောင်း၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်(ICESCR)ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင်လည်းကောင်း၊ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုချမှတ်နိုင်ရန် ထောက်ခံခဲ့တဲ့နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေ(International Bill of Human Rights)လို့ သတ်မှတ်တဲ့ လူ့အခွင့်အရေးကြေညာစာတမ်း(UDHR)၊ စည်း၊ လူ့ ယဉ်လို့ခေါ်တဲ့ (ICESCR)နှင့် ယခုအဆိုတင်သွင်းမယ့် ICCPR စာချုပ်သုံးခုရှိတဲ့အနက် ကျွန်မတို့နိုင်ငံက လက်မှတ်ရေးထိုးရန် စာချုပ်တစ်ခုသာ ကျန်တော့တဲ့အတွက် ယခု ICCPR ကို လက်မှတ်ရေးထိုးသင့်ကြောင်း အဆိုတင်သွင်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှာ ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုခဲ့ပြီး ၁၉၇၆ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့မှာ စတင်အသက်ဝင်ခဲ့ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာလမှာ စာချုပ်ဝင် နိုင်ငံပေါင်း ၁၆၈ နိုင်ငံက လက်မှတ်ရေးထိုးထားခဲ့သော ICCPR စာချုပ်မှာ အပိုင်း(၆)ပိုင်း၊ အပိုဒ်ပေါင်း ၅၃ ပိုဒ်ပါဝင်ပါတယ်။ အပိုင်း(၃)ပိုင်းနဲ့ အပိုဒ် ၂၇ ပိုဒ်ကတော့ လူ့ရပိုင်ခွင့်တွေကို အဓိကဖော်ပြထားတဲ့ သဘောတူညီချက်တွေဖြစ်ပြီး အပိုဒ် ၂၈ ကနေ ၅၃ အထိကတော့ ကော်မတီရဲ့လုပ်ပိုင်ခွင့်နဲ့ လုပ်ထုံးလုပ်နည်းတွေပဲဖြစ်ပါတယ်။ စာချုပ်ဝင်နိုင်ငံတွေဟာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေးတွေကို လူတိုင်းခံစားနိုင်တဲ့အခြေအနေများ ဖန်တီးနိုင်မှသာလျှင် လူ့အခွင့်အရေးကြေညာစာတမ်းနှင့်အညီ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးလွတ်လပ်မှု၊ ကြောက်ရွံ့ခြင်းမှာကင်းလွတ်မှုတို့ကို ခံစားနိုင်ရန် အသိအမှတ်ပြုကြသဖြင့်လည်းကောင်း၊ ဤသဘောတူစာချုပ်ပါ အသိအမှတ်ပြုထားတဲ့အခွင့်အရေးတွေကို မြှင့်တင်ရေးနှင့် လိုက်နာစောင့်ထိန်းရေး ကြိုးပမ်းရန်တာဝန်တစ်ရပ်ရှိကြောင်း သိရှိနားလည်သောကြောင့်လည်းကောင်း၊ စာချုပ်ပါအပိုဒ် ၅၃ ပိုဒ်ကို လိုက်နာရန် သဘောတူညီခဲ့ကြပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် လူ့အခွင့်အရေးကို အလေးထားပြီး ကာကွယ်နိုင်မယ့်မူဝါဒများ၊ ဥပဒေများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေတာဟာ အထင်အရှားဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့

လူ့အခွင့်အရေးအခြေအနေဟာ တိုးတက်လာပေမဲ့ လိုအပ်မှုများရှိနေဆဲဖြစ်ပြီး ဒီသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းအားဖြင့် နိုင်ငံသားတည်းဟူသော ဘောင်အကန့်အသတ်ကိုသာ အာမခံခြင်းမျိုး မဟုတ်ဘဲ နိုင်ငံတစ်ခုအတွင်း မှီတင်းနေထိုင်ကြသော မည်သူမဆို၏ရပိုင်ခွင့်များကို စောင့်ရှောက်နိုင်မှာဖြစ်ပါတယ်။

လေစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ စာချုပ်ပါအချက်အလက်အချို့ကို မြန်မာနိုင်ငံရဲ့အခြေအနေနဲ့ ဆက်စပ်တင်ပြလိုပါတယ်။ အခန်း(၁)မှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပါဝင်ပြီး အပိုဒ်(၁)မှာ ပြည်သူတစ်ဦးချင်စီရဲ့ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို အာမခံပေးရပါတယ်။ ဒီမိုကရေစီဖဒရယ် ပြည်ထောင်စုနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မယ့် ကျွန်မတို့နိုင်ငံအတွက် စာချုပ်ပါအခွင့်အရေးဟာ အလွန်ပဲ အရေးကြီးပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏မူလအခွင့်အရေးအရ ပေးအပ်ထားတဲ့ နိုင်ငံသားများ၏ မူလအခွင့်အရေးတွေ ဆုံးရှုံးရင် ဥပဒေကြောင်းအရ တရားမျှတမှုကို လျှောက်ထားနိုင်ပြီး နောက်ဆုံးအဆင့်အနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ စာချွန်တင်ခွင့်ကို ပေးအပ်ထားပါတယ်။ သို့သော်လည်း ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ယိမ်းယိုင်နေသော တရားစီရင်ရေးကဏ္ဍကို ပြန်လည်တည့်မတ်ပေးရန် တိုက်တွန်းတဲ့အဆိုအတည်ဖြစ်ခဲ့ရတဲ့အခြေအနေမျိုးကြောင့် ဤစာချုပ်ကို လက်မှတ်ရေးထိုးထားခြင်းအားဖြင့် စာချုပ်ပါအခွင့်အရေးချိုးဖောက်ခံရ၍ အကြောင်းအမျိုးမျိုးကြောင့် တရားဥပဒေလမ်းကြောင်းမှာ အမှန်တရားရရန် ခက်ခဲနေသူတွေအတွက် စာချုပ်ပါ အပိုဒ် ၂ အပိုဒ်ခွဲ(၃)(ခ)အရ ကုစားမှုလိုအပ်လာလို့ တောင်းဆိုလာတဲ့ပုဂ္ဂိုလ်ရဲ့ အခွင့်အရေးတွေကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများဖြစ်တဲ့ တရားရုံး၊ အုပ်ချုပ်ရေးနှင့် ဥပဒေပြုလွှတ်တော်များက ထိရောက်တဲ့ကုစားမှုပေးရမယ်လို့ ပါရှိတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)အရ အာဏာသုံးရပ်ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲပြီး အချင်းချင်းပြန်လည်ထိန်းကျောင်းတဲ့ အခြေခံမူတွေနဲ့ညီညွတ်ပြီး စာချုပ်ပါအခွင့်အရေးချိုးဖောက်ခံရသူတွေကိုလည်း တရားမျှတမှု ဆောင်ကြဉ်းပေးနိုင်မှာဖြစ်တဲ့အတွက် ဤစာချုပ်ကို လက်မှတ်ရေးထိုးသင့်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့တည်ရှိမှုအပေါ် ခြိမ်းခြောက်နေတဲ့ အရေးပေါ်အခြေအနေတွေမှာ စာချုပ်ပါရပိုင်ခွင့်တွေကို လျှော့ချခြင်း၊ တစ်နည်းအားဖြင့် အကန့်အသတ်ဖြင့် ကျင့်သုံးခွင့်ကို အပိုဒ်(၄)မှာပါရှိတဲ့အတွက် အသွင်ကူးပြောင်းစ ကျွန်မတို့နိုင်ငံတွေအတွက် စိတ်ပူစရာမလိုဘဲ စာချုပ်အရစောင့်ထိန်းရမယ့် ကတိကဝတ်များနှင့် သွေဖည်သော အရေးယူဆောင်ရွက်မှုများကို မလွဲမရှောင်သာဆောင်ရွက်ရမယ်ဆိုပါက စာချုပ်ဝင်နိုင်ငံအစိုးရဟာ ကုလသမဂ္ဂအထွေထွေ

အတွင်းရေးမှူးမှတစ်ဆင့် အခြားသော စာချုပ်အဖွဲ့ဝင်နိုင်ငံအစိုးရများအား စာချုပ်ပါ မည်သည့် အပိုဒ်အား မည်သည့်အတွက်ကြောင့် သွေဖည်ဆောင်ရွက်ရသည်နှင့် မည်သည့်ရက်တွင်ရပ်ဆိုင်းမည် ဆိုတဲ့ကိစ္စကို အကြောင်းကြားရတဲ့အတွက်ကြောင့် ကုလသမဂ္ဂအဖွဲ့ကြီးနဲ့လည်း ပိုမိုအချိတ်အဆက်မိမိ လုပ်ဆောင်နိုင်မှာဖြစ်ပြီး လူ့အခွင့်အရေးတန်ဖိုးထားလေးစားတဲ့ မိမိတို့နိုင်ငံရဲ့ပုံရိပ်ကလည်း ပိုမို ပေါ်လွင်လာမှာဖြစ်တဲ့အတွက် ICCPR စာချုပ်ကို နိုင်ငံတော်က လက်မှတ်ရေးထိုးသင့်ပါတယ်။ အပိုဒ် ၂၇ မှာတော့ တိုင်းရင်းသား၊ ဘာသာရေးနှင့်ဘာသာစကား၊ လူနည်းစုရှိနေတဲ့နိုင်ငံမျိုးမှာ လူနည်းစုဝင် များရဲ့အခွင့်အရေးကို ငြင်းပယ်ရန်မသင့်ဘဲ အများသူငါတို့နဲ့စုပေါင်းနေထိုင်တဲ့ အသိုင်းအဝန်းအတွင်း ၎င်းတို့၏ယဉ်ကျေးမှုကို ကျင့်သုံးခြင်း၊ ဘာသာတရားကိုကျင့်ကြံခြင်းနှင့် ဘာသာစကားကိုပြောဆို ခြင်းများ ကျင့်သုံးနိုင်ရမယ်လို့ပါတဲ့အတွက် ကွဲပြားခြားနားတဲ့ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးတမ်းများနှင့် ၁၃၅ မျိုးသောတိုင်းရင်းသားများ စုပေါင်းနေထိုင်ကြတဲ့ ကျွန်မတို့ရဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေနဲ့ ဒေသခံတိုင်းရင်းသားလူနည်းစုအခွင့်အရေးတွေကို ကာကွယ် ဖော်ဆောင်နိုင်မှာဖြစ်တဲ့အတွက် ဤစာချုပ်ကို လက်မှတ်ရေးထိုးသင့်ပါတယ်။ နိဂုံးချုပ်အနေဖြင့် လူ့အခွင့်အရေးကို အမှန်တကယ်လေးစားလိုက်နာသော နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ရေးရာ နှင့် နိုင်ငံရေးအခွင့်အရေးများ ကာကွယ်ပေးနိုင်ရန် ယခင်ကရှိခဲ့တဲ့ ဖိနှိပ်တဲ့ဥပဒေတွေကို ပယ်ဖျက် သင့်တာပယ်ဖျက်၊ ပြင်ဆင်သင့်တာပြင်ဆင်ခဲ့ပြီးဖြစ်ပါတယ်။ သို့သော် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းမှာပါဝင်တဲ့ ရပိုင်ခွင့်များထက် ပိုမိုတိကျတဲ့ရပိုင်ခွင့်တွေကို အလေးထားကာကွယ်ထိန်းသိမ်းနိုင်ရန် တာဝန်တစ်ရပ်ထမ်းဆောင်နိုင်ရေးအတွက် ကျွန်မတင်သွင်းခဲ့ တဲ့အဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးပေးပါရန် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်သန္တာတင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ကောလင်းမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင် ဖြစ်ပါတယ်။ ဒေါ်သန္တာတင်သွင်းသွားတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ကမ္ဘာပေါ်မှာရှိတဲ့ လူသားအားလုံး

ဂုဏ်သိက္ခာရှိစွာ အသက်ရှင်သန်ခွင့်ရကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါကတော့ အိမ်မဲမဲဆန္ဒနယ်က ဒေါ်သန္တာတင်သွင်းသွားတဲ့အဆိုဖြစ်ပါတယ်။ ဒီအဆိုကိုထောက်ခံရတဲ့ရည်ရွယ်ချက်ကတော့ ဒေါ်သန္တာက ကျွန်တော်တို့မြန်မာနိုင်ငံမှာရှိနေတဲ့ နိုင်ငံသူနိုင်ငံသားတွေဟာ ဥပဒေအရ အကာအကွယ်ရရှိပြီးတော့မှ မြန်မာနိုင်ငံကို ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာရှိတဲ့ ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ်နဲ့ မြင်ချင်တဲ့စေတနာကို မြင်တွေ့ရတဲ့အတွက်ကြောင့် မို့လို့ ထောက်ခံရခြင်းဖြစ်ပါတယ်။ လူ့သမိုင်းတစ်လျှောက်မှာ လူတွေဟာ အချင်းချင်း ညှဉ်းပန်းနှိပ်စက်မှုတွေ ပြုခဲ့ကြပါတယ်။ အစိုးရမင်းတွေဟာလည်းပဲ လူတွေကို ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်းတွေ ပြုခဲ့ကြပါတယ်။ ကျေးကျွန်ပြုခဲ့တဲ့ အဓမ္မခိုင်းစေမှုမျိုးတွေလည်းပဲ ပေါ်ပေါက်ခဲ့ပါ တယ်။ ဒီလိုအခြေအနေတွေကို ထိန်းကျောင်းဖို့ဆိုပြီးတော့မှ လူ့အဖွဲ့အစည်းတွေထဲမှာ လူသားအချင်းချင်း ဘယ်လိုအတူတကွနေထိုင်ကြမလဲဆိုတာကို ကျွန်တော်တို့ လုပ်ကြတဲ့အခါမှာ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ သဘောတူညီချက်တွေ ကျွန်တော်တို့ ဖန်တီးကြရပါတယ်။ ကျွန်တော်တို့ အတည်ပြုကြရပါတယ်။ အဲဒီလိုပဲ ကမ္ဘာ့အလယ်မှာလည်းပဲ ကမ္ဘာ့နိုင်ငံအသီးသီးက စံချိန်စံညွှန်းတွေနဲ့အညီ လူသားတွေကိုကာကွယ်ဖို့၊ သဘာဝပတ်ဝန်းကျင်ကိုကာကွယ်ဖို့ စတဲ့ အကြောင်းအရာတွေကို ဆွေးနွေးပြီးတော့မှ သဘောတူညီချက်တွေကို လက်မှတ်ရေးထိုးကြတဲ့အခါမှာ ICCPR ကလည်းပဲ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ICCPR ကို အဖွဲ့ဝင်တဲ့အခါမှာ အချို့နိုင်ငံတွေက ချွင်းချက်မရှိ အဖွဲ့ဝင်ပါတယ်။ အချို့နိုင်ငံတွေကတော့ ချွင်းချက်တွေထားပြီးတော့မှ Reservation, Declaration တွေလုပ်ပြီးတော့မှ ချွင်းချက်တွေနဲ့ အဖွဲ့ဝင်ပါတယ်။ အဲဒီလိုလည်း ကျွန်တော်တို့ ICCPR ကို အဖွဲ့ဝင်လို့ရပါတယ်။ ICCPR ဟာ နိုင်ငံတကာ စာချုပ်စာတမ်းတစ်ခုဖြစ်တာနဲ့အညီ လက်မှတ်ထိုးတဲ့အဆင့်နဲ့ အတည်ပြုဝင်ရောက်တဲ့ Ratification အဆင့်ဆိုပြီးတော့မှလည်း အဆင့်ဆင့်ရှိပါတယ်။ ပြီးတော့ ICCPR ဟာ လိုက်နာရမယ့်မူသဘော စာချုပ်စာတမ်းဖြစ်ပြီး နိုင်ငံတကာဥပဒေတစ်ခုလည်းဖြစ်ပါတယ်။ ဒါပေမဲ့ ICCPR တစ်ခုတည်းနဲ့ ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းက မပြည့်ဝဘဲနဲ့ ICCPR နဲ့တွဲပြီးတော့မှ Optional Protocol နှစ်ခုရှိပါတယ်။ ဒီ Optional Protocol တွေဟာ ဒီ ICCPR ရဲ့ လုပ်ထုံးလုပ်နည်းယန္တရားတွေကို ဖန်တီးပေးတာဖြစ်ပါ တယ်။ ICCPR ကိုလက်မှတ်ထိုးပေမဲ့ Optional Protocol တွေကို လက်မှတ်မထိုးလို့လည်းရပါ တယ်။ အတူတူဖြစ်သလို သီးခြားစီလို့လည်း ကျွန်တော်တို့ ပြောလို့ရပါတယ်။ ဒါကတော့ ICCPR အဖွဲ့ဝင်နိုင်ငံတွေဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ နိုင်ငံများစွာဟာ ICCPR နိုင်ငံအဖွဲ့ဝင်တွေဖြစ်တယ်ဆိုတာ

ကို ဒီပုံကိုကြည့်လိုက်ရင် သိသာပါတယ်။ ၁၇၂ နိုင်ငံဟာ အဖွဲ့ဝင်ပြီးသားဖြစ်ပါတယ်။ အဲဒီတော့ အဖွဲ့ဝင်မဟုတ်တဲ့နိုင်ငံ ၁၉ နိုင်ငံကျန်တဲ့အထဲမှာ မြန်မာနိုင်ငံက တစ်နိုင်ငံအပါအဝင် ဖြစ်ပါတယ်။ ဒါကတော့ Optional Protocol တွေမှာ အဖွဲ့ဝင်ထားတဲ့နိုင်ငံတွေဖြစ်ပါတယ်။ ဒီ Optional Protocol တွေဟာ ပထမ Optional Protocol ကိုကတော့ နိုင်ငံတိုင်းမဝင်ပါဘူး။ အဲဒီတော့ ဒီဟာကကျတော့ ဘာလဲဆိုတော့ Individual Complained Mechanism လို့ခေါ်တဲ့ လူတစ်ဦးချင်း စီကတိုင်ကြားစာကို ကျွန်တော်တို့ လုပ်ငန်းဆောင်ရွက်ဖို့ ယန္တရားဖန်တီးထားရတဲ့ Protocol ပဲဖြစ်ပါ တယ်။ ဒီဟာကိုတော့ နိုင်ငံတိုင်း မဝင်ဘူးဆိုတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကတော့ ဒုတိယ Optional Protocol အဖွဲ့ဝင်နိုင်ငံတွေရဲ့ မြေပုံဖြစ်ပါတယ်။ အဲဒီတော့ ဒီဟာကတော့ သေဒဏ် ချမှတ်ခြင်းကို တားမြစ်တဲ့ဟာ ဖြစ်ပါတယ်။ ဒါပေမဲ့ သေဒဏ်ချမှတ်ခြင်းကို တားမြစ်ပေမဲ့လည်းပဲ ပြင်းထန်တဲ့ရာဇဝတ်မှုတွေအတွက်ကို သေဒဏ်ချမှတ်တာကို Reservation ယူလို့ ရပါတယ်။ ဒီမှာကတော့ ပိုပြီးတော့မှ အဖွဲ့ဝင်နိုင်ငံတွေ နည်းသွားတာကို တွေ့ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဒေါ်သန္တာကို ကျွန်တော်ထောက်ခံရတဲ့ အဓိကရည်ရွယ်ချက်သုံးခု ရှိပါတယ်။ ဒါတွေကတော့ လူတစ်ဦးချင်းစီကို ကာကွယ်ပေးဖို့၊ မူဝါဒ အခြေခံတဲ့၊ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်း တည်ဆောက်ဖို့နှင့် နိုင်ငံတကာမှာ မြန်မာနိုင်ငံရဲ့ပုံရိပ်ကို မြှင့်တင်နိုင်ဖို့ ဖြစ်ပါတယ်။ အဲဒီတော့ လူတစ်ဦးချင်းစီကို ကျွန်တော်တို့အကာအကွယ်ပေးတဲ့အခါမှာ စာချုပ်မှာပါတာက လူတစ်ဦးချင်းစီဟာ စာချုပ်ဝင်အဖွဲ့ဝင်နိုင်ငံတွေဟာ လူတစ်ဦးချင်းစီရဲ့ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်၊ လွတ်လပ်စွာ စီတန်းလှည့်လည်ခွင့်၊ ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးတွေကို ရရှိခွင့်၊ ပြီးတော့ မျှတတဲ့ တရားစီရင်ရေးရရှိခွင့်၊ Due Process အရ မတော်မတရားဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်းကနေမှ ကာကွယ်ခံပိုင်ခွင့်၊ အဓမ္မခိုင်းစေခံရခြင်းမှ ကာကွယ်ပိုင်ခွင့် ဒီအခွင့်အရေးတွေကို နိုင်ငံတွေကနေမှ ပြည်သူတွေကို ကာကွယ်ပေးရမယ်ဆိုပြီး စာချုပ်မှာပါတာ ဖြစ်ပါတယ်။ အဲဒီလိုပဲ Export Factory Law လို နောက်ကြောင်းပြန်ဥပဒေတွေ အာဏာမသက်ရောက်ရဘူးဆိုတာတွေကိုလည်း အကာ အကွယ်ပေးတာ ဖြစ်ပါတယ်။ ဒီအခွင့်အရေးတွေဟာ ကျွန်တော်တို့နိုင်ငံအနေနဲ့ အထူးအဆန်း မဟုတ်ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာလည်းပဲ ကျွန်တော်တို့နိုင်ငံသားတွေကို အကာအကွယ်ပေး ပြီးသား ဖြစ်ပါတယ်။ သီးခြားဥပဒေဖြစ်တဲ့ လူပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုဥပဒေလို သီးခြား ဥပဒေတွေနဲ့လည်း အကာအကွယ်ပေးပြီးသား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်တွေကို

ကျွန်တော်တို့နိုင်ငံအနေနဲ့ မလိုက်နာနိုင်စရာလည်း မရှိဘူးလို့ ကျွန်တော်တို့ယူဆပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဘက်က ပိုပြီး တိုးတက်လာအောင်လုပ်ရမယ့်အပိုင်းကတော့ တရားဥပဒေစိုးမိုးရေးကို ပိုပြီးလုပ်ရမယ့်အပိုင်းတွေ ကျန်တာရှိပါတယ်။ အဲဒီတော့ ဒုတိယရည်ရွယ်ချက်ကတော့ ဘာလဲဆိုတော့ ယဉ်ကျေးတဲ့လူ့အဖွဲ့ အစည်းတစ်ခု တည်ဆောက်ချင်တာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲတွေ ကျွန်တော်တို့လုပ်ကြရတယ်။ လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်တဲ့အခါမှာ လူပုဂ္ဂိုလ်အပေါ်မှာ မူတည်ပြီးတည်ဆောက်လို့မရပါဘူး။ စနစ်တွေ၊ မူဝါဒတွေနဲ့ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ တည်ဆောက်ရတာ ဖြစ်ပါတယ်။ အဲဒီတော့ အစိုးရကောင်းတွေတက်လာရင် ပြည်သူတွေလုံခြုံပြီးတော့မှ အစိုးရဆိုးတွေတက်လာလို့ရှိရင် ပြည်သူတွေဘဝ မလုံမခြုံဖြစ်ရတဲ့အခြေအနေကို ကာကွယ်ဖို့ဆိုရင် ပြည်သူတွေကို ဥပဒေတွေနဲ့ ကျွန်တော်တို့ ကာကွယ်ပေးရတာ ဖြစ်ပါတယ်။ အဲဒီတော့ ငါးနှစ်တစ်ကြိမ်ပြောင်းသွားတဲ့အစိုးရတွေ ပြောင်းသွားကြတဲ့အခါမှာ ဒီမိုကရေစီခေတ်ဆိုတော့ ငါးနှစ်တစ်ကြိမ်အစိုးရတွေ ပြောင်းသွားတဲ့အခါမှာ ပြည်သူတွေရဲ့လွတ်လပ်မှုနှင့် လုံခြုံမှုကို အကာအကွယ်ပေးနိုင်ဖို့ လိုပါတယ်။ အဲဒီအတွက် ခိုင်မာတဲ့ ပြည်တွင်းဥပဒေတွေ ချမှတ်ရသလို နိုင်ငံတကာသဘောတူညီချက်တွေနဲ့လည်း ထိန်းမတ်ရမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဘာလဲဆိုတော့ ပြည်တွင်းထဲမှာ နိုင်ငံရေးသမားအချင်းချင်းယှဉ်ပြိုင်ကြတဲ့အခါမှာ ပေးထားတဲ့ဥပဒေထဲကပဲ ယှဉ်ပြိုင်ပြီးတော့မှ ကိုယ်ရဲ့အမြင်မတူတဲ့အဖွဲ့အစည်းတွေကို ကျွန်တော်တို့က ဖမ်းဆီးခြင်း၊ မတော်မတရားထောင်သွင်းအကျဉ်းချခြင်းတွေနဲ့ အနိုင်မယူဘဲနဲ့ Level Playing မျှတတဲ့ယှဉ်ပြိုင်မှုမျိုးနဲ့ ယှဉ်ပြိုင်နိုင်စေဖို့ ဖြစ်ပါတယ်။ နောက်တစ်ခုကကျတော့ ကျွန်တော်တို့မြန်မာ့လူ့အဖွဲ့အစည်းဟာ အကြမ်းဖက်မှုမှန်သမျှကို လုံးဝလက်မခံဘူးဆိုတာကို ပြချင်တဲ့အတွက်ကြောင့်မို့လည်း ဖြစ်ပါတယ်။ နိုင်ငံတကာမှာ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ပုံရိပ်ကို မြှင့်တင်ချင်တာကတော့ တတိယနှင့် အရေးကြီးဆုံးရည်ရွယ်ချက်ဖြစ်ပါတယ်။ အဲဒီတော့နိုင်ငံတကာမှာဆိုလို့ရှိရင် လူကောင်းလား၊ လူဆိုးလားဆိုပြီးတော့မှ နိုင်ငံတစ်ခုကို သတ်မှတ်တဲ့အခါမှာ လူ့အခွင့်အရေးပေတံတွေနဲ့ တိုင်းတာကြပါတယ်။ လူ့အခွင့်အရေးကို ဘယ်လောက်တောင်လေးစားမှုရှိသလဲဆိုတာနဲ့ ကြည့်ပြီးတော့မှ လူ့အခွင့်အရေးလေးစားရတဲ့နိုင်ငံတွေဟာ ပုံရိပ်ကောင်းပြီးတော့မှ လူ့အခွင့်အရေးကို ချိုးဖောက်မှုတွေများတဲ့နိုင်ငံတွေကျတော့ International Symbolism အရ ဘာလုပ်လဲဆိုတဲ့အခါကျတော့ ပြစ်တင်ရှုံ့ချမှုတွေလုပ်ပြီး ပုံရိပ်ချဖို့ ကြိုးစားကြပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက်ကတော့ ပုံရိပ်ကို မြှင့်တင်ရမယ့်အချိန် ဖြစ်ပါတယ်။ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုကို ကျွန်တော်တို့မှာ ဆန္ဒရှိတယ်ဆိုတာကို ပိုပြရမယ့်အချိန်လည်း ဖြစ်ပါတယ်။

မြန်မာလူမျိုးဆိုတာ ယဉ်ကျေးတဲ့လူမျိုးလို့ ကမ္ဘာမှာ ထင်ရှားခဲ့ပါတယ်။ အဲဒီကျွန်တော်တို့ရဲ့ မြန်မာ့ပုံရိပ်ကို ဒီအချိန်မှာ မီးမောင်းထိုးပြရမယ့်အချိန် ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော် အခုနတုန်းက ပြောခဲ့တဲ့ Reservation Declaration အနေနဲ့ အတည်ပြုတဲ့အခါမှာ ကိုယ်မလိုက်နာနိုင်တဲ့ အချက်တွေကို Reserve လုပ်ထားဖို့ လုပ်တဲ့အခါမှာ ကျွန်တော်နမူနာချပြခြင်း ဖြစ်ပါတယ်။ လာအိုနိုင်ငံအနေနဲ့ဆိုလို့ရှိရင် Self Determination ဆိုတဲ့စကားလုံး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတဲ့စကားလုံးဟာ သူတို့နိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေတွေနဲ့ သူတို့နိုင်ငံရဲ့သက်ဆိုင်ရာဥပဒေတွေအတိုင်းပဲ ဖြစ်ရမယ်ဆိုပြီး သူတို့က Reserve လုပ်ထားတာ ဖြစ်ပါတယ်။ ဒါနမူနာအနေနဲ့ ကျွန်တော့်အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ပြောချင်တာကတော့ ICCPR ဝင်ရောက်လိုက်ခြင်းဟာ ကျွန်တော်တို့နိုင်ငံရဲ့ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ခြင်းလည်း ဖြစ်ပါတယ်။ လူသားချင်းစာနာတယ်ဆိုတဲ့ လူမျိုးရဲ့ဂုဏ်သိက္ခာကို မြှင့်တင်ခြင်းလည်း ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေး ပိုအားကောင်းဖို့ရာအတွက် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုတွေလည်း အများကြီးလုပ်နိုင်မှာ ဖြစ်ပါတယ်။ အဆိုရှင်တင်ပြသွားသလိုပဲ ICCPR ပါအချက်တွေဟာ ဒီမိုကရေစီနိုင်ငံတစ်ခုကို တည်ဆောက်တဲ့နေရာမှာ မရှိမဖြစ်လိုအပ်တဲ့အချက်တွေဖြစ်တဲ့အတွက် ဒီမိုကရေစီလမ်းကြောင်းပေါ်ကိုရောက်နေတဲ့ မြန်မာနိုင်ငံအနေနဲ့လည်းပဲ အချိန်ကောင်းဖြစ်တယ်။ ဒီအချိန်ကျရောက်ပြီဖြစ်ပါတယ်ဆိုတာကို ပြောရင်းနဲ့ အိမ်မဲမဲဆန္ဒနယ်က ဒေါ်သန္တာရဲ့အဆိုကို ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါ်သန္တာ တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်သန္တာ၊ အိမ်မဲမဲဆန္ဒနယ်က တင်သွင်းသော စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် အလွန်အရေးပါသော အရပ်ဘက်လူထုဆိုင်ရာရပိုင်ခွင့်နှင့် နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များကို လေးစားလိုက်နာရန်နှင့် တရားဥပဒေစိုးမိုးမှုရှိစေရန်အတွက် အရပ်ဘက်လူထုဆိုင်ရာနှင့် နိုင်ငံရေး

ဆိုင်ရာရပိုင်ခွင့်များနှင့်သက်ဆိုင်သော နိုင်ငံတကာသဘောတူစာချုပ်(International Covenant on Civil and Political Rights-ICCPR)ကို လက်မှတ်ရေးထိုးရန်တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာသုံးဆောင်နိုင်ရန်အတွက် တစ်နာရီခန့် ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို တစ်နာရီခန့် ခေတ္တခဏရပ်နားပါသည်။]

**အချိန်။ ၁၄း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားများနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ဒေါ်သန္တာ၊ အိမ်မဲမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်သန္တာ၊ အိမ်မဲမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၅ အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၂-၅-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က တင်သွင်းသည့် စိုက်ပျိုးရေး ထွက်ကုန်သီးနှံများ သင့်တင့်မျှတသော ဈေးနှုန်းရရှိရေး ပြည်တွင်းပြည်ပဈေးကွက်များ ရှာဖွေပေးပြီးဈေးကွက်ခိုင်မာမှုရှိသော သီးနှံများစာရင်းကို ပြည်သူများသိရှိနိုင်ရန် ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ပွင့်လင်းစွာ ချပြအသိပေးပါရန်နှင့် အရည်အသွေးပြည့်ဝသော ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ထုတ်လုပ်နိုင်ရေး အစိုးရနှင့်ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ ရေးဆွဲချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့(၂၉-၄-၂၀၁၉ ရက်နေ့တွင်)တင်သွင်းသွားတဲ့ စိုက်ပျိုးရေးထွက်ကုန်သီးနှံများ သင့်တင့်မျှတသော ဈေးနှုန်းရရှိရေး ပြည်တွင်းပြည်ပဈေးကွက်များ ရှာဖွေပေးပြီးဈေးကွက်ခိုင်မာမှုရှိသော သီးနှံများစာရင်းကို ပြည်သူများသိရှိနိုင်ရန် ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ပွင့်လင်းစွာ ချပြအသိပေးပါရန်နှင့် အရည်အသွေးပြည့်ဝသော ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ထုတ်လုပ်နိုင်ရေး အစိုးရနှင့်ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များရေးဆွဲချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ နိုင်ငံတော်စီးပွားရေးပိုမိုတိုးတက်လာစေရေးအတွက် ဆောင်ရွက်ရာမှာ ပို့ကုန်မြှင့်တင်ရေးကို အဓိကဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း ပို့ကုန်ကဏ္ဍမှာလည်းပဲ ယခုလက်ရှိပမာဏထက် သုံးဆတင်ပို့နိုင်ရေး

အတွက် အစိုးရသစ်အနေဖြင့် စီးပွားရေးမူဝါဒတွေချမှတ်လုပ်ဆောင်လျက်ရှိကြောင်း သိရပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့ ကုန်သွယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးခြင်း၊ ကန့်သတ်ထားသော ပို့ကုန်အနည်း၊ အများကို ဖြေလျှော့ပေးခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းပြီး ကဏ္ဍအသီးသီးမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲများကို ပူးပေါင်းဖြေရှင်းလျက်ရှိပါကြောင်း သိရပါတယ်။ ဒါတင် မကဘဲ ဝန်ကြီးဌာနအနေနဲ့ ပို့ကုန်တွေဖွံ့ဖြိုးတိုးတက်ရန် အမျိုးသားအဆင့်မဟာဗျူဟာဖွံ့ဖြိုး တိုးတက်ရေးအစီအစဉ်များ ချမှတ်ခြင်း၊ လုပ်ထုံးလုပ်နည်းများဖြေလျှော့ခြင်း၊ ပုဂ္ဂလိကကဏ္ဍအားပေး ခြင်း၊ တန်ဖိုးမြှင့်ကုန်များ တင်ပို့နိုင်ရေးအားပေးခြင်း၊ ပို့ကုန်ဈေးကွက်တိုးချဲ့တင်ပို့နိုင်ရေးကိစ္စများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိခဲ့ရပါတယ်။

သို့သော် လက်တွေ့နယ်ပယ်မှာ ရည်မှန်းထားသလောက် ခရီးမပေါက်ဘဲ ဒုက္ခရောက်နေရတဲ့ တောင်သူဦးကြီးတွေရဲ့ ဒီကနေ့ လက်တွေ့ဘဝဟာ အဆိုးဘက်ကို ဦးတည်နေတယ်လို့ တွေ့နေရ ပါတယ်။ ပြီးခဲ့တဲ့သင်္ကြန် လွှတ်တော်နားရပ်တွေမှာ ကျွန်တော့်ရဲ့မဲဆန္ဒနယ်ကိုသွားပြီး လူထုတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ လူထုတွေဆီကတင်ပြတဲ့ အဓိက ပြဿနာကြီးက စိုက်ထားတဲ့အစေ့ထုတ်ပြောင်းများ တရုတ်ပြည်ကိုတင်ပို့ရာမှာ ရောင်းမရဘဲ ကျန်နေတဲ့ ပြဿနာဖြစ်ပါတယ်။ ခါတိုင်းနှစ်တွေဆို တရုတ် ပြည်ဘက်ကို တင်ပို့နိုင်ခဲ့လို့ အဆင်ပြေခဲ့သလောက် ယခုနှစ် ထွက်သမျှပြောင်းကို တရုတ်ကမဝယ်ခြင်း ဆိုတဲ့ ပြဿနာဖြစ်နေပါတယ်။ ကျေးရွာအုပ်စုကြီး ၁၀ ခုကထွက်ရှိတဲ့ပြောင်းကို စာရင်းကောက်ခဲ့တာ စုစုပေါင်း ၁၈၈၇၁၁ အိတ်၊ တန်အားဖြင့်ဆိုရင် ၉၄၃၅၀ တန်ဟာ ကျွန်တော်တို့ရဲ့မြို့နယ်မှာရှိနေတဲ့ အိမ်အသီးသီးတွေမှာရှိပြီး ရောင်းမရဖြစ်နေပါတယ်။ ခြုံပြီး ကြည့်လိုက်တဲ့အခါမှာ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ သိန္နီမြို့မှာ ပြောင်းတန်ချိန် တစ်သိန်းလောက် ရှိနေတာကို တွေ့နေရပါတယ်။ ထိုနည်းတူစွာပဲ အခြားသောပြောင်းစိုက်တဲ့ မြို့နယ်တွေဆီက ပြောင်းတန်ချိန်ပေါင်းများစွာဟာလည်းပဲ ရောင်းမရဘဲ ကျန်ရှိနေအုံးမှာဖြစ်ပါတယ်။ ဒီအခက်အခဲကို ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ မေးခွန်းမျိုးနဲ့ ရင်ဆိုင်နေရပါတယ်။ အခုဆိုရင် ပြောင်းဝယ်ရင်းဈေးတစ်အိတ် ကို ၁၁၀၀၀ ဈေးနှုန်းကနေပြီးတော့ ၈၀၀၀ ကျပ်နဲ့ပဲအရှုံးခံပြီး ထိုင်းနိုင်ငံဘက်ကို ရောင်းချနေရပါတယ်။

နောက်ဆက်တွဲအခက်အခဲတွေက လာမယ့်နှစ်အတွက် ပြောင်းစိုက်ပျိုးဖို့ မဖြစ်နိုင်တော့ဘူးဆိုပြီး လူငယ်လူရွယ်အများစုဟာ မိမိတို့ဒေသမှာ အလုပ်မရှိတော့တာကြောင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတွေဆီ

ကို သွားရောက်အလုပ်လုပ်ကိုင်ရန် တဖွဲဖွဲသွားနေကြပြီဖြစ်ပါတယ်။ ဒီအခက်အခဲတွေကို ကျော်လွှား နိုင်ဖို့ ရှမ်းပြည်နယ်လွှတ်တော်မှာ သိန္နီမဲဆန္ဒနယ်၊ အမှတ်(၂)ကနေပြီးတော့ ဦးစိုင်းစိန်လူက လယ်ယာထွက်သီးနှံများကို ပြည်တွင်းတွင် လွတ်လပ်သော ဈေးကွက်ဖော်ဆောင်ပေးရန်အဆိုကို တင်သွင်းခဲ့ပါတယ်။ ဒီအဆိုကိုလည်းပဲ ကန့်ကွက်သူမရှိ အတည်ပြုခဲ့ပါတယ်။ သို့သော်လည်းပဲ အကောင်အထည်ဖော်မှုအားနည်းနေသေးတယ်ဆိုတာကိုလည်းပဲ သုံးသပ်ရပါတယ်။ သို့ဖြစ်ပါလို့ သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနက ပြည်ပမှရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ မိမိတို့ဒေသအသီးသီးရှိ သင့်တော်မည့်မြို့နယ်များတွင် အဝယ်ဒိုင်များဖွင့်လှစ်ကာ သင့်တင့်သောဈေးနှုန်းဖြင့် ဆောင်ရွက်ပေး သင့်ပါကြောင်း ပြည်တွင်း/ပြည်ပဈေးကွက်များရှာဖွေပေးပြီး ဈေးကွက်ခိုင်မာမှုရှိသော အသီးအနှံများ ကို စိုက်ပျိုးသွားနိုင်ရန် ပံ့ပိုးပေးခြင်းများနှင့် အရည်အသွေးပြည့်ဝသော ဈေးကွက်ဝင်စိုက်ပျိုးရေး ထွက်ကုန်သီးနှံများ ထုတ်လုပ်နိုင်ရေး၊ အစိုးရနှင့်ပြည်သူဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုရင်း မင်းဘူးမဲဆန္ဒနယ် မှ ဦးဝင်းဝင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန်းလင်းလင်း(မယ်စဲ့မဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံးမင်္ဂလာပါလို့ ရှေးဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည် နယ်၊ မယ်စဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းတင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေး သွားမှာပဲဖြစ်ပါတယ်။ ဒီအဆိုဟာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ ၇၀ ရာခိုင်နှုန်းကျော်သော တောင်သူ တွေအတွက် အင်မတန်ကောင်းမွန်တဲ့အဆိုတစ်ရပ်လည်း ဖြစ်ပါတယ်။ ဒီအဆိုကို ကျွန်တော့်ရဲ့ မယ်စဲ့မြို့နယ်က တောင်သူတွေကိုယ်စားကို အခြေခံပြီး ဆွေးနွေးသွားမှာလည်း ဖြစ်ပါတယ်။ ကျွန်တော် တို့မြို့ဟာ ထိုင်းနိုင်ငံနဲ့ထိစပ်သောမြို့လည်းဖြစ်ပါတယ်။ အများခေါ်တာတော့ ထိုင်းနယ်စပ်မြို့လို့လည်း ပြောပါတယ်။ နှစ်နိုင်ငံညီမမြို့လို့လည်းခေါ်ဝေါ်သုံးစွဲကြပါတယ်။ ဒါပေမဲ့လည်း အလုပ်အကိုင်၊ အခွင့်အလမ်းတော့ ယနေ့အထိ နည်းပါးနေဆဲဖြစ်ပါတယ်။ အဓိကအလုပ်အကိုင်ကတော့ စိုက်ပျိုးရေး

ပါပဲ။ ဘာကြောင့်စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်တာလဲဆိုတော့ အလုပ်အကိုင်မရှိတဲ့အတွက် စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်နေကြရတာလည်းဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်နယ်အစိုးရနှင့်လည်း နှစ်နိုင်ငံ MOU ထိုးထားသော်လည်း ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းတွေမှာ တွင်ကျယ်မှုမဖြစ်ဘူး။ စက်ရုံ၊ အလုပ်ရုံကလည်းမရှိတော့ အလုပ်အကိုင်ရှားပါးမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရတာပါ။ အလုပ်အကိုင်မရှိလို့ စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်သော်လည်း ရာသီအလိုက်၊ နှစ်အလိုက် သီးနှံများရောင်းချရာမှာ ကုန်ကျစရိတ်နှင့် တွက်ချေ ကိုက်တဲ့ သင့်တင့်မျှတတဲ့တန်ဖိုးမရရှိသဖြင့် တောင်သူတွေခမျာ အဆင်မပြေမှုနှင့်ကြုံတွေ့နေရပါ တယ်။ ကျွန်တော်တို့မြို့က အဓိကစိုက်ပျိုးနေတာက စပါး၊ နှမ်း၊ ငရုပ်၊ ကြက်သွန်ဖြူ ဖာလာ၊ ပဲပုပ်စေ့ စတဲ့အရည်အသွေးပြည့်မီတဲ့ဈေးကွက်တွေကိုပဲ စိုက်ပျိုးတာပါ။ သီးနှံတွေကို စိုက်ပျိုးနေတာကလည်း တစ်ဖက်နိုင်ငံကို အမှီပြုပြီး စိုက်ပျိုးခြင်းပဲဖြစ်ပါတယ်။ ဒါပေမဲ့ ကောက်ပဲသီးနှံပေါ်ချိန်မှာတော့ ဝယ်ယူမှုတွေလျော့နည်းလာတယ်။ ပြီးရင်လည်း ဝယ်မယ်ဆိုရင်လည်း ဒီဈေးနှုန်းတွေကို ဈေးနှိမ်ပေးပြီး ဝယ်နေတာကို တွေ့နေရပါတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံတော်အစိုးရအနေနဲ့ တောင်သူတွေကို သင့်တင့်မျှတတဲ့တန်ဖိုး ဈေးနှုန်းကိုပေးပြီး ဝယ်ပေးစေချင်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဖက်နိုင်ငံကို အားကိုးရပြီးတော့မှ ဒီသီးနှံဈေးကွက်မရှိဘူး ဖြစ်နေပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ နှစ်အလိုက်၊ ရာသီအလိုက် တောင်သူတွေရဲ့ကောက်ပဲ သီးနှံတွေကို ပြည်တွင်းပြည်ပဈေးကွက်များ ရှာဖွေပေးပြီး ဈေးကွက်ခိုင်မာမှုရရှိနိုင်အောင် ဆောင်ရွက် ပေးနိုင်ဖို့ တောင်သူတွေကိုယ်စား တောင်းဆိုချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ နိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်ပါတယ်။ ပြီးတော့ ရေခံမြေခံလည်းကောင်းသောနိုင်ငံဖြစ်ပါတယ်။ ဘာပဲစိုက်ပျိုးစိုက်ပျိုး ကောက်ပဲသီးနှံဟာ အရမ်းအထွက်ကောင်းပါတယ်။ သီးနှံဘယ်လောက်ပဲ ထွက်ကောင်း၊ ထွက်ကောင်း ကောက်ပဲသီးနှံဈေးက မငြိမ်သက်မှုနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ တချို့သီးနှံတွေဆိုရင် ဝယ်မပေးနိုင်တဲ့အခြေအနေကို ဆိုက်ရောက်လာပါတယ်။

ကျွန်တော့်ကိုယ်တွေ့ပြောရမယ်ဆိုရင် ကျွန်တော်တို့မယ်စဲ့မြို့ပေါ်က တောင်သူတွေဟာ ကျွန်တော့်ဆီကိုလာရောက်ပြီး တင်ပြဆွေးနွေးတာတွေလည်းရှိပါတယ်။ အဓိကကတော့ ကျွန်တော်တို့ မယ်စဲ့မြို့ပေါ်က ကြက်သွန်ဖြူဈေးကွက်ပါပဲ။ ကျွန်တော်တို့ မယ်စဲ့မြို့နယ်က တောင်သူတွေဟာ စပါး ရိတ်ပြီးတာနဲ့ ကြက်သွန်ဖြူဈေးကွက်ကို အဓိကစိုက်ပျိုးတာပါ။ ၂၀၁၄ ခုနှစ်မတိုင်မီ ကြက်သွန်ဖြူကို

တစ်ဖက်ထိုင်းနိုင်ငံက အမြဲတမ်းလာရောက်ဝယ်ယူကြပါတယ်။ အဲဒီ အချိန်တုန်းကတောင်သူတွေ အတွက် အဆင်ပြေပြေနဲ့ ကြက်သွန်ဖြူရောင်းဝယ်မှုကောင်းကြပါတယ်။ ယခုမှာတော့ ၂၀၁၅ ခုနှစ် ကနေ ၂၀၁၉ ခုနှစ်အထိ ကြက်သွန်ဖြူစိုက်တောင်သူတွေအတွက် တစ်ဖက်ဝယ်လိုအားစတင်ပြီး လျော့နည်းလာပါတယ်။ ယခုဆိုရင် ကြက်သွန်ဖြူဈေးကွက်ဟာ လုံးဝမရှိဘူး ဖြစ်နေပါတယ်။ လာရောက်ဝယ်ပြန်ရင်လည်း ဈေးနှုန်းကိုနှိမ်ပြီး ဝယ်လာကြပါတယ်။ တောင်သူတွေခမျာ အရင်း ပြန်ရဖို့မပြောနဲ့၊ လုပ်အားခတောင် ဆုံးရှုံးမှုနဲ့ကြုံတွေ့နေရပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံတော်အစိုးရအနေနဲ့ တိကျတဲ့မူဝါဒတွေကိုချမှတ်ပြီး ဈေးနှုန်းပြန်လည် ရရှိအောင် တစ်ဖက်နိုင်ငံနဲ့ညှိနှိုင်းပြီး ဆွေးနွေးပေးစေချင်ပါတယ်။ ဒီလိုမှမဆွေးနွေးပေးနိုင်ဘူးဆိုရင် ဆင်းရဲတွင်းနက်သည်ထက်နက်လာပြီး အလုပ်အကိုင် မရှိသလောက်ဖြစ်သွားနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ထပ်ကြုံတွေ့ရမယ့်အကြောင်းအရာကိုပြောမယ်ဆိုရင် ဖာလာစိုက် တောင်သူတွေကိုစပါပဲ။ ဖာလာစိုက်တောင်သူတွေဟာ ဒီထက်ပိုဆိုးပါသေးတယ်။ ငွေကြေးမြောက်မြား စွာ ရင်းနှီးရပါတယ်။ ကိုယ့်လုပ်အားကိုလည်း အဓိကသုံးရတယ်။ ဝယ်တဲ့သူကလည်း တရုတ်နိုင်ငံက ဖြစ်တယ်။ တရုတ်နိုင်ငံက ဝယ်လက်မလာခဲ့ရင် ဝယ်မယ့်သူကမရှိဘူးဖြစ်နေပါတယ်။ တကယ်လို့ သီးနှံပေါ်ချိန်လာရောက်ဝယ်သော်ငြားလည်း ဈေးနှုန်းကိုနှိမ်ပြီးဝယ်တာပါ။ ဒါကလည်း တိကျတဲ့ ဈေးနှုန်းမရှိပါဘူး။ တစ်ခါတရံ နွေရာသီရောက်ခဲ့ရင်လည်း သတိကြီးကြီးနဲ့စောင့်ဆိုင်းနေရပါတယ်။ သတိမထားမိတဲ့အချိန်မှာ တောမီးလောင်ကျွမ်းတဲ့ထဲရောက်ရှိသွားနိုင်ပါတယ်။ ဒီဖာလာစိုက် တောင်သူတွေဟာ အစိုးရထံမှလည်း စိုက်ပျိုးချေးငွေမရပါဘူး။ သူ့ငွေ၊ သူ့လုပ်အားနဲ့စိုက်ပျိုးရ ပါတယ်။ ကျွန်တော်တို့မြို့မှာဆိုရင် ဖာလာကိုလည်း တွင်တွင်ကျယ်ကျယ်စိုက်ပျိုးကြပါတယ်။ တောင်သူတွေဟာ သူတို့ရဲ့သီးနှံတွေကို စမ်းတဝါးဝါးနဲ့စိုက်ပျိုးနေတာလည်း မြင်တွေ့နေရပါတယ်။ ဒီဈေးနှုန်း ဈေးကွက်ခိုင်မာမှုရှိအောင် သီးနှံများစာရင်းကို ပြည်သူများသိရှိနိုင်ရန် အစိုးရအနေနဲ့ ပွင့်လင်းစွာချပြအသိပေးစေချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအခြေအနေကိုကြည့်ခြင်းအားဖြင့် တောင်သူတွေရဲ့ဘဝဟာ ဘယ်လောက် ထိ ဒုက္ခတွင်းထဲကျရောက်နေတာလဲဆိုတာ မြင်မိပါတယ်။ တောင်သူတွေရဲ့ဘဝဟာ နေပူ၊ မိုးရွာ မရှောင် ပင်ပန်းဆင်းရဲစွာလုပ်ကိုင်ပြီး သီးနှံဈေးကွက်မရှိတဲ့အခါမှာတော့ သူတို့ဘယ်လောက်နာကျင် ခံစားရမလဲဆိုတာလည်း ကိုယ်ချင်းစာနာမိပါတယ်။ ဒါကိုနိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူနဲ့ ဟန်ချက်

ညီညီပူးပေါင်းပြီး စိုက်ပျိုးသီးနှံကို သင့်တင့်မျှတတဲ့ဈေးနှုန်းဖြင့် ပြည်တွင်းပြည်ပဈေးကွက်ရရှိအောင် ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ပွင့်လင်းစွာချပြဆောင်ရွက်ပေးစေလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် တောင်သူတွေရဲ့လူနေမှုဘဝတိုးတက်မြင့်မားလာရေးအတွက် စိုက်ပျိုးရေး ထွက်ကုန်သီးနှံများကို ဈေးကောင်းရရှိနိုင်အောင် နိုင်ငံတော်အစိုးရအနေနဲ့ နှစ်အလိုက်ဈေးနှုန်းကို သတ်မှတ်ပေးလိုက်မယ်ဆိုရင် တောင်သူတွေဟာ အင်မတန်ပျော်ရွှင်ဝမ်းမြောက်ဖြစ်မှာ အမှန်ပါပဲ။ ဒါကြောင့် ဦးဝင်းဝင်း တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ရခြင်းဖြစ်ပါတယ်။ အားလုံးပဲ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦးဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(မကွေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မကွေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က တောင်သူ များရဲ့ထွက်ကုန်သီးနှံများ သင့်တင့်တဲ့ဈေးနှုန်းရဖို့၊ ပြည်တွင်းပြည်ပဈေးကွက်ရှာဖွေဖို့၊ ဈေးကွက် ခိုင်မာတဲ့သီးနှံများစာရင်းကို ရာသီအလိုက်၊ နှစ်အလိုက် ပွင့်လင်းစွာအသိပေးဖို့၊ အရည်အသွေး ပြည့်ဝတဲ့ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ထုတ်လုပ်နိုင်ရေးကို အစိုးရနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်ဖို့ တိုက်တွန်းထားကြောင်းတွေ့ရပါတယ်။ ဒီအဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဒီနေရာမှာ အဆိုရှင်က စိုက်ပျိုးစရိတ်ချေးငွေတွေ တိုးမြှင့်ထုတ်ပေးခြင်း၊ မြေယာပြုပြင်တာတွေ တတ်နိုင်သရွေ့ဆောင်ရွက်ပေးခြင်း၊ စက်ယန္တရားတွေ အရစ်ကျရောင်းပေးတာ၊ မျိုးကောင်းမျိုးသန့် ရဖို့ စိုက်ပျိုးရေးကတာဝန်ယူတဲ့ပုဂ္ဂိုလ်တွေက တတ်နိုင်သရွေ့ကူညီဆောင်ရွက်ပေးနေတယ်လို့လည်း ဆိုပါတယ်။ ကျွန်တော်တို့က သီးနှံဈေးကောင်းရချင်တယ်။ မျိုးတွေဝယ်တော့ ဈေးကြီးပေးဝယ်ရတယ်။ ပြန်ရောင်းတော့ဈေးမရဖြစ်ရတယ်။ ဒီအခြေအနေတွေကို ကျွန်တော်တို့ဘယ်လိုကျော်ဖြတ်ကြမလဲ။ ကျွန်တော်တို့နိုင်ငံဟာ မြေသယံဇာတ၊ ရေသယံဇာတ၊ လုပ်သားသယံဇာတကြွယ်ဝတဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ စိုက်ပျိုးမြေဧရိယာဟက်တာ ၁၂ သန်းကျော်လည်းရှိပါတယ်။ ပြည်သူအများစုကလည်း စိုက်ပျိုးရေးကိုအခြေခံတဲ့ အသက်မွေးဝမ်းကျောင်းမှုနဲ့ ရပ်တည်နေတာဖြစ်တဲ့အတွက် ကျေးလက်နေ

ပြည်သူများရဲ့ဖွံ့ဖြိုးတိုးတက်မှုဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျပါတယ်။ ဒီအတွက် နိုင်ငံတကာဈေးကွက်လည်းဝင်မယ်။ အရည်အသွေးမြင့်မားတဲ့ ကုန်ပစ္စည်းတွေဖြစ်ဖို့လိုတယ်။

လက်ရှိကျွန်တော်တို့မြို့နယ်မှာ ကြိုးစားအားထုတ်နေတာလေးတွေကို တင်ပြချင်ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်ကစတင်ပြီးတော့ တိုင်းဒေသကြီးတောင်သူအဖွဲ့ဖွံ့ဖြိုးရေးနဲ့ နတ်မောက်၊ မကွေး၊ မင်းဘူး၊ မင်းလှမြို့နယ်လေးခုမှာ ဧက ၃၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပြီး ဂျပန်နိုင်ငံကို အရည်အသွေးကောင်းတဲ့ နှမ်းနက် ၇၁ တန်ရောင်းချနိုင်ခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ်မှာတော့ ၈၈ တန် ပြည်ပသို့တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ GAP နည်းနဲ့ စိုက်ပျိုးတဲ့အတွက်ကြောင့်လည်း သာမန်စိုက်ခင်းများမှာ ထွက်ရှိတဲ့နှမ်းတွေထက် ဈေးနှုန်းပိုရခဲ့ပါတယ်။ ဒီနှစ်မှာတော့ တိုင်းဒေသကြီးတောင်သူဖွံ့ဖြိုးရေးနဲ့ စိုက်ပျိုးရေးဌာနက ပူးပေါင်းပြီး စမုံနက်နှမ်း ၂၈.၇၈ တင်း စိုက်ပျိုးကူညီတာတွေ့ရပါတယ်။ ဒီလိုဘ မျိုးကောင်းမျိုးသန့်စိုက်ပျိုးခြင်းအားဖြင့် အရည်အသွေးကောင်းတဲ့ သီးနှံများ ထုတ်လုပ်လာနိုင်တဲ့ အတွက် ပြည်ပကို တင်ပို့နိုင်တဲ့အခွင့်အလမ်းနဲ့ဈေးကွက်ခိုင်မာလာမယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စိုက်ပျိုးတဲ့နည်းစနစ်တွေကိုလည်း တိုးတက်ပြီးတော့ကူညီလာနိုင်တယ်။ ပုဂ္ဂလိကအခန်းကဏ္ဍ မှာလည်း ပူးပေါင်းပြီးတော့ ကူညီဆောင်ရွက်လာနိုင်မယ်။ တောင်သူများဘက်ကလည်း စိတ်ဝင်စားမှု အားကောင်းပြီး ကြိုးစားမှုဈေးကွက်ဝင်တဲ့မျိုးကောင်းမျိုးသန့်တွေ ရရှိပြီးတော့ ဝင်ငွေတိုးလာမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကတော့ နှမ်းမျိုးသန့်ပွား စိုက်ပျိုးမယ့်တောင်သူတွေကို မျိုးစေ့ပံ့ပိုးခြင်းအခမ်းအနားဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးတောင်သူဖွံ့ဖြိုးရေးအသင်းတို့ပူးပေါင်းပြီး တောင်သူတွေကို မျိုးစေ့ပံ့ပိုးခြင်းအခမ်းအနားပဲဖြစ်ပါတယ်။ နောက် ဒီဟာကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနကနေပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနဲ့ PC Myanmar ပူးပေါင်းပြီးတော့ နှမ်းကုန်ခြောက်ထုတ်လုပ်တဲ့စက်ရုံပဲဖြစ်ပါတယ်။ စီမံကိန်းဧရိယာကတော့ မကွေးတိုင်းဒေသကြီးမှာ မကွေး၊ မင်းဘူး၊ နတ်မောက်၊ မြို့သစ်၊ မင်းလှတို့ဖြစ်ကြပါတယ်။ ရည်ရွယ်ချက်ကတော့ ကုန်ထုတ် စွမ်းအားမြှင့်တင်ဖို့၊ ဈေးကွက်တွေကိုလက်လှမ်းမီဖို့၊ အစိုးရ/ပြည်သူ/ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ဖို့ မြှင့်တင်ခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲတဲ့ နှမ်းစိုက်ပျိုးတဲ့စီးပွားလုပ်ငန်းကို တည်ထောင်ဖို့ဖြစ်ပါတယ်။

အကျိုးကျေးဇူးအနေနဲ့ကတော့ ကျွန်တော်တို့တောင်သူတွေ ဝင်ငွေတိုးမယ်။ GAP စနစ်နဲ့ စိုက်ပျိုးတာကြောင့် အရည်အသွေးမြင့်ပြီးတော့ သီးနှံထုတ်လုပ်ပြီး ပြည်ပကိုပို့နိုင်မယ်။ ခေတ်မီမျိုးကောင်းမျိုးသန့်နဲ့ စိုက်ပျိုးရေးနည်းပညာတွေလည်း ကျွန်တော်တို့ရလာတယ်။ လူမှုစီးပွားဘဝတွေလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အတွက် အစိုးရ၊ ပြည်သူပဲ ညီညီညွတ်ညွတ်ဆက်လက်ဆောင်ရွက်ကြိုးပမ်းနိုင်ဖို့အတွက်ကို မင်းဘူးမဲဆန္ဒနယ်က ဦးဝင်းဝင်းရဲ့အဆိုကို ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ပွင့်(တန့်ယန်းမဲဆန္ဒနယ်)**။ ။ ယနေ့အစည်းအဝေးသို့ တက်ရောက်လာသူအားလုံးမင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ပွင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်းဘူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းရဲ့ တောင်သူများ၏ စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ဈေးကောင်းရရှိရေး၊ ခိုင်မာတဲ့ဈေးကွက်ရှာဖွေရေးနှင့်စပ်လျဉ်းတဲ့အဆိုအပေါ် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မျက်မှောက်ကာလအထိတိုင်အောင် လယ်ယာကဏ္ဍကို အားထားလျက်ရှိပါတယ်။ နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ စိုက်ပျိုးရေးလုပ်ငန်းနှင့်ဆက်နွယ်ပတ်သက်နေတဲ့ကျေးလက်နေပြည်သူများဖြစ်ပါတယ်။ စိုက်ပျိုးတောင်သူများက နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုလျက်ရှိပြီး ၎င်းတို့ရဲ့အကျိုးစီးပွားကို မြှင့်တင်ဖော်ဆောင်ပေးရတာဟာ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးတဲ့ လိုအပ်ချက်တစ်ရပ် ဖြစ်ပါတယ်။ ဒါကြောင့် တောင်သူများ စိုက်ပျိုးထုတ်လုပ်တဲ့ကောက်ပဲသီးနှံတွေကို သင့်တင့်မျှတတဲ့ ဈေးနှုန်းရရှိရေး၊ ခိုင်မာတဲ့ဈေးကွက်ရရှိရေးအတွက် နိုင်ငံတော်အစိုးရအနေနဲ့ အလေးထားဆောင်ရွက်ပေးသွားဖို့ လိုပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး မိမိမဲဆန္ဒနယ်က စိုက်ပျိုးတောင်သူတွေရဲ့ရင်ဆိုင်ကြုံတွေ့နေရတဲ့အခြေအနေနဲ့ယှဉ်ပြီး အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့တောင်ပေါ်ဒေသက အထူးသဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ (အလယ်ပိုင်း)တွေမှာ လွန်ခဲ့တဲ့ ၁၀ စုနှစ်ကတည်းက တောင်သူများ အဓိကအားထားစိုက်ပျိုးတဲ့ လယ်ယာထွက်ကုန်သီးနှံဟာ ဖရဲသီးနှင့် အစေ့ထုတ်ပြောင်းဖြစ်ပါတယ်။ ထွက်ရှိလာတဲ့

သီးနှံများကို အိမ်နီးချင်းတရုတ်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချရပါတယ်။ ဖရဲသီးစိုက်ပျိုးတဲ့လောကမှာ ပြောနေကျစကားတစ်ခုရှိပါတယ်။ အဲဒါကတော့ သူဌေးဖြစ်၊ ခွေးဖြစ် ဆိုတဲ့စကားပါပဲ။ ကိုယ်တိုင်ကြိုးစားစိုက်ပျိုးတဲ့ဖရဲခင်းတွေ သီးပွင့်နေတာကို မြင်ရရင် သူဌေးအဖြစ်မျှော်မှန်းပြီး စိတ်ကူးနဲ့ပျော်ရွှင်ခဲ့ရပါတယ်။ ဒါပေမဲ့ မူဆယ်ဈေးကွက်မှာ တစ်ဖက်နိုင်ငံကိုတင်ပို့မယ့် ဖရဲသီးကားတွေတောင်ပုံရာပုံရောက်ပြီး ဝယ်လက်မရှိတာတွေ၊ ဈေးနှုန်းမတန်တဆနှိမ်ဝယ်တာတွေ ကြုံရတဲ့အခါမှာစီးပွားပျက်သွားကြရရှာပါတယ်။ ဖရဲသီးဆိုတဲ့အမျိုးက တာရှည်အထားမခံတဲ့အတွက် ပေးတဲ့ဈေးနဲ့အမြန်ရောင်းချရပြီး ကားခတောင်မပေးနိုင်လို့ ဘဝပျက်သွားတဲ့လူတွေလည်း မနည်းတော့ပါဘူး။ ဒီလိုအဖြစ်အပျက်တွေဟာ တစ်ခါတည်းမဟုတ်၊ နှစ်ခါတည်းမဟုတ်ပါဘူး။ နှစ်ပေါင်းများစွာကပဲမကြာခဏဆိုသလို စိုက်ပျိုးထုတ်လုပ်သူဘက်က ခံစားနေရတာပါ။ ဒါက ရွေးချယ်စရာမရှိတဲ့ဈေးကွက်တစ်ခုတည်းကိုသာ မှီခိုအားထားရတဲ့ ဆိုးကျိုးတွေဖြစ်ပြီး ဈေးကွက်အာမခံချက်မရှိတာကြောင့် ဖြစ်ပါတယ်။

တစ်ခါ အစေ့ထုတ်ပြောင်းစိုက်ပျိုးထုတ်လုပ်သူဘက်ကို ပြန်ကြည့်ပြန်ရင်လည်း အခုနကသိန္နီကိုယ်စားလှယ်တင်ပြသွားသလိုပါပဲ။ ပြီးခဲ့တဲ့ပြောင်းစိုက်ရာသီမှာ တန့်ယန်းမြို့နယ်အတွင်းပြောင်းစိုက်ဧကပေါင်း ၁၀၀၀၀ ကျော်ရှိရာမှာ တင်းပေါင်း တစ်သိန်းကျော်ထွက်ရှိကြောင်း မြို့နယ်ဆိုင်ရာအချက်အလက်များကနေ သိရှိရပါတယ်။ လက်ရှိအချိန်မှာ ပြောင်းဆန်ဈေးနှုန်းဟာ တစ်ပိဿာကို ၄၀၀ ကျပ်နှုန်းအောက် ရရှိပြီး စိုက်ပျိုးထုတ်လုပ်စရိတ်ရဲ့အောက်ကို ရောက်ရှိနေတဲ့အတွက်တောင်သူတွေအဖို့ အရင်းကျေဖို့အတွက် ဒီအတိုင်းမျှော်လင့်ချက်မဲ့စွာ ငုတ်တုတ်ထိုင်စောင့်နေကြရပါတယ်။ အရင်နှစ်က ထွက်ရှိတဲ့ပြောင်းဆန်တွေက ရောင်းမထွက်တဲ့အတွက်ကြောင့် ဒီနှစ်မှာ စိုက်ပျိုးဖို့အတွက် မျိုးစေ့နဲ့ ဓာတ်မြေသြဇာတွေ ဝယ်ယူနိုင်ဖို့ အခက်အခဲနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ဒီလိုအဖြစ်မျိုး ဆက်လက်မကြုံတွေ့ရဖို့ဆိုလျှင် ပထမဦးဆုံးအနေနဲ့ နှစ်နိုင်ငံအကြား အစိုးရအချင်းချင်း G to G သဘောတူညီချက်နဲ့ ချိတ်ဆက်ဆောင်ရွက်သွားဖို့လိုမှာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ဧပြီလအတွင်းကနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ တရုတ်ပြည်ခရီးစဉ်မှာ တရုတ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးတဲ့အခါ မြန်မာနိုင်ငံမှ ဆန်တန်ချိန်တစ်သိန်းခန့် တရုတ်ပြည်သို့တင်သွင်းခွင့်ခွဲတမ်းကို ဆက်လက်ပေးအပ်ရေးနဲ့ အနာဂတ်မှာ မြန်မာနိုင်ငံက လယ်ယာထွက်ကုန်သီးနှံတွေကို၊ မွေးမြူရေးထွက်ကုန်တွေကို ပိုမိုဝယ်ယူရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့တာသိရလို့ စိုက်ပျိုးတောင်သူတွေအတွက် မျှော်လင့်ချက်ပြန်လည်မြင့်မားခဲ့ရပါတယ်။

မူကြမ်း

နောက်တစ်ချက်ကတော့ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့လည်း စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများနှင့်ပူးပေါင်းပြီး ဈေးကွက်သုတေသနပြုခြင်း၊ ခိုင်မာတဲ့ ဈေးကွက်ရရှိအောင် ကြိုးပမ်းခြင်းတို့ကို အရှိန်အဟုန်မြှင့်ကာ ဆောင်ရွက်ပေးသွားဖို့လိုအပ်သလို အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်တွေကို ပြည်သူများထံ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ စိုက်ပျိုးတောင်သူတွေ အာမခံချက်ရရှိစေဖို့အတွက် ပြည်တွင်းသို့ မျိုးစေ့နဲ့ဓာတ်မြေဩဇာ တင်သွင်းရောင်းချတဲ့ကုမ္ပဏီများ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေက ကုမ္ပဏီများကို ထွက်ရှိလာတဲ့လယ်ယာထွက်ကုန်ပစ္စည်းတွေကို ပြန်လည်ဝယ်ယူပေးဖို့၊ အာမခံချက်ရှိဖို့ စာချုပ်ချုပ်ဆိုပြီးမှသာ ပြည်တွင်းသို့မျိုးစေ့များတင်သွင်းရောင်းချခြင်းကို ကြပ်မတ်ဆောင်ရွက်သွားသင့်ပါကြောင်း ဆွေးနွေးရင်း ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်ရဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဌေးမင်းသိန်း(ကြို့ပင်ကောက်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့်အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမင်းသိန်းဖြစ်ပြီး ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်မှ တင်သွင်းသောအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အား Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ အဆိုရှင်ရဲ့ ရည်ရွယ်ချက်တွေဖြစ်တဲ့ စိုက်ပျိုးရေးထွက်ကုန်သီးနှံများ သင့်တင့်မျှတသောဈေးနှုန်းရရှိရေး၊ ပြည်တွင်းပြည်ပဈေးကွက်များရှာဖွေပေးပြီး ဈေးကွက်ခိုင်မာမှုရှိသော သီးနှံများစာရင်းကို ပြည်သူများသိရှိနိုင်ရန် ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ပွင့်လင်းစွာချပြအသိပေးပါရန်နှင့် အရည်အသွေးပြည့်ဝသောဈေးကွက်ဝင်စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ထုတ်လုပ်နိုင်ရေး၊ အစိုးရနှင့်ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များရေးဆွဲချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် တိုက်တွန်းထားတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဈေးကွက်များရှာဖွေပေးဖို့လိုသလို သီးနှံ၏အရည်အသွေးယှဉ်ပြိုင်နိုင်မည့် ကောက်ပဲသီးနှံများကဖြစ်ဖို့ကလည်း အဓိကကျလို့ ဝန်ကြီးဌာနများပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ဖို့ လိုအပ်နေတာဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မှာတော့ အဓိကအားဖြင့် စပါး၊ မပဲ၊ နှမ်းစပါးဆိုပြီးတော့

သုံးသီးအမိကစိုက်ပျိုးနေတာဖြစ်ပါတယ်။ တောင်သူအများစုကို မေးလိုက်လို့ရှိရင် မိုးဦးကျတာစောမှာလား၊ နောက်ကျမှာလား၊ ရိတ်သိမ်းချိန်မှာ မိုးနှောင်းစောမှာလား၊ မိုးနှောင်းကောင်းမှာလား၊ သက်ကြီးစပါးစိုက်ရင်မှီပါ့မလား၊ နောက်ကျလို့ မျိုးကဲ့စိုက်ရမှာလား၊ စိုက်ပျိုးစရိတ်နှင့်သီးနှံပေါ်ချိန်မှာ အများစုလက်ခံတဲ့ မျိုးစပါးများကိုသာစိုက်မည့်လို့ ဖြေကြားမှာဖြစ်ပါတယ်။ အဓိကအားဖြင့် အဆိုရှင်တင်သွင်းထားသလို သီးနှံဈေးကွက်ဈေးနှုန်းတည်ငြိမ်ဖို့ လိုအပ်နေတာပဲ ဖြစ်ပါတယ်။ ပြည်ပကောက်ပဲသီးနှံဈေးကွက်အခြေအနေ သီးနှံလိုအပ်ချက်တွေကို ဗျူဟာကျကျ လေ့လာသုံးသပ်ဖို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ပိုမိုအလေးထားဆောင်ရွက်ရန်လိုအပ်နေပြီးစိုက်ပျိုးရေးဦးစီးဌာနအနေနဲ့လည်း ချိတ်ဆက်ဆောင်ရွက်ပေးဖို့ တိုက်တွန်းအပ်ပါတယ်။

G to G, B to B ဈေးကွက်ရှာနေပေမဲ့လည်း သတ်မှတ်အရည်အသွေးဖြင့် ကိုက်ညီသော ဆန်တန်ချိန် ၇၀၀၀၀ ခန့်ကိုသာ တင်ပို့လျက်ရှိပြီး တရားမဝင်နည်းလမ်းဖြင့် တန်ချိန်သန်းချီပြီး တင်ပို့နေရတာဖြစ်ပါတယ်။ တောင်သူများ၏ သီးနှံအရည်အသွေးသတ်မှတ်ထားသည့် မိုးမွှားကင်းစင်မှု ဓာတ်တုဓာတ်ကြွင်းစစ်ဆေးချက် ကိုက်ညီမှုရှိမှသာ ကိုတာပိုမိုတင်ပို့နိုင်မှာဖြစ်ပါတယ်။ ဈေးကွက်မှာယှဉ်ပြိုင်နိုင်မည့် သီးနှံ၊ ဆန်စပါး၊ ပဲမျိုးစုံဖြစ်ဖို့ရာ စိုက်ပျိုးရေးဦးစီးဌာနကလည်း ဖိဖိစီးစီးဆောင်ရွက်ပေးပါရန် တိုက်တွန်းအပ်ပါတယ်။ အော်ဂဲနစ်သီးနှံစိုက်ပျိုးထုတ်လုပ်ရန် ပိုးသတ်ဆေး၊ မြေသြဇာနှင့် နည်းစနစ်အချိုးအစားမှန်ကန်စွာ အသုံးပြုတက်စေရေး၊ တောင်သူအသိပညာပေးများဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ မိရိုးဖလာစိုက်ပျိုးရေးလုပ်ကိုင်လာရာမှ ပညာတက်၍စိုက်ပျိုးရေးလုပ်သည်ဆိုထက် လုပ်ငန်းရှင်များဖြစ်ဖို့ကို ဝိုင်းဝန်းဆောင်ရွက်ကြရမှာပဲ ဖြစ်ပါတယ်။ တောင်သူလယ်သမားအဖွဲ့အစည်းများ၊ မျိုးစိတ်ထုတ်တောင်သူအဖွဲ့များအားကောင်းလာအောင်လည်း ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ထွန်ယက်စိုက်ပျိုးချိန်ရောက်တဲ့အခါမှာ စိုက်စရိတ်သက်သာတာ၊ ပိုးသတ်ဆေး၊ မြေသြဇာအလွယ်တကူရတဲ့အပေါ်မူတည်ပြီး ဈေးကွက်တန်းမဝင်သော်လည်း ကျုံသလိုစိုက်ပျိုးနေရတဲ့ အခြေအနေတွေဖြစ်နေပါတယ်။

ကျွန်တော်၏မဲဆန္ဒနယ်ဖြစ်သော ကြို့ပင်ကောက်မြို့နယ်တွင် ကရင်မစပါးမျိုးသည် ဈေးကွက်ဝင်မျိုးစပါးဖြစ်ပါတယ်။ အရှေ့၊ အနောက်၊ တောင်၊ မြောက်စပါးမျိုးကို DNA စစ်ကြည့်ရာ မျိုးမတူတာတွေလည်း တွေ့ရပါတယ်။ ယခုအခါ ဘာလာလာစပါးမျိုး ဘယ်စပါးမျိုးနှင့်မဆို ရောလို့ရတဲ့စပါးမျိုးတွေလည်း ထွက်ရှိနေတာရှိပါတယ်။ ထို့ကြောင့်ဈေးကွက်ဝင်စပါးမျိုး တောင်သူများအားလုံး

တစ်ပေါင်းတစ်စည်းတည်း စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဌာနဘက်မှ တောင်သူများနှင့် ကွင်းဆင်းတွေ့ဆုံ၍ နည်းပညာ၊ အသိပညာ၊ အကူအညီများ ပိုမိုဆောင်ရွက်ပေးပါရန်လည်း တိုက်တွန်းရင်း ဈေးကွက် ယှဉ်ပြိုင်နိုင်မည့် သီးနှံများဖြစ်ထွန်းလာစေရေးနှင့် ဈေးကွက်ဖော်ဆောင်နိုင်ရေးတို့အတွက် ဆန်းစပါး အသင်းများ၊ လုပ်ငန်းရှင်များနှင့် ပြည်ထောင်စုအစိုးရအား မေတ္တာရပ်ခံရင်း အဆိုကိုထောက်ခံဆွေးနွေး အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကျန်းမာပါစေ ကြောင်း ဆုတောင်းမေတ္တာပို့ပါတယ်။ ကျွန်တော်ကတော့ ဒီပဲယင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော်က အဆိုရှင် မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းရဲ့အဆိုကို ပါဝင်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တိုင်းပြည်ရဲ့ တောင်သူလယ်သမားများဟာ ခုထိ လူမှုစီးပွားဘဝအခက်အခဲရှိနေတယ်ဆိုတာတော့ အမှန်ပါပဲ ဖြစ်ပါ တယ်။ သို့သော်လည်း ကုန်ဈေးနှုန်းဟာ ကြိုးချည်ထားလို့ရတာမျိုးမဟုတ်ပါဘူး။ ဈေးကွက်မှာ ဝယ်လို အား၊ ရောင်းလိုအား ပေါ်သာမူတည်နေတာဖြစ်ပါတယ်။ အိန္ဒိယာနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ပဲမျိုးစုံတင်ပို့ မှုရဲ့ ၆၀ ရာခိုင်နှုန်းထိ ဝယ်ယူနေသောနိုင်ငံဖြစ်ပါတယ်။ အများဆုံးဝယ်ယူသောနိုင်ငံလည်းဖြစ်ပါ တယ်။ ပါကစ္စတန်၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့ကလည်း ဝယ်ယူနေပါတယ်။ စင်္ကာပူ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တို့ကိုလည်း တင်ပို့ရပါတယ်။ သီးနှံထွက်ကုန်များရဲ့ပြည်ပပို့ကုန် ၃၄ ရာခိုင်နှုန်းကျော်ဟာ ပဲမျိုးစုံ ကဏ္ဍကဖြစ်ပါတယ်။ ယခင်နှစ်များက ပဲမျိုးစုံရဲ့ပျမ်းမျှဈေးနှုန်းဟာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၀၊ ၇၀၀ ထိရရှိတယ်လို့ သိရပါတယ်။ ယခုနှစ်မှာတော့ တစ်တန်ကို ဒေါ်လာ ၄၀၀၊ ၅၀၀ မျှသာ ရောင်းရတယ်လို့ သိရှိရပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကထက် တန်ချိန်တစ်သိန်းကျော် ပိုပြီး တင်ပို့ရတဲ့အတွက် ဒေါ်လာ ၃၉ သန်းကျော်ပိုမိုရရှိတယ်လို့လည်း သိရပါတယ်။ အိန္ဒိယနိုင်ငံဟာ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့ကစပြီး အိန္ဒိယသို့ ပဲတင်သွင်းမှုကို အကန့်အသတ်နဲ့သာခွင့်ပြုခဲ့ ပါတယ်။ (၁၉/၂၀၁၅-၂၀၂၀)ခွင့်ပြုချက်နဲ့ ပဲစင်းငုံတင်သွင်းခွင့်ကို တစ်နှစ်လျှင် တန်ချိန်နှစ်သိန်း ခွင့်ပြုခဲ့ပါတယ်။ ဩဂုတ်လ ၂၁ ရက်နေ့မှာ (၂၂/၂၀၁၅-၂၀၂၀)ကြေငြာချက်မှာ မတ်ပဲနဲ့ ပဲတီစိမ်း တန်ချိန် သုံးသိန်း ခွင့်ပြုခဲ့ပါတယ်။ ဒီခွင့်ပြုချက်တွေဟာ ကျွန်တော်တို့တစ်နိုင်ငံတည်းအတွက်

မဟုတ်ပါဘူး။ ပဲတင်ပို့နိုင်တဲ့နိုင်ငံတွေအားလုံးအတွက် ဖြစ်ပါတယ်။ အဲဒီအချိန်ကစလို့ပဲ ပဲမျိုးစုံဟာ ဈေးအေးပြီးတော့ အနည်းငယ်ကျဆင်းသွားတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ်ကတည်းက အိန္ဒိယနိုင်ငံဘက်က G to G စနစ်နဲ့ ပဲမျိုးစုံ ဝယ်လိုကြောင်း ကမ်းလှမ်းလာလို့ Protocol of Intention for Trade and Coordination Protocol ခေါင်းစဉ်နဲ့ MOU လက်မှတ်ထိုးနိုင်ဖို့ ကြိုးစားခဲ့ကြပါတယ်။ အိန္ဒိယနိုင်ငံဘက်က ကြန့်ကြာနေတာဖြစ်ပါတယ်။ များမကြာမီ တရားဝင်လက်မှတ်ရေးထိုးနိုင်လိမ့်မယ်လို့တော့ မျှော်လင့်ရပါတယ်။ ဒါ့အပြင် ဈေးကွက်လိုအပ်ချက်အရနဲ့ ဈေးကွက်တစ်ခုတည်းကို မှီခိုနေရခြင်းအစား ဈေးကွက်ကျယ်ပြန့်ရာ Market Diversification လိုအပ်သဖြင့် အခြားဈေးကွက်များကို တိုးချဲ့ရှာဖွေခဲ့သောကြောင့် ပဲမျိုးစုံတင်ပို့မှု ပြန်လည်မြင့်တက်လာတယ်လို့ သိရှိရပါတယ်။ အရှေ့တောင်အာရှဒေသ ဆန်ထုတ်လုပ်တဲ့နိုင်ငံများနဲ့အပြိုင်အဆိုင် ဆန်ရောင်းတဲ့နေရာမှာ မြန်မာနိုင်ငံတော်က ဈေးကွက်ထုတ်ပိုးမှုအရ ဆန်တင်ပို့မှုလည်း ပိုမိုရရှိလာတယ်လို့ သိရပါတယ်။ EU ကပေးတဲ့ GFU အခွန်ကင်းလွတ်ခွင့်နဲ့ ဆန်ကွဲတန်ချိန် ၀.၃ သန်းနဲ့ ဆန်တန်ချိန် ကိုးသောင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ တင်ပို့နိုင်ခဲ့တယ်လို့လည်း သိရပါတယ်။ သရက်သီး၊ ကော်ဖီစေ့၊ ထောပတ်သီး၊ လက်ဖက်ခြောက်လိုဟာမျိုးနဲ့ ပဲမျိုးစုံ အစရှိတဲ့သီးနှံများကို EU သို့တင်ပို့ရောင်းချနိုင်ရန် ဈေးကွက်ရှာဖွေဆောင်ရွက်သင့်ပါကြောင်း ပြောလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာရှိတဲ့ အနယ်နယ်အရပ်ရပ်မြို့ကြီးများရှိ ကုန်စည်ဒိုင်များက သီးနှံပေါက်ဈေးနှုန်းများကို နေ့စဉ်ကြေငြာပေးနေပါတယ်။ ဦးဝင်းဝင်းရဲ့အဆိုအတိုင်း ဈေးကွက်ခိုင်မာမှုရှိသော သီးနှံများစာရင်းကို ပြည်သူများသိရှိအောင် ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ပွင့်လင်းမြင်သာစွာချပြအသိပေးပြီး ဒီသီးနှံစိုက်ပါ၊ ဟိုသီးနှံစိုက်ပါလို့ ပြောရတာ။ အစိုးရကိုတော့ အလွန်ခက်ခဲကျပ်တည်းမယ်လို့ ယူဆမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရာသီဥတုအခြေအနေ၊ ကမ္ဘာ့ဈေးကွက်အပြောင်းအလဲ၊ နိုင်ငံရေး စသဖြင့် အကြောင်းအမျိုးမျိုးကြောင့် ဈေးနှုန်းဟာ ပြောင်းလဲနေတတ်ပါတယ်။ ကုန်စည်ဒိုင်များမှာကြေငြာတဲ့ ကုန်ဈေးနှုန်းများရဲ့နေ့စဉ်ပေါက်ဈေးများမှာလည်း နာရီပိုင်းအတွင်း အပြောင်းအလဲရှိနိုင်တယ်လို့ ထည့်သွင်းကြေငြာလေ့ရှိပါတယ်။ ဥပမာ ပဲစင်းငုံဆိုလို့ရှိရင် ယခင်နှစ်က ဈေးနှုန်းမတန်တဆနိမ့်ကျသွားတဲ့အတွက် ပဲစင်းငုံမစိုက်ပါနဲ့လို့ သတင်းထွက်လာပါတယ်။ အစိုးရက တရားဝင်အတည်ပြုပေးတာလား။ ကောလဟာလလားမသိပါဘူး။

ဒါကြောင့် ပဲစင်းငုံကို စိုက်ပျိုးခြင်းမရှိခဲ့ကြပါဘူး။ ဒီနှစ်ဈေးကွက်မှာ တောင်သူလယ်သမားများအတွက် သင့်လျော်တဲ့ ဈေးနှုန်းရရှိခဲ့သော်လည်း ရောင်းစရာပဲစင်းငုံမရှိဖြစ်ခဲ့ရပါတယ်။ ဆီးဆိုလျှင် ဈေးကွက် ပျက်ခဲ့တာ ၁၀ စုနှစ်တစ်စုကျော်မက ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ အညာတခွင် လျှော်ဖြူပင်ဆိုပြီးတော့ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းမှာတော့ လျှော်ဖြူ ၈၈၀၀ ဧကခန့် စိုက်ပျိုးထားတယ်လို့သိရပါတယ်။ ဆေးကုလားမ ထုတ်လုပ်ရရှိသောအပင် ဖြစ်ပါတယ်။ ထိပ်စအစေး တစ်ပိဿာကို ကျပ် ၁၂၀၀၀၀ ကနေ ၈၀၀၀၀ အထိ ဈေးရှိတယ်လို့လည်း သိရပါတယ်။ အခုအခါ တောင်သူလယ်သမားများဟာ ဂျုံကိုစိုက်ပျိုးတာ သိပ်မတွေ့ရဘူး။ ဈေးကွက်အနေအထားကြောင့် မစိုက်တာဖြစ်နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြသွားသလို အရည်အသွေးပြည့်ဝသောဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများထုတ်လုပ်နိုင်ရေး အစိုးရနှင့်ပြည်သူ ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်နိုင်မယ့် အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် အရေးကြီးတယ်ဆိုတာ တကယ်မှန်ပါတယ်။ ပြီးခဲ့တဲ့ စနေနေ့က ဒီပဲယင်းမြို့နယ် မီးတောက်ရွာကခေါ်လို့ နွေစပါးစိုက်ခင်းဧက ၆၀၀ ကို သွားရောက်ကြည့်ရှုခဲ့ပါတယ်။ စိုက်ပျိုးရေလုံလောက်စွာမရလို့ ဧက ၅၀၀ ခန့်ပျက်စီးသွားတာ၊ ဝမ်းနည်းစရာတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒီစပါးစိုက်ခင်းတွေဟာဆိုရင် သက်ဆိုင်ရာဆည်မြောင်းဦးစီးဌာန RIC တူးမြောင်းမကြီးက DY 5 လက်တံမှာ စိုက်ပျိုးရေ အလုံအလောက်ရမယ်လို့ အသိပေးကြေငြာထားတာဖြစ်ပါတယ်။ ဒီပဲယင်းမြို့နယ်အတွင်းရှိတဲ့ RC မြောင်းမကြီး၏ ရေသောက်စိုက်ဧက ၇၀၀၀ ခန့်ဟာ ယနေ့ နွေစပါးစိုက်ပျိုးရေရမယ်လို့ အသိပေးကြေငြာထားလို့လည်း စိုက်ပျိုးရေအခက်အခဲရှိတာကို တွေ့ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရာသီဥတု၊ ကမ္ဘာ့ဈေးကွက်ပြိုင်ဆိုင်မှု၊ နိုင်ငံရေး အစရှိတဲ့အကြောင်း အမျိုးမျိုးကြောင့် တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်တဲ့သီးနှံများဟာ ဈေးကောင်းရပြီး အကျိုးအမြတ်များတာလည်းရှိမယ်။ အကျိုးအမြတ်နည်းတာတွေလည်း ရှိနိုင်ပါတယ်။ နိုင်ငံတော်အစိုးရကတော့ တောင်သူလယ်သမားများရဲ့ လူမှုစီးပွားရေးဘဝတိုးတက်မြင့်မားလာရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေတွေ၊ စိုက်ပျိုးရေးနည်းပညာတွေ၊ မျိုးကောင်းမျိုးသန့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး အစရှိတဲ့သွင်းအားစု ပစ္စည်းတွေမှန်ကန်ရေး၊ ဈေးကွက်အသစ်ရှာဖွေပြီး အရောင်းမြှင့်တင်ရေးနဲ့ သဘာဝဘေးအန္တရာယ်ကြောင့် အသီးအနှံထိခိုက်ပျက်စီးခဲ့လျှင် တောင်သူလယ်သမား

အခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့် ကူညီထောက်ပံ့တာတွေလည်း ဆောင်ရွက်ပြီး အဘက်ဘက်ကပံ့ပိုးကူညီ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်းပါ။ မင်းဘူးမဲဆန္ဒနယ် ဦးဝင်းဝင်းမှ လွှတ်တော်သို့ တင်သွင်းသောအဆိုနှင့်စပ်လျဉ်းပြီး ရိုးရိုးနှင့်ရှင်းရှင်း ပွင့်လင်းမြင်သာစွာဖြင့် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မည်သည့်အစိုးရပဲ တက်တက် တိုင်းသူပြည်သားများ၏စားဝတ်နေရေး၊ လူမှုဖူလုံရေးကို ဦးစားပေးရသလို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင်လည်း အဖက်ဖက်မှ ဦးလည်မသဲ့ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ မြောက်မြား လှတဲ့အရေးထဲက အရေးကြီးဆုံးသောအရေးကတော့ စာဝတ်နေရေးလို့ ပြောလို့ရပါတယ်။ အူမတောင့်မှသီလစောင့်နိုင်မယ်ဆိုတဲ့ စကားသံဟာ တစ်ကြိမ်တစ်ခါက တစ်ပြည်လုံးညံခဲ့တာကို သတိရကြမှာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ(ခ)အရ ၂၀၁၃ ခုနှစ်၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်တဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(ဂ)မှာ တောင်သူလယ်သမားများ၏ အကျိုးအတွက် ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ယခင်က ပေါ်ပေါက်ခဲ့ဖူးသော ဖွဲ့စည်းပုံ အခြေခံဥပဒေတိုင်းမှာလည်းပဲ တောင်သူလယ်သမားများရဲ့အကျိုးကို ကာကွယ်သောဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းခဲ့ပါတယ်။ နိုင်ငံသူ နိုင်ငံသားများက လုံ့လ၊ ဝီရိယစိုက်ထုတ်ကာ ကောက်ပဲသီးနှံကို ပြည်တွင်းရော ပြည်ပပါ တင်ပို့ ရောင်းချနိုင်အောင် ကြိုးစားစိုက်ပျိုးကြပါ။ သို့သော် ကြက်သွန်ဖြူ၊ အာလူး၊ ပြောင်းစသည့် မီးဖိုချောင် သုံးသီးနှံဟာ သင့်တင့်မျှတသော ဈေးနှုန်းရဖို့ မဆိုထားနှင့်။ တောင်သူတိုင်း အရှုံးနှင့်ရင်ဆိုင်နေရ သည်မှာ နှစ်နှင့်ချီပြီးရှိနေပါသည်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကြိုးစားအားထုတ်သလောက် အရာမရောက် အကျိုးမရှိဖြစ်နေပြီး ပြည်တွင်းတွင်ဖြစ်ပျက်လျက်ရှိနေတဲ့ သီးနှံအချို့ရဲ့ နှစ်ပါးသွားပုံလေးကိုတော့ Power Point ဖြင့် ပြဖို့စီစဉ်ထားပါတယ်။ အဲဒီသီးနှံကတော့ ပင်းလောင်း၊ ကလော၊ ပင်းတယ၊ တောင်ကြီးမြို့နယ်တွင်စိုက်ပျိုးလျက်ရှိတဲ့ အာလူး၊ ကြက်သွန်၊ ပြောင်းသီးနှံတွေပဲ ဖြစ်ပါတယ်။

တစ်ပြည်လုံးဖြန့်ချိပေးပါတယ်။ လုံလဲလုံလောက်ပါတယ်။ Power Point ဖြင့် ပြသခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ဒီပုံတွေကတော့ ပြည်ပမှာဝင်လာမည့် အာလူး၊ ကြက်သွန်ကို တွန်းလှန်ဖို့ ဟန်ရေးပြနေတဲ့ မိရိုးဖလာရော၊ ကြက်သွန်နီစိုက်ပျိုး ခေတ်မီစက်ကိရိယာများဖြင့်ပါ တောင်သူများ ကြိုးစားပမ်းစား စိုက်ပျိုးဖြစ်ထွန်းနေတဲ့ တိုင်းရင်းသားအတွက် ကြက်သွန်ကျင်းစိုက်ကွင်း၊ စိုက်ကွက်တွေဖြစ်ပါတယ်။ ဖော်ပြပါပုံကတော့ မြန်မာပြည်အရပ်ရပ်ရှိ ဈေးကွက်အသီးသီးတွင် ဝင်ရောက်ထုတ်ဖွက်ဟု စစ်ဆင်နွှဲရန် အသင့်စောင့်နေတဲ့ တရုတ်ကလာတဲ့ ကြက်သွန်ဖြူနဲ့ အာလူးပုံတွေပါ။ အမိန့်ရတာနှင့် ဟောခနဲ လှံစွတ်ထိုး တိုက်ပွဲဆင်နွှဲဖို့ အဆင်သင့်အနေအထားပါ။ အောက်ပုံကတော့ အားမသန်လို့ မာန်ချလိုက်ရတဲ့ တိုင်းရင်းသားတွေရဲ့ကြက်သွန်တွေပါ။ ဒီနေ့လွှတ်တော်ကြီးမှာ လက်ဖက်ရည်တစ်ခွက် ၅၀၀ ကျပ် ပေးသောက်နေရတဲ့အချိန်မှာ ကြက်သွန်ဖြူ တစ်ပိဿာ ၂၀ ဝယ်သူမရှိ ကြုံလာလမ်းဘေးမှာ သွန်ပစ်ရ။ မြေသြဇာကတော့ ခေတ်အတန်ကောင်းပါရဲ့ဆိုပြီး ထောပတ်ပင်ခြေရင်းမှာ စွန့်ပစ်ရတဲ့အထိ မြင်တွေ့ရမှာဖြစ်ပါတယ်။ ရွာအဝင် ဝါးရုံပင်အရိပ်မှာ သွန်မိတဲ့ပုဂ္ဂိုလ်ကတော့ ဝါးရုံပင်ပါသေလို့ လျော်ကြေးပေးပြီး မိအေးနှစ်ခါနာခံရတဲ့ အဖြစ်မျိုးကို ကြုံရမှာဖြစ်ပါတယ်။ ဒီပုံကတော့ အားလူးရဲ့ ဖြစ်စဉ်ကိုပြထားတဲ့ပုံပါ။ ယခင်က အာလူးမိုကြိုစိုက်ပေမဲ့ ယခုအချိန်မှာ ဈေးကွက်လိုအပ်ချက်အရ နွေ၊ မိုး၊ ဆောင်းသုံးရာသီစလုံးကို စဉ်ဆက်မပြတ် စိုက်ပျိုးပါတယ်။ သို့သော် ပြည်မမှ မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် ကြံဖန်ပြီးဝင်လာတဲ့အာလူးကြောင့် ကြက်သွန်ဖြူဖြစ်စဉ်နဲ့ ထူးမခြားနားပါ။ ဒီနေ့ ပြောင်းဟာလည်းပဲ ဒီအတိုင်းပဲဖြစ်ပါတယ်။ ထုတ်ဖို့ စရိတ်တောင်မရပါဘူး။ တစ်ဖက်နိုင်ငံကိုဝင်ဖို့ဆိုရင် စနစ်တကျစစ်ဆေးပြီး ပိုးသတ်ဆေးပါဖြန်းမှ ဝင်လို့ရပါတယ်။ ကွာလိုက်တဲ့ဖြစ်ခြင်းပါပဲ။

ဒီပုံကတော့ တောင်သူများနစ်နာချက်တွေကို သက်ဆိုင်ရာသို့ အကြိမ်ကြိမ် တင်ပြခဲ့သော်လည်း အဟောသိကံပါပဲ။ သွင်းကုန်ပါမစ်ပိတ်ရလောက်အောင် မူဆယ်နဲ့နိုင်ငံနယ်နိမိတ်အကြား ကြက်သွန်နှင့် အာလူးစိုက်ပျိုးထားတာမရှိကြောင်း သိရပါတယ်။ အကယ်၍ ပြည်တွင်းစိုက်ပျိုးထွက်ကုန်မှန်လျှင် ပြည်တွင်းမှာလွတ်လပ်စွာ ကူးသန်းရောင်းဝယ်ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ဒီပုံကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ပသီးနှံရာသီအလိုက် တင်သွင်းခွင့်ပြုအုံးမယ်ဆိုတော့ အနာဂတ်တောင်သူတွေအတွက် ရင်လေးစရာပါ။ ပြည်တွင်းမှာ ဝမ်းရေးမလှလို့ ပြည်ပထွက်ခွာပြီး အလုပ်လုပ်ကြရတဲ့ မြန်မာပြည်သားတွေပါ။ တိုင်းရင်းသားကော်မတီနှင့် အဖွဲ့သားများ နယ်စပ်ဒေသ

ရောက်ခဲ့စဉ်က ချင်းဆွေဟော်ဝင်/ထွက်စခန်းမှာ တစ်နှစ်လျှင် လုပ်သား ၃၀၀ ကနေ ၅၀၀ အကြား ပြည်ပသို့ထွက်ခွာရန် စောင့်ဆိုင်းနေတာကို တွေ့ရမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့အကြံပြုလိုတာက ပြည်ထောင်စုအတွင်း အောက်ခြေအိမ်ထောင်ဦးစီးတိုင်း စီးပွားရေးဖူလုံမှုအတွက် နိုင်ငံတော်မှ အစီအမံပြုလုပ်ပြီး ကြိုးစားအကောင်အထည်ဖော်ပေးဖို့နှင့် ထိုင်းနိုင်ငံမှာဆိုရင် နိုင်ငံသားများ ပြည်တွင်းထုတ်လုပ်ရောင်းချနေတဲ့ကာလမှာ သွင်းကုန်ကို အခွန် ၁၂၀ ရာခိုင်နှုန်းအထိ ကောက်ခံပါတယ်။ နောက်ပြီး ရတဲ့အချိန်မှာ သွင်းကုန် ၁၅ ရာခိုင်နှုန်းခန့်ကို ကောက်ခံပြီး တင်သွင်းခွင့်ပြုပါတယ်။ မိမိတို့နိုင်ငံမှာလည်း ထိုကဲ့သို့ အခွန်ဖြင့်ထိန်းချုပ်ရန်လိုအပ်ပါတယ်။ သို့မဟုတ်လျှင် တစ်ချိန်က နာမည်ကြီးခဲ့တဲ့ ချင်းတောင်ပန်းသီး၊ တောင်ပေါ်လိမ္မော်၊ ပန်းသစ်တော်တို့ဟာ ယခုဆိုလျှင် မှုးလို့တောင်ရှုစရာမရှိတော့ပါဘူး။ ပျောက်ခြင်းမလှပျောက်ကြရတော့မှာ ဧကန်မလွဲဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ မိုးခေါင်ရေရှားရပ်ဝန်းမှာ မိမိတို့စိမ်းလန်းစိုပြည်ဖို့အတွက် နိုင်ငံတစ်နိုင်ငံကို အကြံဉာဏ်တောင်းခံခဲ့ဖူးပါတယ်။ ခင်ဗျားတို့နိုင်ငံက မြေရှိတယ်။ ရေရှိတယ်။ လူရှိတယ်။ လုပ်ဖို့ပဲ လိုတယ်ဆိုတဲ့စကား မှတ်သားမိပါတယ်။ ယခုတော့ မြေရှိတယ် မြေဆီလွှာဆုံးပါးစပြုနေပါပြီ။ ရေရှိတယ် နေရာတကာ ခန်းခြောက်စပြုနေပါပြီ။ လူရှိတယ် ပြည်ပထွက်ခွာအလုပ်လုပ်နေကြပါတယ်။ ဒါကြောင့် ကမ္ဘာအပြင် ဝှံကြွားနိုင်အောင်။

## ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်ကတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းအနေနဲ့ စိုက်ပျိုးရေးထွက်ကုန်သီးနှံတွေ သင့်တင့်မျှတတဲ့ဈေးနှုန်းရရှိရေး၊ ပြည်တွင်းပြည်ပဈေးကွက်များရှာဖွေပေးပြီး

ဈေးကွက်ခိုင်မာမှုရှိတဲ့ သီးနှံစာရင်းတွေကို ပြည်သူများသိရှိနိုင်ဖို့ ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ပွင့်လင်းစွာချပြအသိပေးဖို့နှင့် အရည်အသွေးပြည့်ဝတဲ့ ဈေးကွက်ဝင် စိုက်ပျိုးရေး ထွက်ကုန်သီးနှံများ ထုတ်လုပ်နိုင်ရေး အစိုးရနှင့်ပြည်သူဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်နိုင်မယ့် အစီအစဉ်များ ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေး အဆိုနှင့်စပ်လျဉ်းပြီး အဆိုပါလုပ်ငန်းအစီအမံများနှင့် အကျုံးဝင်ပတ်သက်မှုရှိတဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရဲ့သုံးသပ်သဘောထားပြုမှုနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တို့မှ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ အခြေအနေများအပေါ်မှာ အခြေခံပြီး ပြန်လည် ရှင်းလင်းဆွေးနွေးတင်ပြပါ့မယ်။ ယင်းအဆိုနှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများမှလည်း အကြံပြုသုံးသပ်ချက်များ၊ ဆွေးနွေးသွားမှုများရှိပြီး ကောင်းမွန်တဲ့ဆွေးနွေးအကြံပြု သုံးသပ်ချက်များ အတွက်လည်း များစွာကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ မြန်မာ့စိုက်ပျိုးရေးထွက်ကုန်သီးနှံတွေ သင့်တင့်မျှတတဲ့ ဈေးနှုန်းရပြီး ပြည်တွင်းပြည်ပဈေးကွက်ထိုးဖောက်ရှာဖွေမှုနှင့်အတူ ဈေးကွက်ခိုင်မာစေဖို့အတွက် အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာဖြစ်တဲ့(National Export Strategy)အစီအစဉ်တွေကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်။ အဆိုပါမဟာဗျူဟာမှာ လယ်ယာထွက်ကုန် ဆန်၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ နှမ်း၊ ရာဘာ၊ ရေထွက်ပစ္စည်း စတဲ့သီးနှံနဲ့ထွက်ကုန်ပစ္စည်းတွေကို ထည့်သွင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ လယ်ယာထွက်ကုန်အခြေခံ စားသောက်ကုန် ထုတ်လုပ်မှု၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍသစ်တို့ကို အကောင်အထည်ဖော်သင့်တဲ့ လုပ်ငန်းစီမံချက်များ ဖြစ်ပေါ်လာအောင် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်လုံးမှာရှိတဲ့ လုပ်ငန်းစဉ် များကိုလည်းပဲ အသေးစိတ်ထည့်သွင်း ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ဝန်ကြီးဌာနရဲ့ ပင်မလုပ်ငန်းတာဝန် နှင့်အညီ ကုန်သွယ်မှုဆိုင်ရာစေ့စပ်ညှိနှိုင်းမှုတွေကို ဆောင်ရွက်နိုင်ဖို့အတွက် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်ရေးပူးတွဲကော်မရှင်/ကော်မတီနှင့် နယ်စပ်ကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေးတွေ ကိုလည်းပဲ နှစ်စဉ်နှစ်အလိုက် နိုင်ငံအလှည့်ကျကျင်းပပြုလုပ်ပြီး ကုန်သွယ်မှုကဏ္ဍတိုးတက် မြင့်မား လာရေးကို အထူးအလေးပေးညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ မြန်မာ့လယ်ယာထုတ်ကုန်များ တင်ပို့ရောင်းချမှု၊ ကုန်သွယ်မှုအပိုင်းမှာ ဝယ်သူဈေးကွက်ထက်

ရောင်းသူဈေးကွက်အဖြစ် ဖန်တီးဖြစ်ပေါ်လာဖို့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်းကလည်းပဲ အဓိက မိမိတို့ရဲ့ ကုန်သွယ်ဘက်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ကုန်ပစ္စည်းအရည်အသွေး ကြီးကြပ်ရေး၊ စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်မှုအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(AQSIQ)အဖွဲ့ကနေပြီး တော့မှ သမားရိုးကျလယ်ယာထွက်ကုန်များတင်ပို့မှုအပြင် ပို့ကုန်အမယ်သစ်တွေတင်ပို့နိုင်ဖို့အတွက် မင်းကွတ်သီး၊ ကြက်မောက်သီး၊ လိုင်ချီးသီး စတဲ့သီးနှံတွေကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှ လည်းကောင်း၊ သရက်သီး၊ ဖရဲသီး၊ သခွားမွှေး၊ ဇီးသီးများကို နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှလည်းကောင်း တရားဝင်တင်ပို့နိုင်ရေးအတွက် တရားဝင်ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ အခြားသော သစ်သီးဝလံများကိုလည်းပဲ တရားဝင်တင်ပို့ရောင်းချနိုင်ရေးအတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံရဲ့အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)နှင့် ညှိနှိုင်းဆောင်ရွက် ပေးနိုင်ဖို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးကိုလည်းပဲ ညှိနှိုင်းအကြောင်းကြား ဆောင်ရွက်ထားမှုများလည်း ရှိပါတယ်။ နှစ်စဉ်အလှည့်ကျကျင်းပပြုလုပ်လျက်ရှိတဲ့ နယ်စပ် ကုန်သွယ်ရေးပူးတွဲကော်မရှင်(JTC) အစည်းအဝေးများမှာလည်းပဲ ညှိနှိုင်းဆွေးနွေး ဆောင်ရွက် လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကျယ်ပြန့်များပြားတဲ့သီးနှံမျိုးစုံကို အောင်မြင်စွာစိုက်ပျိုးထုတ်လုပ်နိုင်တဲ့ ပထဝီအနေအထားများ ကိုလည်း ပိုင်ဆိုင်ထားပါတယ်။ လယ်ယာထုတ်ကုန်ထုတ်လုပ်မှုအပိုင်းမှာ သီးနှံမျိုးစုံကနေ ဈေးကွက်ဝင်သီးနှံတွေဖော်ထုတ်နိုင်ဖို့၊ အထွက်နှုန်းနဲ့အရည်အသွေးတွေမြင့်လားလာဖို့၊ စိုက်ပျိုးရေး အခြေခံစက်မှုလုပ်ငန်းများလည်း ပေါ်ပေါက်ရေးတို့အတွက်ကိုလည်းပဲ ဦးစားပေးလုပ်ငန်းရပ်များ ဖြစ်ပါတယ်။ မိမိတို့ဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှာရှိတဲ့ မျိုးသန့်ခြံတွေ၊ အကျိုးဆောင် တောင်သူများ၊ တောင်သူအစုအဖွဲ့အလိုက် မျိုးစေ့ထုတ်အသင်းတွေ၊ ပုဂ္ဂလိကကုမ္ပဏီတွေမှ မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ထုတ်လုပ်နိုင်ရေးကို ဆောင်ရွက်လျက်ရှိပြီး နှစ်စဉ်လည်းပဲ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ဈေးကွက်မှာယှဉ်ပြိုင်နိုင်ဖို့အတွက် ကြိုးစားအားထုတ်ရာမှာ ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ဖို့နှင့် ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးအတွက် ဒေသ၊ ရေမြေနှင့် ကိုက်ညီတဲ့ စိုက်ပျိုးနည်းစနစ်များ၊ သီးနှံပုံစံတွေကို တောင်သူနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် တောင်သူတွေပူးပေါင်းပြီး အကျိုးတူ

လယ်ယာစနစ်(Contract Farming System)ကိုလည်းပဲ တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီပါတယ်။ တစ်ဖက်မှာလည်း အရည်အသွေးကောင်း တန်ဖိုးမြှင့်စိုက်ပျိုးရေးထုတ်ကုန်တွေ ထုတ်လုပ်နိုင်မှုမှာ အရေးပါတဲ့ ရိတ်သိမ်းချိန်လွန်နည်းပညာနှင့်စပ်လျဉ်းပြီး သင်တန်းကျောင်းများ၊ သုတေသနဌာနများ တည်ထောင်မှုနှင့်အတူ ရိတ်သိမ်းပြီးနောက်ပိုင်း သီးနှံလေလွင့်ဆုံးရှုံးမှု လျော့နည်းစေဖို့နှင့် သီးနှံတွေရဲ့အရည်အသွေးထိန်းသိမ်းပြီး ပြည်ပဈေးကွက်ထိုးဖောက်နိုင်ဖို့အတွက် ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းတွေကိုလည်းပဲ မိမိတို့ဝန်ထမ်းတွေ၊ စိုက်ပျိုးသူတောင်သူ လယ်သမားတွေနဲ့ ပုဂ္ဂလိကကဏ္ဍမှ ရောင်းဝယ်ဖောက်ကားသူများအတွက်ကို နှစ်စဉ်ဖွင့်လှစ်ပို့ချပေးလျက်ရှိပါတယ်။ သီးနှံများရဲ့ အရည်အသွေးကောင်းမွန်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့ အတွက် ၂၀၁၄-၂၀၁၅ ခုနှစ်မှစတင်ပြီး GAP အသိအမှတ်ပြုလက်မှတ်များရရှိရေးကို ဆောင်ရွက်တဲ့အခါမှာ သရက်၊ ကျွဲကော၊ ဖရဲ၊ သခွားမွှေး၊ ထောပတ်သီး၊ ခရမ်းချဉ်၊ ငရုတ်၊ ဂေါ်ဖီထုပ်၊ ကြက်သွန်နီ၊ စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ၊ ကော်ဖီသီးနှံ ၁၅ မျိုးရဲ့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(မြန်မာ GAP Guide Line)ကို ၂၀၁၇ ခုနှစ်မှာ ထုတ်ပြန်ခဲ့ပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပြီလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးထုတ်ကုန်တွေ အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့်အညီ တင်ပို့နိုင်ရေးမှာ ကုန်သွယ်ဘက်နိုင်ငံတွေရဲ့ လိုအပ်ချက်တွေအရ အစားအစာဘေးအန္တရာယ် ကင်းရှင်းရေးနှင့် အပင်ကျန်းမာရေးဆိုင်ရာထောက်ခံချက်များဖြစ်တဲ့ ပို့ကုန်တွေမှာ ပိုးသတ်ဆေး ဓာတ်ကြွင်းပါဝင်မှုစစ်ဆေးမှု၊ အဆိပ်ဖြစ်စေတဲ့ သတ္တုပါဝင်မှုစစ်ဆေးမှု၊ မှိုအဆိပ်ပါဝင်မှု စစ်ဆေးမှု တို့ကို ထွက်ကုန်အလိုက် သတ်မှတ်ချက်ထက် ကျော်လွန်မှုမရှိစေဖို့ ဓာတ်ခွဲစမ်းသပ်အဖြေထုတ် ထောက်ခံပေးမှုများလည်း ဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့လည်း ဈေးကွက်ဆိုင်ရာ အင်တာနက် Website တွေမှာ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်တွေ၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်တွေ၊ ပြည်တွင်းပြည်ပ ကုန်စည်ဈေးနှုန်းများ၊ အွန်လိုင်းမှ ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားမှုဆိုင်ရာကိစ္စရပ်များနှင့် ကုန်သွယ်မှုဆိုင်ရာ မေးမြန်း၊ ဖြေကြားတဲ့ကဏ္ဍများ ပြည့်စုံအောင် ထည့်သွင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ ကုန်သွယ်မှုဗဟိုဌာန ၁၂ ခုကို ဖွင့်လှစ်ထားပြီး ဈေးကွက် သတင်းအချက်အလက်တွေဖြန့်ဝေခြင်း၊ ဒေသဆိုင်ရာထုတ်ကုန်တွေရဲ့ သတင်းအချက်အလက်တွေကို စုစည်းတင်ပြခြင်းများလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အတူပဲ အစိုးရနှင့်ပြည်သူ

ဟန်ချက်ညီပူးပေါင်းဆောင်ရွက်မှုတွေအဖြစ် တောင်သူလယ်သမားတွေ၊ ပုဂ္ဂလိကစိုက်ပျိုးရေး ကုမ္ပဏီများနှင့် စိုက်ပျိုးရေးဝါသနာရှင်များအတွက် စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ GAP ကျင့်စဉ်များကို Website မှာတင်ထားတဲ့အပြင် Call Center တွေဖွင့်လှစ်ပြီး လိုအပ်တဲ့သတင်းအချက်အလက်များကိုလည်းပဲ ဖြန့်ဝေပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အရည်အသွေးပြည့်ဝတဲ့ ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံတွေ ထုတ်လုပ်နိုင်ဖို့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆောင်ရွက်ရာမှာ လုပ်ငန်းစဉ်ဟာ ကြီးမားပြီး ကျယ်ပြန့်ပါတယ်။ လုပ်ငန်းအစီအမံတွေကို အဆင့်လိုက်မြှင့်တင်ဆောင်ရွက်သွားနိုင်မှသာ ထိရောက်အောင်မြင်နိုင်မှာဖြစ်ပါတယ်။ လက်ရှိဒေသအတွင်းနိုင်ငံများနှင့် မိမိတို့နိုင်ငံရဲ့အနေအထား ယှဉ်တွဲလေ့လာကြည့်မယ်ဆိုရင် ကွာဟချက်တွေ ရှိနေဆဲလည်းဖြစ်ပါတယ်။ သို့သော်လည်းပဲ မိမိတို့ ဝန်ကြီးဌာနများအနေနဲ့ ရှိရင်းစွဲအရင်းအမြစ်တွေကို အကောင်းဆုံးအသုံးချပြီးတော့ အရည်အသွေး ပြည့်ဝတဲ့ ဈေးကွက်ဝင်စိုက်ပျိုးရေးထွက်ကုန်သီးနှံများထုတ်လုပ်နိုင်ဖို့အတွက် စိုက်ပျိုးထုတ်လုပ်သူ များ၊ ကုန်သည်အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများ ဟန်ချက်ညီညီဖြစ်စေဖို့ အတွက် မိမိတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အခြားဆက်စပ်ဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေတဲ့အခြေအနေဖြစ်သလို လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ အကြံပြုသုံးသပ်ဆွေးနွေးချက်များနဲ့ပါ မှတ်သားလေ့လာပြီး တော့မှ ပေါင်းစပ်ညှိနှိုင်း၍ အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်တဲ့ အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုအား မှတ်တမ်းတင်ထားရှိပေးနိုင်ပါရန် ရှင်းလင်းတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီအဆိုကို တင်သွင်းခဲ့စဉ်ကတည်းကအတိုင်း ရည်ရွယ်ချက်တွေကိုလည်း ကျွန်တော်ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ တကယ်တော့ ဒီအဆိုကို အတည်ပြုလိုက်မယ်ဆိုရင် တစ်နိုင်ငံလုံးမှာရှိတဲ့ စိုက်ပျိုးရေးလုပ်ကိုင်တဲ့ တောင်သူလယ်သမားတိုင်း

က ဝမ်းသာပီတိဖြစ်နေကြမှာ ဖြစ်ပါတယ်။ အဆိုရဲ့အဓိကဆိုလိုရင်းကလည်း စိုက်ထားတဲ့သီးနှံအားလုံးကို ဈေးကောင်းအောင်လုပ်ပေးဖို့ ပြောတာမဟုတ်ပါဘူး။ ပြည်တွင်းပြည်ပဈေးကွက်တွေရှာဖွေပေးပြီးတော့ ဈေးကွက်ခိုင်မာမှုရှိတဲ့သီးနှံတွေရဲ့စာရင်းကို ရာသီအလိုက်ပဲဖြစ်ဖြစ် နှစ်အလိုက်ပဲဖြစ်ဖြစ် စိုက်ပျိုးရေးလုပ်ကိုင်တဲ့ ကျွန်တော်တို့တောင်သူလယ်သမားတွေကို အသိပေးဖို့အတွက် ဆိုလိုခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော့်အဆိုကို စပြီးတင်သွင်းခဲ့တုန်းကလည်း ပွင့်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းက ထောက်ခံဆွေးနွေးခဲ့သလို ဒီကနေ့ လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးကလည်း ကိုယ်မဲဆန္ဒနယ်မှာရှိတဲ့၊ ကြုံတွေ့နေရတဲ့ ကြုံတွေ့ချက်တွေကို ကဏ္ဍပေါင်းစုံကနေပြီးတော့ အမြင်အမျိုးမျိုးနဲ့ ရှင်းလင်းတင်ပြသွားပြီးလည်း ဖြစ်ပါတယ်။ အဲဒီလိုပါဝင်ဆွေးနွေးပေးတဲ့အတွက်လည်း တောင်သူလယ်သမားများရဲ့ကိုယ်စား ကျေးဇူးအထူးတင်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်တော့ ဈေးကွက်ခိုင်မာမှုရှိတဲ့ သီးနှံစာရင်းလေးကို ချပြပေးဖို့ပဲဖြစ်ပါတယ်။ ဥပမာပြောရရင် ကျွန်တော်တို့မကွေးတိုင်းဒေသကြီးမှာဆိုလို့ရှိရင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ကိုယ်တိုင် တာဝန်ရှိတဲ့ဝန်ကြီးဌာနတွေနဲ့ပေါင်းစပ်ပြီးတော့ သီးနှံဈေးကောင်းဖို့အတွက် ကြိုးစားနေရတာ တစ်နိုင်ငံလုံးက အသိပါပဲ။ ဥပမာပြောရရင်တော့ စမုံနက် နှမ်း ပတ်သက်ပြီးတော့ မကွေးတိုင်းဒေသကြီးက ထွက်တဲ့ စမုံနဲ့နှမ်းတွေကို GAP စနစ်နဲ့ စိုက်လို့ ဓာတ်ကြွင်းမကျန်ဘူးဆိုလို့ရှိရင် မကွေးတိုင်းဒေသကြီးက ထွက်တဲ့ စမုံနက်နှမ်းအားလုံးကို ဂျပန်ကဝယ်မယ်ဆိုပြီးတော့ တရားဝင်ကြေညာထားတာ တောင်သူတွေလည်း သိနေပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့မကွေးတိုင်းဒေသကြီးမှာဆိုရင် စမုံနက်နှမ်းကို အားထည့်ပြီးတော့ စိုက်ပျိုးနေကြပါတယ်။ အဲဒီလိုပဲ မကွေးတိုင်းေဒသကြီးမှာဆိုရင် လျှော်ဖြူဈေးကွက်ရဖို့၊ နောက်ပြီးတော့ ဒန့်ဒလွန်စေ့ဈေးကွက်ရဖို့။ ဒါတွေနဲ့ပတ်သက်ပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဈေးကွက်တွေရှာဖွေပေးနေတာ ဖြစ်ပါတယ်။ အဲဒီလို ကျွန်တော်အဆိုတင်ရခြင်းရဲ့ရည်ရွယ်ချက်ကလည်း ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ(ခ)မှာဆိုရင် နိုင်ငံတော်သည် တောင်သူလယ်သမားများရဲ့စိုက်ပျိုးထုတ်လုပ်တဲ့သီးနှံများကို သင့်တင့်မျှတတဲ့တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်လို့ပြဋ္ဌာန်းထားတဲ့အတွက် ပြည်သူကရွေးချယ်ပေးလိုက်တဲ့ ပြည်သူ့အစိုးရအနေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့အဓိက ၇၀ ရာခိုင်နှုန်းဖြစ်တဲ့ ကျေးလက်နေပြည်သူတွေရဲ့တောင်သူတွေရဲ့ဘဝကို မြှင့်တင်နိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်ပေးလိမ့်မယ်လို့လည်း ယုံကြည်သလို ကျွန်တော်တို့ပြည်သူ့လွှတ်တော်မှာရှိတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေကလည်း ကျွန်တော်တို့နိုင်ငံ

မူကြမ်း

ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျတဲ့ တောင်သူလယ်သမားတွေရဲ့ဘဝကို နည်းမျိုးစုံနဲ့ ပံ့ပိုးပေးနိုင်ဖို့ လွှတ်တော်ထဲမှာ ကဏ္ဍပေါင်းစုံကနေ ဆွေးနွေးနေကြတာလည်း အားလုံးအသိပဲဖြစ်ပါတယ်။ ဒါကြောင့် အမှန်အတိုင်းပြောရလို့ရှိရင် မှတ်တမ်းပဲတင်မလား၊ မှတ်တမ်းတင်စောင့်ကြည့်မလား၊ အတည်ပြုရမလားဆိုတာ ဝေခွဲ၍မရ ဖြစ်နေပါတယ်။ အစိုးရကလည်း အခက်အခဲမဖြစ်စေချင်သလို ကျွန်တော်တို့ပြည်သူတွေရဲ့လိုအပ်ချက်တွေကိုလည်း မျက်နှာလွှဲခဲပစ်လုပ်သလို မဖြစ်စေချင်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ရဲ့နိုင်ငံ့ခေါင်းဆောင်တွေ၊ ပညာရှင်တွေ ဆုံးမထားသလိုပဲ။ ဆုံးဖြတ်ရဖို့ အခက်အခဲကြုံလာလို့ရှိရင် တိုင်းပြည်နဲ့လူမျိုးအတွက်ကို ကြည့်ပြီးတော့ ရဲရဲဆုံးဖြတ်ပါလို့ပြောတဲ့ အတိုင်း ကျွန်တော်တို့နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားတွေရဲ့အကျိုးစီးပွားကို ကြည့်ပြီးတော့ ကျွန်တော်တင်သွင်းသောအဆိုအား အတည်ပြုပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦးက ဆွေးနွေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်စောင့်ကြည့်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ အဆိုရှင်ရဲ့ သဘောထားကွဲလွဲတဲ့အတွက် ဦးဝင်းဝင်း တင်သွင်းသွားတဲ့အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒပြုတဲ့နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်အပေါ်မှာ မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံဆန္ဒမဲများလျှင် အဆိုရှင်ရဲ့ အတည်ပြုရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်ဆန္ဒမဲများလျှင် ဝန်ကြီးဌာနရဲ့မှတ်တမ်းတင်စောင့်ကြည့်ရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၁၇၂ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၃၁ မဲ၊ ကြားနေဆန္ဒမဲမရှိပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ကိုယ်စားလှယ်ဦးရေက များတဲ့အတွက် ဦးဝင်းဝင်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားပါမယ်။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်း အဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၁၅း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ (၂၁.၅.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




**U Hla Kyaw** **U Kyaw Gyi**




**U Hla Kyaw** **U Lwin Ko Latt**




**U Hla Kyaw** **U Tun Wai**




**U Maung Maung Win** **Daw Cho Cho Win**




**U Maung Maung Win** **U Moe Shwe**




**U Maung Maung Win** **U Nay Linn Aung**

pyithu.hluttaw.mm



U Maung Maung Win



Daw Khin San Hlaing

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်